မြန်မာ့အလင်း

အတွဲ (၅၂)
အမှတ် (၂၉၁)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်

၂၀၁၃ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ အင်္ဂါနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ တန်ခိုးကြီး ဘုရား၊ ပုထိုး၊ စေတီများ၌ ကုသိုလ်ပုညပြုကြသူများဖြင့် စည်ကား

နေပြည်တော် ဇူလိုင် ၂၂

ယနေ့ ဝါဆိုလပြည့်နေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး လိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာ ကျောက်စိမ်း ရုပ်ပွားတော်မြတ်များ အား ပဉ္စမအကြိမ် ဝါဆိုရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို အဆိုပါ စေတီတော်လိုဏ်အတွင်း ကျင်းပရာ တာဝန်ရှိသူများက ဗုဒ္ဓပဋိမာ ကျောက်စိမ်းရုပ်ပွားတော်များ နှင့် စေတီတော်အရှေ့မြောက်ထောင့် အရပ်ရှိ မဟာဆုတောင်းပြည့်ရုပ်ပွား တော်မြတ်ကြီးအား ဝါဆိုရွှေကြာ သင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စေတီဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် နေပြည်တော် ကောင်စီ နယ်မြေ တပ်ကုန်းမြို့နယ် ငွေတောင် တောရကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသိရီထံမှ ဒည့်ပရိသတ်များ က ကိုးပါးသီလ ခံယူဆောက်တည်ကြ ပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျောင်း တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇဋိန္ဒထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်း ချ အမျှပေးဝေကြသည်။

ယနေ့သည် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) အခါသမယ ဖြစ်သည်နှင့်အညီ နေပြည်တော်ရှိ ဘုရား၊ ပုထိုးစေတီတော်တို့၌ ဗုဒ္ဓပူဇနိယပွဲတော်များကို ကျင်းပလျက်ရှိ ရာ ကုသိုလ်ပုညပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ညနေ ၄ နာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော် လိုဏ်ဂူတော်အတွင်း ၌ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ မြို့နယ်များမှ ဝတ်အသင်း အဖွဲ့များ၊ နေပြည်တော်တိုင်းစစ်ဌာန ချုပ်လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့ များမှ ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာဒေသနာတော်နှင့် ပရိတ်တော် များကို ရွတ်ဖတ်ပူဇော်ကြပြီး အနယ်နယ် အရပ်ရပ်မှ လာရောက်ကြသော ဘုရားဖူးလာပြည်သူများဖြင့် အထူး စည်ကားလျက်ရှိသည်။

ညပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ပြင်၌ ဘုရားရှင်အားရည်မှန်း၍ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား နေပြည်တော် ကောင်စီဝင်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်း အဖွဲ့များက ဆီမီး ၉၀၀၀ ဖြင့် ထွန်းညှိ ပူဇော်ခြင်း၊ ဗုဒ္ဓဒေသနာတော်များ ရွတ်ဆိုပူဇော်ခြင်း၊ ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်း၍ ဒါနသီလ၊ ကုသိုလ်ပုညပြုကြသူများ၊ သမထ၊ ဝိပဿနာ ဘာဝနာပွားများ ကြသူများဖြင့် အထူးစည်ကားလျက် ရှိသည်။

အလားတူ နေပြည်တော်ကောင်စီ နယ်မြေ ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဓာတု

စာမျက်နှာ ၈ ကော်လံ ၁ ❄

လေးဆူဓာတ်ပုံ မြတ်ရွှေတိဂုံ စေတီတော်မြတ်ကြီးတွင် ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားများပြားလျက် ရှိသည်ကို တွေ့ရစဉ်။

ယနေ့

မာ တိ ကာ

ကချေသည် ၂၀၀၀ ကျော်ဖြင့် ကမ္ဘာ့စံချိန်သစ် မြစ်ကမ်းခြေအက

စာမျက်နှာ-၄

အသက်ရှည်ကျန်းမာ လိုပါက ဒိန်ချဉ် သောက်သုံးပါ

ဆောင်းပါး စာမျက်နှာ-၆

လေယာဉ်လက်မှတ်များနှင့် လေယာဉ် စင်းလုံးငှားရမ်းမှုများ ကြိုတင် ဆက်သွယ်နိုင်

စာမျက်နှာ-၇

အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

နေပြည်တော်ရှိ ဗုဒ္ဓဂယာ သို့မဟုတ် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်သို့ လာရောက်ဖူးမြော်စေချင်သည်

စာရေးသူတို့မိသားစုသည် အားလပ်ရက်နေ့ဖြစ်သည့် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်သော ဝါဆိုလပြည့်နေ့က တန်ခိုးတေဇာ၊ သာသနာရောင်ဝါ၊ နေလိုလင်းလျက် သတင်းကျော်စော၍ အမြို့မြို့၊ အနယ်နယ်မှ လူ၊ ရှင်ရဟန်း၊ သံဃာများ သွားလာဖူးမြော်ကြသဖြင့် အလွန်စည်ကားသည့် နေပြည်တော်ဗုဒ္ဓဂယာ သို့မဟုတ် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်သို့ သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာကို မသွားရောက်နိုင်ကြသော ပြည်သူများအတွက် ရည်စူးကာ နိုင်ငံတော်မှ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာတော်ကြီးများ၊ အတတ်ပညာရှင်နှင့် အသိပညာရှင်များ၊ အလှူရှင်များကပူးပေါင်း၍ အိန္ဒိယနိုင်ငံရှိ မဟာဗောဓိစေတီတော်ပရိဝုဏ်အတွင်းမှ သတ္တသတ္တာဟခုနစ်ဌာနနှင့် ပုံစံတူနေပြည်တော်၌ ဗုဒ္ဓဂယာ သို့မဟုတ် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးကို သပ္ပာယ်စွာ တည်ဆောက်ထားခြင်းဖြစ်သည်။

အဆိုပါ နေပြည်တော်ဗုဒ္ဓဂယာ သို့မဟုတ် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်သို့ သွားရာကားလမ်းသည် မြေပြန့်ရှိကားလမ်းများလို မဟုတ်ပါ။ တောင်ကုန်း၊ တောင်တန်း၊ တောင်စွယ်များ၊ အကွေ့အကောက်များရှိသည့်အတွက် တက်လိုက်ဆင်းလိုက်ကွေ့လိုက်ဖြင့် သဘာဝပတ်ဝန်းကျင်၏ တည်ငြိမ်မှု၊ လှပမှု၊ သာယာမှုတို့ကိုကြည့်ရှုခံစားရင်း စိတ်လက်ပေါ့ပါးလန်းဆန်းတက်ကြွလာမိသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကမ္ဘာလောကကြီးလှပဖို့ သစ်ပင်စိုက်ပျိုးစို့

အတိုင်းအဆမရှိကျယ်ပြောလှသော စကြဝဠာကြီးထဲတွင် သက်ရှိသတ္တဝါများ ရှင်သန်နိုင်သော ဂြိုဟ်ကမ္ဘာသည် ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာမြေကြီးဖြစ်သည်။ လူသားတို့သည် ဤကမ္ဘာတွင် လူဖြစ်ရသည်မှာ အလွန်ပင်ကံကောင်းသည်။ ကမ္ဘာကြီးတွင် လူသားများအပါအဝင် သက်ရှိသတ္တဝါများ ရှင်သန်နိုင်အောင် ရေ၊ လေ၊ မြေနှင့်သစ်ပင်တောတောင်များ စိမ့်စမ်းများသည် အသီးသီးဖြစ်ထွန်း ပေါ်ပေါက်နေသောကြောင့်ဖြစ်သည်။ ကမ္ဘာ့ရေထု၊ လေထု၊ သစ်ပင်တောတောင် ရေမြေပထဝီဝန်းကျင်ထဲတွင် လူသားတို့ ပူပင်သောက နည်းပါးစွာဖြင့် အသက်ရှင်နေထိုင်လာခဲ့ကြရာ အထူးသဖြင့် ဩကာသလောကကြီးတစ်ခုလုံးကို စိတ်ရွှင်မြူးနေချင်စဖွယ်ဖြစ်အောင် အဓိက ဖန်တီးပေးနေသည့်အရာမှာ ကမ္ဘာလောကတစ်ခုလုံး ထာဝရအလှဆင်နေသော သစ်ပင်ပန်းမန်များပင် ဖြစ်သည်။

အရိပ်ပင်စိုက်က အရိပ်ရသည်၊ အသီးပင်စိုက်က အဟာရပေးမည်၊ အပွင့်ပင်စိုက်က လှပတင့်တယ်သည်၊ သစ်ပင်တောတောင်ရေမြေ မည်သည့်လူသားတို့အတွက် သုံးမကုန်အောင် သယံဇာတများကိုပေးသောကြောင့် သက်ရှိမှန်သမျှတို့သည် သစ်ပင်သစ်တောကိုအမှီပြု၍ ရှင်သန်ရပ်တည်ကြသည်။ ဥတုရာသီတောကိုမှီဆိုသောစကားအတိုင်း သစ်ပင်တောတောင်ရေမြေသည် ရာသီဥတုသဘာဝပတ်ဝန်းကျင်ကို ထိန်းကျောင်းပေးနေသည်။ တောင်တန်းစိမ့်စမ်းတို့ ကင်းမဲ့သောနေရာဒေသသည် ကန္တာရအတိဖြစ်ပေသည်။ ယနေ့အခါတွင် တောမီးလောင်ခြင်း၊ လူတို့၏ လောင်စာလိုအပ်ချက်အရ အလွန်အကျွံထင်းအဖြစ်ခုတ်ယူခြင်းတို့ကြောင့် သစ်တောပြုန်းတီးမှုများဖြစ်ပေါ်ကာ ကမ္ဘာ့နေရာအနှံ့အပြားတွင် လွင်တီးခေါင်ကန္တာရများ ပေါ်ထွန်းလျက် ကမ္ဘာကြီးပူနွေးမှုနှင့် ရင်ဆိုင်လာကြရပေသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့ရေနွေး-ရေအေးစီးကြောင်းများ ပြောင်းလဲလာပြီး သမုဒ္ဒရာရေစီးကြောင်းများ ပြောင်းလဲလာသည်။ သမုဒ္ဒရာရေစီးကြောင်းပြောင်းလဲမှုနှင့်အတူ ပင်လယ်ရေပြင်မြင့်တက်လာခြင်း၊ မြစ်ရေကြီးခြင်း၊ ပြင်းထန်သောမုန်တိုင်းများတိုက်ခတ်ခြင်းများဖြစ်ပေါ်ပြီး ကမ္ဘာ့နေရာအနှံ့အပြားတွင် နွေရာသီ၌ အပူချိန်မြင့်မားစွာခံစားရခြင်း၊ နှင်းမုန်တိုင်းများ ကျရောက်ခြင်း၊ သဲနုန်းများ ရေတိုက်စားမှုနှင့်အတူ မိုးရေချိန် မြင့်မားလွန်းသောကြောင့် ရေကြီးခြင်း၊ နှင်းပျောက်သောဆောင်းရာသီများဖြစ်ပေါ်ခြင်းစသည်ဖြင့် ရာသီဥတု ဆိုးရွားမှုဒဏ်ကို ခံစားကြရသည့်အပြင် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့ရသည်။ မြေလျှောလျှပ်ခြင်း၊ မြေပြိုခြင်းစသော ကြောက်မက်ဖွယ်ကောင်းသော သဘာဝဘေးဒဏ်များကို ခံစားရကာ လူသားတို့၏ မြို့ပြများ၊ လယ်ကွင်းများ၊ အိုးအိမ်အဆောက်အအုံများ ဆုံးရှုံးလျက် လူသားများစွာ၏ အသက်များစွာဆုံးရှုံးပြီး ဝမ်းနည်းကြေကွဲဖွယ်အဖြစ်ဆိုးများနှင့် ကြုံခဲ့ကြရပေသည်။

ထိုကဲ့သို့သော အဖြစ်ဆိုးများမှ ကာကွယ်နိုင်ရန်အတွက် ကမ္ဘာမြေစိမ်းလန်းစိုပြည်ရေး ကြိုးပမ်းရန်မှာ လူသားတိုင်း၏ တာဝန်ပင်လျှင်ဖြစ်ပေသည်။ သို့ဖြစ်ရာ ကမ္ဘာနှင့်အဝန်း သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုကိုထိန်းသိမ်းနိုင်စေရေးအတွက် သစ်ပင်တောတောင်ရေမြေနှင့်တကွ သဘာဝမျိုးစိတ်မျိုးကွဲများ ပျက်သုဉ်းပျောက်ကွယ်မှုမရှိရေး အားကြိုးမာန်တက် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

ပြည်တွင်းသတင်း

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ထောက်ကြန့်ကျေးရွာ အထက်တန်းကျောင်းဖွင့်ပွဲ တက်ရောက်အားပေး

ကလေး ဇူလိုင် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများလိုက်ပါ၍ ထောက်ကြန့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဖွင့်ပွဲသို့ တက်ရောက်အားပေးချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထောက်ကြန့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဖွင့်ပွဲကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဇော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အထက်တန်းကျောင်းမှန်ဦးဆိုင်းဘုတ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ကျောင်းဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြား၍ ကျောင်းဖွင့်ပွဲအထိမ်းအမှတ်အလှူငွေများကို ကျောင်းအုပ်ဆရာကြီး ဦးဝင်းမောင်က ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ အမှတ်တရ ပေးအပ်ကြသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်က စာသင်ကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ အလှူရှင် ဦးမြင့်နိုင်စိုးနှင့်ဇနီး ဒေါ်နန်းအေးအေးသန်းမိသားစုတို့က ကျောင်းအတွက် ကွန်ပျူတာနှစ်စုံ၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးက ကျောင်းသုံးဗလာစာအုပ်များနှင့် ခဲတံများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အားကစားပစ္စည်းများ၊ သာယာဝတီကျေးရွာမှ ပြည်သူများက ချင်းရိုးရာမင်္ဂလာအိုးတစ်လုံးကို လှူဒါန်းပေးအပ်ကြရာ ကျောင်းအကျိုးတော်ဆောင် ဦးမြင့်လွင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းတို့အဖွဲ့က လက်ခံရယူခဲ့ကြ၍ ကျောင်းကော်မတီ ဦးဖေသိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သျှင်နေမင်း

နှစ်ပေါင်း ၂၀၀ နီးပါးသက်တမ်းရှိ မာန်အောင်ရွှေကူစေတီတော် ပြိုကျမည်ကို စိုးရိမ်နေ

ထင်သာမြင်သာ ပြုပြင်စရာ

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် မူးဝရွာရှိ နှစ်ပေါင်း ၁၈၂ နှစ်သက်တမ်းရှိ ကင်းဝန်မင်းကြီး မဟာမင်းလှကျော်စွာ တည်ထားတော်မူသည့် အမြင့် ၇၄ တောင် နှစ်မိုက်၊ လုံးပတ်တော် ၁၅၅ တောင်ရှိသည့် စေတီတော်ကြီးသည် ရာသီဥတုဒဏ်နှင့် မူးမြစ်ရေ တိုက်စားမှုဒဏ်ကြောင့် ပြိုကျတော့မည့်အခြေအနေသို့ ရောက်ရှိနေသဖြင့် ဒေသခံများ စိတ်ပူနေကြရကြောင်း သိရသည်။

အဆိုပါ စေတီတော်ကြီးရှိ အရှုံခံဇရပ်၊ ကျောက်စာတိုင်၊ ဂန္ဓကုဋိတိုက်အထက် သစ်သားပြာသာဒ်ဆောင်ကြီးနှင့် နတ်သား နတ်သမီး ခနှစ်ပါးကျောက်ဆင်းတု၊ ရေကန်ကြီး တစ်ကန်နှင့် မုခ်ဝများရှိ ခြသေ့ လေးကောင်သည် ကမ်းပါးပြိုကျစဉ် မူးမြစ်အတွင်း တစ်စတစ်စ ဝင်ရောက်သွားကြပြီဖြစ်သည်။ ဝလျင်ဒဏ်ကြောင့် စေတီတော်သည် ကွဲအက်နေပြီး မြစ်ရေတိုက်စားမှုအတွက် မူးဝရွာထောင်အုပ်စုမှ ပြည်သူများက မျောတိုင်ငါးဆင့်တန်းစိုက်ကာ ဝါးကပ်များကပ်၍ သွပ်နန်းကြိုးဖြင့် ချည်နှောင်ပြီး အုတ်ကျိုးများ၊ သဲအိတ်များဖြင့်ခုခံကာ ရေတိုးချိန်တွင် ရေတိုက်စားမှုဒဏ်ကို ကာကွယ်ထားခဲ့ရသည်မှာ တစ်နှစ်ပြည့်ခဲ့ပြီဖြစ်ရာ ယခုအချိန်တွင် မျောတိုင်နှင့် ဝါးကပ်များပျက်စီးကာ ယိုင်လဲနေပြီ ဖြစ်သည်။

ယမန်နှစ်က မူးဝကျေးရွာသူ တစ်ဦး ကမ်းပါးထိပ်ရေတိုက်စားမှုဒဏ်ခံနေရပြီး မကြာမီပြိုကျနိုင်သည့် စေတီတော်ကြီးကို စိတ်မကောင်းစွာ ငေးကြည့်နေစဉ် ကမ်းပါးပြိုကျ၍ တစ်ကိုယ်လုံးမြေဖုံးအုပ်ခံရစဉ် လူအများမြင်တွေ့ကူညီနိုင်၍သာ အသက်ချမ်းသာရာရခဲ့ခြင်းဖြစ်ရာ အဆိုပါ မူးဝကျေးရွာ၏ စေတီတော်ကြီး အနာဂတ်မှာ အလွန်ပင် စိုးရိမ်စရာဖြစ်နေရကြောင်း ဒေသခံများက ပြောကြားသည်။

သို့ဖြစ်ပါ၍ သမိုင်းဝင်စေတီတော်တစ်ဆူမြစ်အတွင်း ရေပါသွားမည့်အရေး ကြိုတင်ကာကွယ်ရေးအတွက် သက်ဆိုင်ရာမှတစ်ဆင့် အမြန်ဆုံးကူညီ ဆောင်ရွက်ပေးသွားနိုင်ရန် ဒေသခံများက အားကိုးမျှော်လင့်နေကြကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ကိုကိုနိုင်(မြင်းမူ)

ဆေးကုသမှုခံယူနေသောလူနာနှင့် လူနာစောင့်များကို အာဟာရလှူဒါန်း

နေပြည်တော် ဇူလိုင် ၂၂

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် နေသိဒ္ဓိရပ်ကွက်ရှိ သဒ္ဓမ္မဝေပုလ္လ ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဦးစာရိတ္တနှင့် တပည့်သာဝကများသည် ဇမ္ဗူသီရိမြို့နယ် ခုတင် ၁၀၀၀ ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများနှင့် လူနာစောင့်များကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက (၂၃၆) ကြိမ်မြောက် အာဟာရဒါနလှူဒါန်းကြောင်း သိရသည်။

ဆရာတော်သည် ခုတင် ၁၀၀၀ ဆေးရုံ၌ အာဟာရဒါနလှူဒါန်း လာသည်မှာ ငါးနှစ်ပြည့်ရန် လေးပတ်သာလိုတော့ပြီး ဆွမ်းအလှူကို ခုနစ်ရက်သား သမီးများ ကုသိုလ်ပါဝင်နိုင်စေရေးအတွက် တနင်္ဂနွေနေ့တိုင်း ဆွမ်းခံကြွပြီး ရရှိလာသော ဆွမ်းများကိုလည်း ထည့်သွင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်သူရ(နေပြည်တော်)

ရွှေသင်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား မျက်စိခွဲစိတ် ကုသိုလ်ပြုပေး

ရမည်းသင်း ဇူလိုင် ၂၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာမှ အဘိုးအဘွား ခြောက်ဦးတို့အား နေပြည်တော်မှ ဒေါ်အေးမိဇင်ဝင်း၊ ဒေါ်ဇာခြည်ဇင်ဝင်း၊ ဒေါ်မေဇင်ဝင်း မြင့်မိသားစုနှင့် သမက-၂/၂၀၀၅ ဝန်ထမ်းများသည် ဇူလိုင် ၂၀ ရက်က နေပြည်တော်ပိဗ္ဗလိရှင်း မျက်စိအထူးကုဆေးခန်း နေပြည်တော်၌ ခွဲစိတ်ကုသဒါနပြုခဲ့ကြကြောင်း သိရသည်။

ဇူလိုင် ၂၁ ရက်က အလှူရှင်မိသားစုမှ အဘိုးအဘွားများကို ရွှေသင်းဘိုးဘွားရိပ်သာသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး အမှုဆောင်အဖွဲ့မှလည်း ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝမ်းသာ

မျက်စိကုသမှုခံယူသော အဘိုးအဘွားများကလည်း မျက်စိအလင်းဓာတ်ရရှိပြီဖြစ်သောကြောင့် အလှူရှင်များကို ကျေးဇူးတင်ရှိကြောင်းနှင့် ဆုတောင်းမေတ္တာများပို့သလျက် ဝမ်းသာပီတိဖြစ်နေကြကြောင်း သိရသည်။

တင်ဦး(ရမည်းသင်း)

ပြည်တွင်းသတင်း

■ *ကျောဖုံးမှ*

မြန်မာနိုင်ငံအနေနဲ့ ပြည်တွင်းမှာ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေဟာ ဘာသာရေးဖြစ်ရပ်မဟုတ်ဘဲ ဒေသတစ်ခုအတွင်း လူမျိုးစုနှစ်စုအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ သီးခြားဖြစ်စဉ်တစ်ခုလို့သာ သတ်မှတ်ရပ်တည်ခဲ့ပါတယ်။ သို့သော်လည်း အင်ဒိုနီးရှား၊ မလေးရှားမှာဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်တွေ၊ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှာ ဗုံးခွဲတိုက်ခိုက်တဲ့ဖြစ်စဉ်တွေ ဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံရဲ့ ပြဿနာကို ဒေသတွင်း အခြားနိုင်ငံတွေကို ပျံ့နှံ့လာပြီဆိုပြီး ဝေဖန်မှုများလည်း ထွက်ပေါ်လာပါတယ်။ ဒါကြောင့်မို့ ကုလသမဂ္ဂမျက်နှာစာမှာ အိုအိုင်စီရဲ့ ကြိုးပမ်းအားထုတ်မှုတွေကြောင့် မြန်မာနိုင်ငံအပေါ်မှာ နိုင်ငံရေးအရ ဖိအားပေးမှုတွေ ပေါ်ပေါက်လာခဲ့ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုနဲ့ ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ကို အရှိန်အဟုန်နဲ့ ကူးပြောင်းဆောင်ရွက်နေချိန်မှာ ဘာသာရေးအပေါ် အခြေခံပြီး မတည်ငြိမ်မှုများ ပေါ်ပေါက်လာပါက နိုင်ငံတော်ရဲ့ ဦးတည်ရည်မှန်းချက်ရေးရှုရာမှာလည်း မလိုလားအပ်သော နှောင့်နှေးမှုများ၊ အကျပ်အတည်းများ ပေါ်ပေါက်လာနိုင်ပါတယ်။ အလားတူပဲ နိုင်ငံတကာမှာ မြန်မာနိုင်ငံရဲ့ အသွင်ကူးပြောင်းမှုကို စံနမူနာပြအဖြစ် အများက ရှုမြင်အားပေးနေချိန်မှာ မလိုလားအပ်သော နိုင်ငံရေးဖိအားပေးမှုများ ပေါ်ပေါက်စေနိုင်တဲ့အတွက် နိုင်ငံတော်ရဲ့ပုံရိပ်ကို ထိခိုက်စေပါတယ်။ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာကိုလည်း ကျဆင်းစေနိုင်တဲ့အတွက် ပြည်သူတစ်ရပ်လုံးက ထိုကဲ့သို့ဖြစ်ရပ်များ ထပ်မံမပေါ်ပေါက်စေရေးအတွက် စည်းလုံးညီညွတ်စွာနဲ့ ထိန်းသိမ်းဆောင်ရွက်သွားကြဖို့ လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ

ဒီမှာရှိတဲ့ လက်ရှိရှိနေတဲ့သူတွေကို စိစစ်ဖို့အတွက် ၂၀၁၂ ခုနှစ် ဧပြီလ ၂၆ ရက်နေ့မှာ တစ်နိုင်ငံလုံးမှာရှိတဲ့ ဝန်ထမ်းအင်အားနဲ့ အဖွဲ့ ၆၃ ဖွဲ့နဲ့ မြို့နယ် ၁၄ခုမှာ တစ်ပြိုင်နက်တည်း ဆောင်ရွက်ခဲ့ပါတယ်။ မြေပြင်မှာရှိတဲ့ ဘင်္ဂါလီများကို တွေ့ဆုံပြီး ကျွန်တော်တို့လုပ်ချင်တဲ့ ဆွဲတင်စစ်ဆိုတာကို လုပ်ခဲ့တယ်။ လူဦးရေစာရင်းတွေ မှန်မမှန်စိစစ်

ပြည်ထောင်စုဝန် ကြီး ဦးဝဏ္ဏမောင်လွင်။

မယ်။ အိမ်ထောင်စုစာရင်း စစ်တဲ့သဘောပါပဲ။ ဆွဲတင်စစ်လုပ်ငန်းရဲ့ ရည်ရွယ်ချက်ကတော့ မွေးစာရင်းမရှိသေးတဲ့ကလေးကို မွေးစာရင်းသွင်းပေးမယ်။ ဆုံးသွားတဲ့လူတွေ ရှိရင်လည်း ဒီစာရင်းကနေ ပယ်ဖျက်မယ်။ တိုးလာတဲ့လူတွေရှိရင်လည်း ဒီစာရင်းမှာ ဖြည့်သွင်းမယ်။ ပြောင်းနေတာရှိရင်လည်း လဲပေးမယ်။ ဒီအချက်ငါးချက်ကို ဆောင်ရွက်တာဖြစ်တဲ့အတွက် ဘာမှ ရှုပ်ရှုပ်ထွေးထွေးနဲ့ အစစ်ဆေးမခံနိုင်စရာ မရှိဘူး။ အစစ်ဆေးမခံနိုင်တဲ့ကိစ္စ မဟုတ်ဘူး။ အဲဒီမှာရှိတဲ့ အဖွဲ့တွေကို ကျွန်တော်တို့ ရှင်းပြတယ်။ ဘင်္ဂါလီအဖွဲ့တွေနဲ့ တွေ့တယ်၊ တစ်ပတ်မှာ သုံးကြိမ် ကျွန်တော်တို့တွေ့တယ်။ ရခိုင်တိုင်းရင်းသားတွေနဲ့တွေ့တယ်။ ကြားခံဆောင်ရွက်မယ့် အဖွဲ့တွေနဲ့ တွေ့တယ်။ မအောင်မြင်ပါဘူး။

အလားတူပဲ ဒုတိယဝန်ကြီး ဦးစီးတဲ့ လှုပ်ရှားအဖွဲ့ ဖွဲ့ပြီး ရခိုင်ပြည်နယ်တစ်ကြောကို စစ်တယ်။ ဒါလည်းပဲ အဆင်မပြေပါဘူး။ ကျွန်တော့်ဘက်က ကျွန်တော့်ကော်မတီအနေနဲ့ကတော့ ကျွန်တော်တို့ကို ကူညီပေးစေချင်ပါတယ်။ ရှုပ်ရှုပ်ထွေးထွေးလည်းမရှိတဲ့အတွက် ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ရည်မှန်းချက်တွေကို ထပ်ပြီးရှင်းပြပါဆိုရင်လည်း ရှင်းပြပါမယ်။

ဘင်္ဂါလီပဲဖြစ်ဖြစ်၊ ရိုဟင်ဂျာပဲဖြစ်ဖြစ် သူတို့ရဲ့ရည်မှန်းချက်က မြန်မာနိုင်ငံသားဖြစ်ရေးပဲဖြစ်ပါတယ်။ အဓိကကျတယ်၊ မှန်တယ်ဆိုရင် ကျွန်တော်တို့ရဲ့ ၁၉၈၂ ခုနှစ် ဥပဒေနဲ့ စိစစ်လိုက်မယ်ဆိုရင် မြန်မြန်ဆန်ဆန်နဲ့ ပြီးသွားမယ့်ကိစ္စဖြစ်တဲ့အတွက် ကြားခံဆောင်ရွက်ပေးပါလို့ မေတ္တာရပ်ခံပါတယ်။

၁၉၈၂ ခုနှစ် ဥပဒေနဲ့ပတ်သက်ပြီး ပြောရရင် ၁၉၈၂ ခုနှစ်ရဲ့ နောက်ပိုင်းမှာ မည်သည့်နိုင်ငံခြားသားမှ နိုင်ငံသားဖြစ်ခွင့်မရှိပါဘူး။ သို့သော် ၁၉၈၂ ခုနှစ်မတိုင်မီက ရှိခဲ့တဲ့ပုဂ္ဂိုလ်တွေ၊ ဥပမာ ဒီဘင်္ဂါလီများ နိုင်ငံသားဖြစ်ခွင့်ရှိပါတယ်။ နိုင်ငံသားဖြစ်ဖို့ လျှောက်ထားလို့ရပါတယ်။ သို့သော် ဘာတွေပြရမလဲဆိုရင် ၁၉၄၈ ခုနှစ် မတိုင်မီ သူ့ရဲ့အဘိုး အဘွား၊ အဖေ အမေ ဒီနိုင်ငံမှာ မွေးခဲ့တယ်၊ ဆုံးခဲ့တယ်၊ သူလည်း ဒီမှာမွေးတယ်၊ ဒီမှာလည်း ဆက်နေဦးမယ်၊ ဒီနိုင်ငံသားအဖြစ်ခံယူချင်တဲ့ ဆန္ဒရှိတယ်ဆိုရင် မြန်မာနိုင်ငံသားအဖြစ် လျှောက်လို့ရပါတယ်။ ဘယ်လိုမှ သူတို့အတွက် အခွင့်အရေး မဆုံးရှုံးပါဘူး။

ခုနပြောတဲ့ အချက်အလက်တွေနဲ့ ပြည့်စုံခဲ့မယ်ဆိုရင် ဧည့်နိုင်ငံသား၊ ၁၉၈၂ ဥပဒေနဲ့ ညီညွတ်တယ်ဆိုရင် Nationalize Citizenship ပေးပါတယ်။ ဒီလိုဖြစ်ပြီဆိုရင် အလိုအလျောက် တတိယမျိုးဆက်မှာ နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရမှာ ဖြစ်ပါတယ်။ လောလောဆယ် ဘာနိုင်ငံသားမှန်းမသိတဲ့သူတွေကို ကျွန်တော်တို့ဆီမှာ ဝိုက်ကတ်ပေးပါတယ်။ မည်သည့်နိုင်ငံသားလို့ အဆုံးအဖြတ်မပေးနိုင်တဲ့ပုဂ္ဂိုလ်၊ သူကိုယ်တိုင်လည်း မည်သည့်နိုင်ငံသားရယ်လို့ အထောက်အထားမပြနိုင်တဲ့သူတွေကို ကျွန်တော်တို့နိုင်ငံမှာ နေခွင့်ပေးပါတယ်။ ကျောင်းနေခွင့်ပေးပါတယ်။ မဲလည်းပေးခွင့်ပေးထားပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာစံချိန်စံညွှန်းများနဲ့အညီ ဆောင်ရွက်နေတယ်ဆိုတာကို တင်ပြချင်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

✻ *ကျောဖုံးမှ*

ဒါတောင် ကိုယ်လိုချင်တဲ့ရက် မရဘူး။ လယ်ပိုင်ရှင်တွေ တန်းစီနေကြရတယ်။ အရင်က မြန်မာပြည်အောက်ပိုင်းက အဖွဲ့လိုက်ငှားရတာ လွယ်တယ်။ အခုနောက်ပိုင်း အလုပ်သမားငှားရတာ အလွန်ခက်လာတယ်။ မနှစ်ကအထိ တစ်ဦးကို တစ်နေ့လုပ်အားခ ငွေကျပ် ၃၀၀၀ ကနေ ငွေကျပ် ၅၀၀၀၊ အခု ငွေကျပ် ၇၀၀၀ ပေးတာတောင် ကျွမ်းကျင်အလုပ်သမားရဖို့ အချိန်ယူ စောင့်ရတယ်” ဟု မုံရွာမြို့နယ် ညောင်ပင်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောကြားသည်။

ကြန့်ကြာ

မြန်မာနိုင်ငံအထက်ပိုင်းနှင့် အလယ်ပိုင်းဒေသများ၌ မိုးဦးကောင်းစွာ မရရှိခြင်းကြောင့် စပါးနှင့် ယာသီးနှံများ စိုက်ပျိုးရန် အခက်အခဲရှိနေသည့်အပြင် အလုပ်သမားရှားပါးမှုကြောင့်လည်း ပိုမိုကြန့်ကြာနေကြောင်း သိရသည်။

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲအကြို တံခွန်စိုက်ဖလားပြိုင်ပွဲ ဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၂

(၇)ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲအကြိုတံခွန်စိုက်ဖလားပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ အားကစားကွင်း၊ အားကစားရုံအသီးသီး၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းနှင့် တာဝန်ရှိသူများသည် ဇေယျာသီရိရေကူးကန်၌ မသန်စွမ်းသူများ အမျိုးသား၊ အမျိုးသမီး ရေကူးအားစားနည်းပြိုင်ပွဲများ၊ Gold Camp Cluster (7) ၌ မသန်စွမ်းစစ်တုရင်ပြိုင်ပွဲများ၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဆုရအမျိုးသား၊ အမျိုးသမီးများနှင့် တံခွန်စိုက်ဆုရအသင်းတို့အား ဆုများချီးမြှင့်ကြသည်။ **(ယာပုံ)**

(၇)ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲအကြို တံခွန်စိုက်ဖလားပြိုင်ပွဲတွင် ရွှေ ၃၁ ခု၊ ငွေ၁၈ခု၊ ကြေး ၁၆ ခု စုစုပေါင်း ဆုတံဆိပ် ၆၅ ခုဖြင့် စီးပွားကူးသန်းအသင်းက တံခွန်စိုက် ပထမဆု၊ ရွှေ ၁၈ ခု၊ ငွေ ၁၇ ခု၊ ကြေး ၁၁ ခု စုစုပေါင်းဆုတံဆိပ် ၄၆ ခုဖြင့် လူမှုဝန်ထမ်းအသင်းက ဒုတိယဆုနှင့် ရွှေ ၁၈ခု၊ ငွေ ၁၆ ခု၊ ကြေး ၉ ခု စုစုပေါင်းဆုတံဆိပ် ၄၃ ခုဖြင့် ရွှေမင်းသားဖောင်ဒေး ရှင်းမြန်မာအသင်းက တတိယဆုရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဇူလိုင် ၂၂

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)



နိုင်ငံတကာသတင်း

အီဂျစ်နိုင်ငံရေးအကျပ်အတည်းကြား ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစတင်ပြီ

ကိုင်ရို ဇူလိုင် ၂၂

အီဂျစ်နိုင်ငံ၏ သမ္မတမော်စီကို အာဏာဖယ်ရှားခဲ့သော စစ်တပ်၏ ညွှန်ကြားချက်အရ ရွေးကောက်ပွဲသစ်များ မူဝါဒ လမ်းစဉ်ဖော်ဆောင်ရေးတွင် အဓိကအစပျိုးကဏ္ဍဖြစ်သော အစ္စလာမ္မစ်ဝါဒမကင်းသည့် အီဂျစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲရေးအတွက် ဥပဒေပညာရှင်အဖွဲ့က ဇူလိုင် ၂၁ ရက်တွင် လုပ်ငန်းစဉ်စတင်ကြောင်း ရိုက်တာ သတင်းအရ သိရသည်။

သမ္မတမော်စီကိုထောက်ခံသည့် မွတ်စလင်ညီနောင်များအဖွဲ့က စစ်တပ်စည်း ဝါးရိုက်အာဏာသိမ်းမှုဟု စွပ်စွဲပြီး ဖွဲ့စည်းပုံဥပဒေပြင်ဆင်ရေးကို ရှုတ်ချသည်။ အီဂျစ်၏ ယာယီအိမ်စောင့်အစိုးရကို ဖိအားများ ဆက်လက်ပေးနိုင်ရေး ၎င်းအဖွဲ့က ဇူလိုင် ၂၁ ရက်တွင် လူစုလူဝေးစုစည်းမှုများ ပြုလုပ်ခဲ့သည်။

ဖွဲ့စည်းပုံပြင်ဆင်ရေးသတ်မှတ်ချိန်ကာလ များလွန်းသည့်အပြင် ရွေးကောက်ပွဲများကို ခြောက်လခန့်အတွင်း ကျင်းပနိုင်ရေးအတွက် စစ်တပ်ကဆန္ဒရှိနေသည်။ ဖွဲ့စည်းပုံအခြေခံမူဘောင်အုတ်မြစ် မချမှတ်ခင် ပြန်လည်သုံးသပ်ရေးအတွက် ရက် ၃၀ အတွင်း ပြင်ဆင်ရမည့် ဥပဒေအဆိုပြုချက်များ ပေးအပ်ရမည့်တာဝန်ကို စစ်တပ်က ဥပဒေပညာရှင် ၁၀ ဦးပါ ဖွဲ့စည်းပုံပြင်ဆင်ရေးအဖွဲ့အား အပ်နှင်းထားသည်။

မူလအီဂျစ်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြီးခဲ့သည့်နှစ်က ပြည်လုံးကျွတ်ဆန္ဒခံယူမှုဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ သို့သော် ဥပဒေပါ ပြဋ္ဌာန်းချက်များသည် လူ့အခွင့်အရေးများ၊ လူနည်းစုအရေးနှင့် တရားမျှတမှုတို့ကို ကာကွယ်ပေးထားခြင်းမရှိကြောင်း ဝေဖန်သူများက ထောက်ပြကြသည်။

တင်မြှောက်ခံသမ္မတသစ်၏ ဖွဲ့စည်းပုံဥပဒေဆိုင်ရာ အကြံပေးနှင့် တရားသူကြီးတစ်ဦးဖြစ်သူ အလီ အဝပ်ဆာလာ့ရှ်က ဖွဲ့စည်းပုံပြင်ဆင်ရေးအဖွဲ့တွင် သဘာပတိအဖြစ်ဆောင်ရွက်ပြီး နိုင်ငံသားများ၊ နိုင်ငံရေးပါတီများနှင့် ဘက်ပေါင်းစုံတို့မှ သဘောထားအမြင်များကို လာမည့် သီတင်းပတ်အထိ ကြားနာသွားမည်ဖြစ်သည်ဟု ဆိုသည်။

အီဂျစ်၏ အဓိက ဘာသာရေးနှင့် ဆက်နွယ်သောနိုင်ငံရေး မဟာမိတ်အဖွဲ့အစည်း အမျိုးသားကယ်ဆယ်ရေး တပ်ဦး၏ပြောရေးဆိုခွင့်ရှိသူ ခါလက်ဒါဝယုက ဥပဒေပြင်ဆင်ရေးအဖွဲ့၏ လုပ်ငန်းစတင်မှုသည် လွန်စွာအပြုသဘောဆောင်သော တိုးတက်မှုများပင်ဖြစ်သည်ဟု ထောက်ခံပြောဆိုသည်။

အစိုးရအဖွဲ့သစ်နှင့်ရော စစ်တပ်နှင့်ပါ ပူးပေါင်းရေးလက္ခဏာမပြသသေးသည့် မွတ်စလင်ညီနောင်များအဖွဲ့က ဇူလိုင် ၃ ရက်က ဖြုတ်ချခံရသည့် မော်စီကို သမ္မတရာထူး ပြန်လည်တင်မြှောက်နိုင်ရေးအတွက် ခိုင်မြဲစွာ ရပ်တည်နေဆဲ ဖြစ်သည်။

(ရိုက်တာ)

ကိုင်ရိုမြို့တွင်းရှိ အီဂျစ်ကာကွယ်ရေးဝန်ကြီးဌာနချုပ် အပြင်ဘက်တွင် ဇူလိုင် ၂၁ ရက်က လူထုစုဝေးဆန္ဒပြရာ၌ အာဏာသိမ်းခံသမ္မတမော်စီကိုထောက်ခံသူများနှင့် မွတ်စလင်ညီနောင်များအဖွဲ့တို့ကို ထောက်ခံဆန္ဒပြသနေမှုအား တွေ့ရစဉ်။
(ရိုက်တာ)

တရုတ်နိုင်ငံ ဂန်စူပြည်နယ်၌ ငလျင်လှုပ် ၇၅ ဦးသေဆုံး၊ အိုးအိမ်အများအပြားပျက်စီး

ပေကျင်း ဇူလိုင် ၂၂

တရုတ်နိုင်ငံ ဂန်စူပြည်နယ် အနောက်မြောက်ပိုင်းတွင် ဇူလိုင် ၂၂ ရက် နံနက်က ရစ်ချ်တာစကေး ၆ ဒသမ ၆ ရှိ ငလျင်လှုပ်မှုကြောင့် ၇၅ ဦးထက်မနည်းသေဆုံးပြီး ၄၀၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

မြေအောက်အနက်ခြောက်မိုင်ခန့်တွင် ဗဟိုပြုကာလျင်လှုပ်ခဲ့သည့်အတွက် ဂန်စူပြည်နယ်ကျောင်စီအင်စီရင်စုတွင်အိမ် ၃၈၀ ပြိုကျခဲ့ ပြီး အခြားနေအိမ် ၅၆၀၀ ခန့်ပျက်စီးခဲ့ကြောင်း၊ ဒဏ်ရာရသူဦးရေ ၂၉၅ ဦးရှိကြောင်း ဒေသဆိုင်ရာအရာရှိ တစ်ဦးက ပြောကြားသည်။

ငလျင်ဒဏ်ကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ကာ မိုဘိုင်းဆက်သွယ်ရေးစနစ်များလည်း ထိခိုက်ခဲ့ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များကို အမြန်စေလွှတ်ထားကြောင်း၊ အချို့ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သတင်း၌ဖော်ပြသည်။

မြေအောက်လျင်ဗဟိုသည် မြေပြင်နှင့်နီးကပ်ခဲ့သဖြင့်သေဆုံး၊ ဒဏ်ရာရမှုနှင့် ပျက်စီးမှုများပြားခဲ့ခြင်းဖြစ်ကြောင်း၊ လျင်ဒဏ်ကြောင့် မြေပြိုမှုများဖြစ်ပေါ်နိုင်ကြောင်းလည်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ဂန်စူပြည်နယ်ရှိ စစ်ဘက်အဖွဲ့ဝင်များနှင့်အထူးကယ်ဆယ်ရေးအဖွဲ့ဝင်ဦးရေ ၅၀၀ ခန့်ကို လျင်ဘေးသင့်ရာဒေသသို့ စေလွှတ်ထားကြောင်း၊ အရေးပေါ်ရွက်ဖျင်တဲ ၅၀၀၊ အခြားပစ္စည်း ၂၀၀၀ ခန့်ကိုလည်း ပို့ဆောင်ဖြန့်ဝေပေးလျက်ရှိသည်။

ယခုငလျင်မှာ ပေကျင်းစံတော်ချိန် ဇူလိုင် ၂၂ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က လှုပ်ခဲ့ခြင်းဖြစ်ပြီး တရုတ်အမျိုးသားသဘာဝဘေး လျော့နည်းရေးကော်မတီနှင့် တရုတ်မြို့ပြရေးရာဝန်ကြီးဌာနတို့မှ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များအား အဆိုပါနေရာသို့စေလွှတ်ထားသည်။ ယင်းနေရာတွင် ပေကျင်းစံတော်ချိန် ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီ ၁၂ မိနစ်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၆ ရှိ ငလျင်တစ်ခုထပ်မံလှုပ်ခဲ့သည်။

(ဆင်ဟွာ)

ပါကစ္စတန်၌ အမျိုးသားအဖော်မပါလျှင် အမျိုးသမီးများဈေးဝယ်မသွားရ သတ်မှတ်

ပက်ရှ်ဝါ ဇူလိုင် ၂၂

အမျိုးသမီးများအနေဖြင့် ဈေးဝယ်ထွက်ကြရာတွင် အမျိုးသား အဖော်မပါဘဲဈေးမသွားရန် ယာယီတားမြစ်မိန့်တစ်ရပ်ကို ပါကစ္စတန် အနောက်မြောက်ပိုင်းဒေသ ဘာသာရေးခေါင်းဆောင်များက သတ်မှတ်ထားကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ရမဒါန်ကာလအတွင်း အမျိုးသားများ အာရုံပျက်ပြားမှုမရှိစေရေးအတွက် ယင်းတားမြစ်မှုကို ဘာသာရေးခေါင်းဆောင်များက ထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

ခိုင်ဘာပြည်နယ် ကာရတ်စ်ခရိုင်အတွင်းရှိဗလီများက ယင်းအမိန့်ကို ဇူလိုင် ၂၀ ရက်တွင် ကြေညာခဲ့ပြီး ရဲဝန်ထမ်းများကလည်း အမိန့်တည်မြဲရေးအား ကူညီပေးလျက်ရှိသည်။ အမျိုးသားအဖော်မပါဘဲ ဈေးဝယ်ထွက်သူအမျိုးသမီးဆိုလျှင်ဖမ်းဆီးခံရမည်ဖြစ်ပြီး ပစ္စည်းရောင်းချပေးသူဆိုင်ရှင်များကိုလည်း အပြစ်ပေးအရေးယူသွားမည်ဟုဆိုသည်။

ကုန်သည်တစ်ဦးက ယခုအမိန့်အရ စီးပွားရေးအခြေအနေပေါ် ရိုက်ခတ်လာနိုင်ပြီး ဒေသဂုဏ်ရည်ကိုလည်းထိခိုက်စေနိုင်သည်ဟုဆိုကာ မနှစ်မြို့ကြောင်းပြောသည်။ “ဒီတားမြစ်မိန့်ကိုဘယ်တော့မှ ထောက်ခံမှာမဟုတ်ဘူး။ ဘာသာရေးခေါင်းဆောင်တွေရဲ့ဆုံးဖြတ်ချက်ကို ဆန့်ကျင်ကန့်ကွက်ဖို့ ဇူလိုင် ၂၄ ရက်မှာ စည်းဝေးဖို့လူစုနေပါတယ်” ဟုကုန်သည်မန်ဝါခန်းက ပြောကြားသည်။

(ရိုက်တာ)

ကီဆောင်စက်မှုဇုန်ပြန်ဖွင့်ရေး ကိုရီးယားနှစ်နိုင်ငံ ငါးကြိမ်မြောက်ဆွေးနွေး

ဆိုးလ် ဇူလိုင် ၂၂

ကီဆောင်စက်မှုဇုန်ပြန်လည်ဖွင့်လှစ်ရေး ငါးကြိမ်မြောက်ဆွေးနွေးပွဲကိုဇူလိုင် ၂၂ရက်က မြောက်ကိုရီးယားနှင့်တောင်ကိုရီးယားနှစ်နိုင်ငံတို့ စတင်ပြုလုပ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားတို့လက်နက်အပြည့် တပ်ဆင်ထားရာနယ်စပ် ကီဆောင်စက်မှုဇုန်နယ်မြေရှိ နှစ်နိုင်ငံပူးတွဲ စက်မှုဇုန်တွင် ကိုယ်စားလှယ် သုံးဦးပါအဖွဲ့က ဒေသစံတော်ချိန် နံနက် ၁၀ နာရီက စတင်ဆွေးနွေးကြခြင်းဖြစ်သည်။ ယခုနောက်ဆုံးတွေ့ဆုံဆွေးနွေးပွဲတွင် ကိုရီးယားစက်မှုဇုန်ပုံမှန်လည်ပတ်ရေး သဘောတူမှုကြမ်းအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ သို့သော်လည်း လုပ်ငန်းများပုံမှန်ပြန်လည် လည်ပတ်ရေးတွင် အမြင်ကွာဟမှု အနည်းငယ်ရှိနေသဖြင့် နောက်ဆုံးသဘောတူညီမှု မရရှိနိုင်သေးဘဲ လိပ်ခဲတည်းလည်း အဆုံးသတ်သည်။ တောင်ကိုရီးယားကုမ္ပဏီ ၁၂၃ ခု လုပ်ငန်းများလည်ပတ်ရာကီဆောင် စက်မှုဇုန်မှ မြောက်ကိုရီးယားတို့က အလုပ်သမားများပြန်ခေါ်ယူ ရုပ်သိမ်းလိုက်သဖြင့် ဧပြီလအစောပိုင်းတွင် ပိတ်ထားခဲ့ရသည်။ အမေရိကန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံပူးတွဲ စစ်ရေးလေ့ကျင့်မှုကို ကန့်ကွက်သည့်အနေဖြင့် မြောက်ကိုရီးယားဘက်က ယင်းသို့ တန်ပြန်လိုက်ခြင်းလည်းဖြစ်သည်။ **ဆင်ဟွာ**

ကချေသည် ၂၀၀၀ကျော်ဖြင့် ကမ္ဘာ့စံချိန်သစ် မြစ်ကမ်းခြေအက

အိုင်ယာလန်ရှိ ဒဗ္ဗလင်မြို့လစ်ဖေးမြစ်ကမ်းတစ်လျှောက်တွင် ဇူလိုင် ၂၁ ရက်တွင် ကပြတင်ဆက်ခဲ့သည့် မြစ်ကမ်းပါး တစ်လျှောက် ကချေသည်များ အတန်းလိုက်စီတန်းအကသည် ကချေသည် အရေအတွက်အများဆုံးအဖြစ် ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့သည်။ ယင်းစုပေါင်းအကတွင် နိုင်ငံပေါင်း ၄၄ နိုင်ငံရှိ အကသင်တန်းကျောင်း ၁၆၃ ကျောင်းမှ ကချေသည် ၂၀၀၀ ကျော်ဖြင့် အဆိုပါ အကကို တင်ဆက်ခဲ့ခြင်း ဖြစ်သည်။ ယခင်က စံချိန်တင်ထားခဲ့သော မြစ်ကမ်းခြေအကတွင် ကချေသည် ၆၅၂ ဦးဖြင့် တင်ဆက်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံ တန်နက်စီပြည်နယ်တွင် ဖျော်ဖြေခဲ့ခြင်း ဖြစ်သည်။

(ဘီဘီစီ)

ပြည်တွင်းသတင်း

သာသနာရေးဝန်ကြီးဌာန ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၂

သာသနာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က နေပြည်တော် လယ်ဝေးမြို့နယ် အောင်သာကျေးရွာ သမိုင်းဝင်အင်ကြင်းမြိုင် ယက္ကန်းစင်တောင်တော်ရှိ အောင်စကြာမဏ္ဍိုင်ကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ကာ နေပြည်တော် လယ်ဝေးမြို့နယ် အောင်သာကျေးရွာ အောင်စကြာမဏ္ဍိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမာနန္ဒထံမှ ညွှန့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြကာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့်ဇနီး ဒေါ်ခင်မလေးအမှူးပြုသော ဌာနအကြီးအကဲများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် နေပြည်တော် လယ်ဝေးမြို့နယ် အောင်သာကျေးရွာ ခေမာမဏ္ဍိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမာနန္ဒထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့်ဇနီး ဒေါ်ခင်မလေးတို့အမှူးပြုသော ညွှန့်ပရိသတ်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၂

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဇူလိုင် ၁၉ ရက်တွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စီမံကိန်းဦးစီးရုံး မင်းဘူးခရိုင်နှင့် မြို့နယ်စီမံကိန်းဦးစီးရုံးတို့သို့ ရောက်ရှိပြီး မကွေးတိုင်းဒေသကြီး မကွေးခရိုင်နှင့်မင်းဘူးခရိုင်တို့မှ စီမံကိန်းမှူးများ၊ မြို့နယ်စီမံကိန်းမှူးများအား အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ပထမငါးနှစ်စီမံကိန်းမှ ဆောင်ရွက်ရန် ကျန်ရှိနေသည့် နှစ်နှစ်တာကာလအတွက် ပြည်သူ့လိုအပ်ချက်ကို အခြေခံသည့်စီမံကိန်းများ ဖြစ်စေရေး ညှိနှိုင်းရေးဆွဲသွားကြရန်၊ ရေးဆွဲရာတွင် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို ဦးစားပေးအစီအစဉ်အလိုက် ရေးဆွဲသွားရန်၊ ရေးဆွဲထားသည့် စီမံကိန်းလုပ်ငန်းများနှင့် ဆောင်ရွက်ပြီးသည့် စီမံကိန်းလုပ်ငန်းများအား ဒေသကိုယ်စားပြုသည့် ကိုယ်စားလှယ်များသို့လည်း တင်ပြပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်သွားရန်နှင့် အောက်ခြေမှ ရေးဆွဲတင်ပြသော စီမံကိန်းအဆင့်ဆင့်ကို စိစစ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သဖြင့် စနစ်တကျဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဆောင်ရွက်ခဲ့

ဇူလိုင် ၂၀ ရက်တွင် စလင်းမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဂျပန်နိုင်ငံ၏ အကူအညီအထောက်အပံ့ဖြင့် ဆောက်လုပ်လျက်ရှိသည့် သုံးထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် **(အပေါ်ပုံ)** စာသင်ဆောင်များအား ကြည့်ရှုစစ်ဆေးခြင်း၊ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး မြို့မိမြို့ဖများနှင့်မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးနှင့် ကျောင်းဆရာ ဆရာမများအား တွေ့ဆုံ၍ စာသင်ကျောင်းအတွက် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် စလင်းမြို့ "ဖိုးကော်ဇံ" စာကြည့်တိုက်သို့ ရောက်ရှိပြီး စာကြည့်တိုက်အတွက် ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ရသမျိုးစုံစာအုပ်များပေးအပ်သည်။ ညပိုင်းတွင် စလင်းမြို့နယ်နှင့် ဆင်ဖြူကျွန်းမြို့များမှ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေသန့်ရရှိရေးနှင့် လျှပ်စစ်မီးရရှိရေးဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး မြို့မိမြို့ဖများမှ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ သိလိုသည့်မေးမြန်းချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာဗောဓိစေတီတော် ဂန္ဓကုဋိအတွင်း မြန်မာမှုအနုလက်ရာများနှင့်အတူ မြတ်စွာဘုရား၏ မျက်နှာတော်တွင် ရွှေစင်သွန်းလောင်းထားသည့် ကြေးဆင်းတုတော်ကြီးအား ဖူးတွေ့ရစဉ်။

✿ *ရှေ့ဖုံးမှ*

ယင်းစေတီတော်သည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ခွာညိုပန်းအဝိုင်းမှ တပ်ကုန်းမြို့သို့သွားရာ ကွန်ကရစ်ကားလမ်းအနီးတွင် တည်ထား၍ ကားလမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာတွင် သစ်ရိပ်ဝါးရိပ်၊ တောရိပ်တောင်ရိပ်နှင့် တိတ်ဆိတ်လျက်ရှိပြီး စိတ်ငြိမ်ရာအရပ်၌ စေတီတော်ကြီးအားဖူးမြော်ရသည်မှာ အလွန်ကြည်ညိုစရာကောင်းလှပါသည်။

စာရေးသူသည် မိမိဌာန၏တာဝန်ဖြင့် နီပေါနိုင်ငံနှင့် အိန္ဒိယနိုင်ငံရှိ မြတ်စွာဘုရား၏ 'ဖွားပွင့်ဟောစံ' တော်မူရာ သံဝေဇနိယလေးဌာနသို့ နှစ်ကြိမ်ရောက်ခဲ့ဖူးမြော်ခဲ့ဖူးသော်လည်း မြတ်စွာဘုရားအဆူဆူတို့ပွင့်တော်မူရာ ဗုဒ္ဓဂယာသို့ စာရေးသူ၏မိသားစုကို ရောက်ဖူးစေချင်ပါသည်။ သို့သော်ခရီးစရိတ်မတတ်နိုင်သဖြင့် ဆန္ဒကိုမျိုသိပ်ထားခဲ့ရသည်။

ယခုအခါ မိမိတို့နိုင်ငံအတွင်းရှိ နေပြည်တော်၌ နိုင်ငံတော်အစိုးရက စီစဉ်ပေးမှု၊ တည်ဆောက်ပေးမှုကြောင့် နီပေါနိုင်ငံနှင့် အိန္ဒိယနိုင်ငံသို့ သွားစရာမလိုတော့ပါ။ မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိပင်နှင့် ရွှေပလ္လင်တော်၊ အနိမိသစေတီတော်၊ ရတနာစင်္ကြံတော်၊ ရတနဃရသတ္တာဟ၊ ဆိတ်ကျောင်းညောင်ပင်၊ မုစလိန္ဒာအိုင်နှင့် လင်းလွန်းပင်တို့ကို ဗုဒ္ဓဂယာတွင်ရှိသည့်အတိုင်း ဖူးမြော်နိုင်ကြပြီဖြစ်ရာ ဘုရားဖူးလာကြသော အမြို့မြို့အနယ်နယ်မှ အဖွဲ့လိုက်ကားများ၊ မိသားစုလိုက်ကားများ၊ ပျဉ်းမနားမထသ(မြို့တွင်း)က စီစဉ်ပေးသော လိုင်းကားများ၊ ကိုယ်ပိုင်ကားလေးများ၊ ရုံးဌာနများက စုပေါင်း၍လာကြသော ကားကြီး၊ ကားငယ်များနှင့် ဆိုင်ကယ်အများအပြားကို တွေ့မြင်ခဲ့ရသည်။

နယ်မှ ဘုရားဖူးများသည် ရှမ်းပြည်နယ်၊ တောင်ကြီးနှင့် လားရှိုး၊ မြစ်ကြီးနား၊ မန္တလေး၊ စစ်ကိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်တွင်းကြီး၊မကွေးတို့ဖြစ်ကြ၍ နေပြည်တော်နှင့်အနီးဝန်းကျင်မှ ပဲခူးတိုင်းဒေသကြီးနှင့် တောင်ငူ၊ မိတ္ထီလာမြို့တို့မှ ဘုရားဖူးလာကြသော တနင်္လာနေ့မှသောကြာနေ့အထိ နေ့စဉ် ဘုရားဖူးဦးရေ ၂၀၀၀ ခန့်လာရောက်ပြီး စနေ၊ တနင်္ဂနွေနေ့နှင့် အခါကြီးရက်ကြီး ရုံးပိတ်ရက်များတွင် ဘုရားဖူးဦးရေ တစ်သောင်းခန့် လာရောက်ကြောင်း သိရသည်။

နေပြည်တော် ပျဉ်းမနား(မြို့တွင်း) မထသမှ ဘုရားဖူးများ သွားရောက်ရန်၊ အဆင်ပြေစေရန်အတွက် လိုင်းကားများစီစဉ်ပေးထားကာ ပျဉ်းမနားမှ စေတီတော်သို့ အမှတ်(၈) လိုင်းကားဖြင့် လည်းကောင်း၊ မြို့မဈေးမှ အမှတ်(၂) အထူးလိုင်းကားဖြင့် လည်းကောင်း ပြေးဆွဲ၍ စနေ၊ တနင်္ဂနွေနှင့် ရုံးပိတ်ရက်များတွင် လိုင်းကားများ တိုးချဲ့ပြေးဆွဲမည်ဖြစ်ကြောင်းနှင့် ဘုရားဖူးလိုင်းကားပြေးဆွဲမည့် လမ်းကြောင်းပေါ်ရှိ ကားမှတ်တိုင်နေရာများကိုလည်း သတ်မှတ်ထားပြီးဖြစ်ကြောင်း သိရသည်။

သို့ပါ၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြသည့် ဓမ္မမိတ်ဆွေအပေါင်းတို့သည် ဘုရားဖူးအချင်းချင်း အလေးထား၍ မိမိကြောင့် ဘုရားဖူးများ အနှောင့်အယှက်မဖြစ်စေရန်နှင့် တိတ်ဆိတ်မှု၊ ငြိမ်သက်မှုဖြင့် ကုသိုလ်ပါရမီဖြည့်ကာ သန့်ရှင်းသော လေကောင်းလေသန့်တို့ကိုရှူရှိုက်၍ သဘာဝအလှများဖြစ်သည့် တောတောင်လျှိုမြောင်တို့ကို ကြည့်ရှုရင်း ဗုဒ္ဓဂယာကို ကိုယ်တိုင်ရောက်ရှိဖူးမြော်ခွင့်ရရှိသကဲ့သို့ နိုင်ငံအတွင်းရှိ နေပြည်တော်ဗုဒ္ဓဂယာ(သို့မဟုတ်) သတ္တသတ္တာဟ မဟာဗောဓိစေတီတော်သို့တစ်ခါတစ်ခေါက်ဖြင့် လာရောက်ဖူးမြော်ကြည်ညိုလှည့်ပါလို့ ဖိတ်ခေါ်အပ်ပါသည်။

ဦးမောင်(သဲကုန်း)

✽ *ကျောဖုံးမှ*

(၁၃) ကြိမ်မြောက် အမျိုးသားလွှတ်တော် ဥပဒေပြုရေးအဖွဲ့ဝင်၊ အမျိုးသားလွှတ်တော်အမြဲတမ်း ကော်မတီဥက္ကဋ္ဌနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တာဝန်တို့ကို ထမ်းဆောင်နေဆဲဖြစ်သည်။ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.MR. NGUYEN SINH HUNG နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုလွှတ်တော်နာယက၏ ဖိတ်ကြားချက်အရ မကြာမီရက်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးအလည်အပတ်ခရီး လာရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အသက်ရှည်ကျန်းမာလိုပါက ဒိန်ချဉ်သောက်သုံးပါ

လူတိုင်းကျန်းမာလိုကြသည်။ အသက်လည်းရှည်လိုကြသည်။ တစ်ဖန် အသက်ရှည်ကျန်းမာပြီး ကိုယ်စိတ်နှစ်ပါး ချမ်းသာလိုကြပြန်သည်။ ထိုသို့သော ဆန္ဒများကို ပြည့်ဝစေရန် အခြေခံအချက်တစ်ချက်ကား ကျန်းမာရေးကောင်းအောင် နေထိုင်စားသောက်ခြင်းပင်ဖြစ်သည်။

ကျန်းကျန်းမာမာနှင့် အသက်ရှည်စွာနေထိုင်စားသောက်ရေးတွင် ပရိုဘိုင်အိုတစ်ခေါ် အကျိုးပြုအဏုဇီဝလေးများက လူတို့၏ ကျန်းမာရေးနှင့် အသက်ရှည်ရေးတို့တွင် ထိရောက်စွာ အကျိုးပြုကြောင်း ဆေးသုတေသနပညာရပ်၌ တွေ့ရှိရသဖြင့် ပြည်သူများ ကျန်းမာရေးဗဟုသုတရရှိစေရန် ဒေါက်တာခင်မောင်လွင် (FAME)နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

အမေး/အရေး-မောင်မောင်မြင့်ဆွေ
အဖြေ-ဒေါက်တာခင်မောင်လွင် (FAME)

မေး။ ။ လူတွေ အသက်ရှည်ကျန်းမာဖို့အတွက် အကျိုးပြုအဏုဇီဝ(ပရိုဘိုင်အိုတစ်)မှာ ဘယ်လိုအစားအစာတွေပါဝင်လဲဆိုတာ ရှင်းပြပေးပါဦး။

ဖြေ။ ။ အချဉ်ဖောက်ထားတဲ့ နို့ထွက်ပစ္စည်း အထူးသဖြင့် ဒိန်ချဉ်လို အစားအစာမျိုးတွေမှာ အများဆုံးပါဝင်ပါတယ်။ ဒိန်ချဉ်မှာ ဗက်တီးရီးယားတစ်မျိုးပါဝင်ပြီး အဲဒီဗက်တီးရီးယားပိုးတွေက နို့တွေကို စားသုံးလိုက်တဲ့အခါ လက်တစ်အက်စစ်တွေ ပြန်ထုတ်လိုက်တာကြောင့် ဒိန်ချဉ်မှာ ချဉ်တဲ့အရသာရှိတာပါ။ အဲဒီဗက်တီးရီးယားဟာ လက်ချောင်းပုံသဏ္ဍာန်ရှိပြီး လက်တိုဘေ့စ်စီလပ်လို့ အမည်ပေးထားပါတယ်။ နောက်ပိုင်း အဲဒီဗက်တီးရီးယားမျိုးစိတ်ကို ဘူလ်ဂေးရီးယားနိုင်ငံမှ ယူဆောင်ခဲ့လို့ ဘူလ်ဂေးရီးယပ်စ်လို့ အမည်ပေးခဲ့ရာမှ လူတွေရဲ့ အသက်ရှည်ကျန်းမာရေးကို အထောက်အကူပြုတာကြောင့် အကျိုးပြုအဏုဇီဝ သို့မဟုတ် ပရိုဘိုင်အိုတစ်လို့ ခေါ်ခြင်းဖြစ်ပါတယ်။

မေး။ ။ ပရိုဘိုင်အိုတစ်ကို ဘယ်လိုရှာဖွေတွေ့ရှိပြီး ဒိန်ချဉ်မှာအများအပြားပါဝင်တယ်ဆိုတာ ဘယ်လိုသိရှိခဲ့တာလဲပြောပြပါဦး။

ဖြေ။ ။ ၁၉ ရာစုအကုန်မှာ ပြင်သစ်နိုင်ငံ ပါစ်ချာသုတေသနဌာနမှာ အလုပ်လုပ်နေတဲ့ ရုရှားလူမျိုး ပါမောက္ခမက်ချ်နီကော့ဖ်က ပရိုဘိုင်အိုတစ်ကို စတင်တွေ့ရှိခဲ့တာပါ။ နောက်ပိုင်းမှာ လူတွေ အသက်ရှည်နိုင်မယ့် နည်းလမ်းကိုရှာဖွေရင်း ဥရောပတစ်ဝန်းမှာ ဘယ်သူတွေအသက်အရှည်ဆုံးလဲလို့ လေ့လာတဲ့အခါ ဘူလ်ဂေးရီးယားတောသူတောင်သားတွေနဲ့ ရုရှားတောသူတောင်သားတွေဖြစ်နေတာတွေ့ရတယ်။ ဘာဖြစ်လို့ အသက်ရှည်ရှည်နေရသလဲလို့ ထပ်ပြီးလေ့လာတဲ့အခါ သူတို့တွေရဲ့အစားအစာတွေထဲမှာ အချဉ်ဖောက်ထားတဲ့နို့ထွက်ပစ္စည်း အမြောက်အမြား ပါဝင်နေတာတွေ့ခဲ့ရတယ်။ ဒိန်ချဉ်ဟာ သူတို့ရဲ့ အဓိက အစားအစာဖြစ်နေတာသိခဲ့ရတယ်။ အဲဒီဒိန်ချဉ်ကို သုတေသနပြုကြည့်တဲ့အခါ ပရိုဘိုင်အိုတစ်တွေ အများအပြား ပါဝင်နေတာတွေ့ခဲ့ရတယ်။

မေး။ ။ ပရိုဘိုင်အိုတစ်ဆိုတဲ့ အဓိပ္ပာယ်ကိုလည်း ရှင်းပြပေးပါဦး။

ဖြေ။ ။ ဂရိဘာသာစကားက ဆင်းသက်လာတာဖြစ်ပြီး ပရို(Pro) ဆိုတာ ပိုမိုကောင်းမွန်အောင်ပြုလုပ်ပေးခြင်းဆိုတဲ့ အဓိပ္ပာယ်ရပြီး ဘိုင်အိုတစ် (biotic) ဆိုတာ အသက်ရှင်ရပ်တည်ခြင်းလို့ ဆိုလိုပါတယ်။ ဒါကြောင့် ပရိုဘိုင်အိုတစ်ဆိုတာ အသက်ရှည်ရပ်တည်မှုကို အားပေးခြင်းလို့ပြောလို့ရပြီး အသက်ရှည်ရပ်တည်ခြင်းအတွက် အကျိုးပြုတဲ့ အဏုဇီဝဗက်တီးရီးယားပိုးတွေကို ကိုယ်စားပြု ခေါ်ဝေါ်တဲ့အဓိပ္ပာယ်ဖြစ်ပါတယ်။

မေး။ ။ အဲဒီပရိုဘိုင်အိုတစ်လို့ခေါ်တဲ့ အဏုဇီဝဗက်တီးရီးယားတွေက ခန္ဓာကိုယ်ထဲမှာ ဘယ်လိုအကျိုးပြုတာလဲဆိုတာ သိလိုပါတယ်။

ဖြေ။ ။ အဲဒီဗက်တီးရီးယားတွေက လူတွေရဲ့ပါးစပ်နဲ့ အူအတွင်းမှာ အမြောက်အမြားရှိတတ်ကြပါတယ်။ သူတို့က ပြင်ပက ရောဂါပိုးတွေ မဝင်ရောက်နိုင်အောင် ကာကွယ်စောင့်ရှောက်ကြသလို ပါးစပ်နဲ့ အူလမ်းကြောင်းတွေက ပြင်ပလေထု၊ ရေထု၊ အစားအစာတွေနဲ့ အမြဲ ထိတွေ့နေရတာကြောင့် ပြင်ပက ရောဂါပိုးတွေ အလွယ်တကူမဝင်အောင် အဲဒီဗက်တီးရီးယားတွေက ကာကွယ်စောင့်ရှောက်ပေးနေတာ ဖြစ်ပါတယ်။

မေး။ ။ ဒါဆို အဲဒီပရိုဘိုင်အိုတစ်တွေ ရှင်သန်များပြားအောင် ဘယ်လိုအစားအစာတွေ စားသုံးရမလဲဆိုတာ ရှင်းပြပေးပါဦး။



ဖြေ။ ။ ပရိုဘိုင်အိုတစ်တွေ ရှင်သန်ပွားများစေဖို့ အထောက်အပံ့ပစ္စည်း အစားအစာဖြစ်တဲ့ ပရီဘိုင်အိုတစ်လို့လည်းခေါ်တဲ့ အစားအစာတွေကတော့ မွေးကင်းစအရွယ်တွေအတွက်ဆိုရင် မိခင်နို့ရည်ဖြစ်ပါတယ်။ မွေးကင်းစအရွယ်မှာ အဲဒီပရိုဘိုင်အိုတစ်တွေဟာ ပါးစပ်နဲ့ အူလမ်းကြောင်းတွေမှာ မရှိသေးတာမို့ မိခင်နို့ရည်ကို တိုက်ကျွေးရမှာပါ။ နို့မှုန့်တွေမှာတော့ မပါရှိနိုင်ပါဘူး။ နောက်ပြီး ဆန်၊ ဂျုံနဲ့ မုယောစပါးတွေရဲ့ အပေါ်ယံဖွဲနုလွှာတွေကို စားသုံးရင် ပရီဘိုင်အိုတစ်တွေရရှိပြီး ခုခံအားကောင်းစေပါတယ်။ ဒါ့အပြင် ပျားရည်၊ ပျားဝတ်မှုန်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ပဲပုပ်၊ ကညွတ်၊ ငှက်ပျောသီး၊ ဒိန်ချဉ်၊ ဒိန်ခဲ၊ နို့ချဉ်၊ ကင်ချီတို့ဟာ ပရိုဘိုင်အိုတစ်ကြွယ်ဝတဲ့အစားအစာတွေ ဖြစ်ပါတယ်။ အဲဒီအစားအစာတွေကို အစိမ်းအတိုင်းစားရင်ပိုပြီး အကျိုးရှိစေပါတယ်။

မေး။ ။ အကျိုးပြုအဏုဇီဝတွေ ခန္ဓာကိုယ်အတွင်း အပြည့်အဝရှိနေဖို့အတွက် တစ်နေ့ကို ပရိုဘိုင်အိုတစ်ပါတဲ့ အစားအစာတွေ ဘယ်လောက်အထိ စားသုံးပေးရမလဲဆိုတာ သိချင်ပါတယ်။

ဖြေ။ ။ တိတိကျကျတော့ မသတ်မှတ်ရသေးပေမယ့် လူကြီးတစ်ဦးအတွက် အကျိုးပြုအဏုဇီဝအရေအတွက် ပြည့်မီအောင် ရှေ့မှာပြောထားတဲ့ အစားအစာတွေ နေ့စဉ် ခြောက်ဂရမ် (6gm) ခန့် စားသုံးသင့်ပါတယ်။ ဒါက ကနဦးထွက်လာတဲ့ သုတေသနတွေအရပါ။ ဒိန်ချဉ်ဆိုရင် ဖန်ခွက်တစ်ခွက်ခန့်ပေါ့။ ခန္ဓာကိုယ်အတွင်းမှာ အကျိုးပြုအဏုဇီဝအရေအတွက်ဟာ ထရီလီယံ ၁၀၀ ခန့်ရှိနေဖို့လိုအပ်ပါတယ်။ လူတစ်ဦးရဲ့ ခန္ဓာကိုယ်အတွင်းမှာ ဆဲလ်အရေအတွက် ၁၀ ထရီလီယံခန့်ရှိတာမို့ ဆဲလ်တစ်ခုစီအတွက် ပရိုဘိုင်အိုတစ် ၁၀ ခုက ကာကွယ်စောင့်ရှောက်ပေးနေတဲ့သဘောပါပဲ။

မေး။ ။ ပရိုဘိုင်အိုတစ်က ဘယ်လိုရောဂါမျိုးတွေ ကာကွယ်ပေးနိုင်တယ်ဆိုတာလည်း ပြောပြပေးပါဦး။

ဖြေ။ ။ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အရေပြားမှာ အဖုအပိမ့်ထွက်ခြင်း၊ အင်ပျဉ်ထွက်ခြင်း၊ နှင်းခူရောဂါဖြစ်ခြင်း၊ နှာခေါင်းပိတ်ခြင်း၊ ပန်းနာရင်ကျပ်ဖြစ်ခြင်း၊ အူမကြီးကင်ဆာဖြစ်ပွားမှုမှ ကာကွယ်ပေးခြင်း၊ အမျိုးသမီးများ အဖြူဆင်းခြင်းမှ ကာကွယ်ပေးခြင်း၊ လေးဖက်နာ၊ အမှတ်-၁ ဆီးချိုရောဂါ၊ သိုင်းရွိုက်နှင့်ပတ်သက်သောရောဂါ၊ နာတာရှည် ကျောက်ကပ်ရောင်ခြင်းနှင့် ပျက်စီးခြင်းရောဂါ၊ အာရုံကြောရောဂါ စတဲ့ရောဂါတွေကို ကာကွယ်နိုင်တဲ့အပြင် သက်သာပျောက်ကင်းစေနိုင်ပါတယ်။

မေး။ ။ ဒါဆိုရင် ပရိုဘိုင်အိုတစ်ပါတဲ့ အစားအစာတွေကို စားသုံးတဲ့အခါ သတိပြုစရာရှိရင်လည်း သိရှိလိုပါတယ်။

ဖြေ။ ။ ပရိုဘိုင်အိုတစ်ဆိုတာ သက်ရှိအဏုဇီဝလေးတွေဖြစ်တဲ့အတွက် အပူနဲ့ထိတွေ့မှုက ရှောင်ရမှာဖြစ်ပါတယ်။ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်နဲ့အထက် အပူပေးမိရင် အဲဒီသက်ရှိအဏုဇီဝလေးတွေ သေကျေပျက်စီးပြီး အာနိသင်ပျက်ပြယ်နိုင်ပါတယ်။ ဥပမာ-အပူပေးထားတဲ့ ဒိန်ချဉ်ဆိုရင် အာနိသင်ပျက်ပြယ်သွားမှာဖြစ်ပါတယ်။ အလေးချိန် ဂရမ် ၁၇၀ နဲ့ ၂၃၀ အကြားရှိတဲ့ သာမန်ဒိန်ချဉ်တစ်ခွက်မှာ အကျိုးပြုပရိုဘိုင်အိုတစ်အရေအတွက် သုံးဘီလီယံမှ ၂၀ ဘီလီယံအတွင်း ပါရှိတာမို့ ဒိန်ချဉ်ကို နေ့စဉ်စားသုံးသင့်ပါတယ် ဟု ဖြေကြားသွားသည်။ ။

ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၂၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရေးမြို့တွင် ၄ ဒသမ ၂၉ လက်မ၊ ကော့ကရိတ်မြို့တွင် ၄ ဒသမ ၁၇ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၇၇ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ လောင်းလုံမြို့တွင် ၃ ဒသမ ၁၁ လက်မနှင့် ချောင်းဆုံမြို့တွင် ၂ ဒသမ ၈၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၇-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ ပြည်တွင်းသတင်း၊
- ၇း၂၀ ပြည်သူတို့ရဲ့စကားသံများ
- ၇း၄၅ မဟာဝံသမြတ်ဗုဒ္ဓ(ဒုတိယပိုင်း) **ဗုဒ္ဓပါဝစနာ**
- ၈း၂၅ SEA Games ဇာတ်လမ်းတို **စီးချင်း**

နေ့လယ်ပိုင်း

- ၁၂း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း **သူစေညွှန်ရာစေ** လူမင်း၊ ရီဝေယံ၊ ထက်ထက်မိုးဦး (ဒါရိုက်တာ-ဟိန်းစိုး)

ညပိုင်း

- ၁၆း၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ)
- ၁၆း၄၅ Road to 27th SEA Games (ဘိလိယက်နှင့်စနူကာ)
- ၇း၁၅ SEA Games Go For Gold (ပြေးခုန်ပစ်)(ကြိုးတပ်သံလုံးပစ်)
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၃၅ ပြည်သူအတွက်ကြိုးပမ်းမှုပုံရိပ်များ
- \- ဆိုလိုက်ကြစို့
- \- အိန္ဒိယရုပ်ရှင် **မိန်းမသားဘဝ** (ဇာတ်သိမ်း)

Global MBA သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုဂ္ဂလိကစီးပွားရေး အခန်းကဏ္ဍလုပ်ငန်းခွင်မှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ရည်ရွယ်လျက် "အပြည်ပြည်ဆိုင်ရာ စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့"ကို ပြည်တွင်း၌ပင် ဆက်လက်သင်ယူလိုသော ဘွဲ့ရစီးပွားရေးလုပ်ငန်းရှင်များနှင့် လူငယ်များအတွက် Master of Business Administration (Global MBA) သင်တန်းကို ထိုင်းနိုင်ငံ ကုန်သည်/စက်မှုအသင်း၏ တက္ကသိုလ် (UTCC)နှင့် ပူးပေါင်းဖွင့်လှစ်လျက်ရှိရာ Global MBA Batch-3 ကို ဩဂုတ် ၁၇ ရက်တွင် အသင်းချုပ်သင်တန်းကျောင်း၌ စတင်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

(ကုန်သည်/စက်မှု)

စစ်တွေတိုင်းရင်းဆေးရုံမှ အခမဲ့ကွင်းဆင်းကုသ

စစ်တွေ ဇူလိုင် ၂၂

ရခိုင်ပြည်နယ် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူး၏ လမ်းညွှန်မှုဖြင့် စစ်တွေတိုင်းရင်းဆေးရုံမှ ခေတ္တဆေးရုံအုပ် ဦးသိန်းငွေအောင် ဦးဆောင်သည့် တာဝန်ရှိသူများသည် ဇူလိုင် ၉ ရက် နံနက်ပိုင်းက စစ်တွေမြို့နယ် ကျေးတောကျေးရွာ စာသင်ကျောင်း၌ အခြေစိုက်ကာ ကျေးတောကျေးရွာနှင့် ယင်းပတ်ဝန်းကျင် ကျေးရွာများရှိ ကျေးလက်နေပြည်သူများအား တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကွင်းဆင်း ဆေးကုသပေးခဲ့သည်။

ယင်းနေ့ ဆေးဝါးကုသရာတွင် လူနာ ၁၃၇ ဦးတို့အား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ဤကဲ့သို့ တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသမှုများကို ဆက်လက် ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

ဤသို့ဆေးကုသရာတွင် စစ်တွေမြို့ရှိ ဆရာဝန် ဦးသာနိုအောင် ဆေးတိုက်နှင့် ဦးစိုးနိုင်မိသားစု(မိဘ မေတ္တာတိုင်းရင်းဆေးဆိုင် မြို့မဈေးကြီး)တို့က တိုင်းရင်းဆေးဝါးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

လေးဝတီထွန်းစောခိုင်

တစ်ရက်လျှင် ငွေကျပ် ၂၅သိန်း အရှုံးခံပြေးဆွဲနေသော မြို့ပတ်ရထား အထောက်အပံ့ရစေရန် မီးရထားပိုင်မြေများကို အသုံးချရန်လိုအပ်နေဟုဆို

သတင်း-ရဲခေါင်၊ မြတ်စန္ဒီသင်းဇော်

ရန်ကုန် ဇူလိုင် ၂၂

နေ့စဉ် ပုံမှန်ခေါက်ရေ ၂၀၀ ပြေးဆွဲပေးလျက်ရှိပြီး တစ်ရက်လျှင် ငွေကျပ် ၂၅သိန်းကျော် အရှုံးခံပြေးဆွဲနေသော ရန်ကုန်မြို့ပတ်ရထားများ အထောက်အပံ့ ဖြစ်စေရန်အတွက် မီးရထားပိုင်မြေများကို စနစ်တကျ အသုံးချခြင်းဖြင့် ဝင်ငွေရရှိအောင် လုပ်ဆောင်သွားရန် လိုအပ်သည်ဟု မြန်မာ့မီးရထားပို့ဆောင်ရေးမှ လက်ထောက်အထွေထွေမန်နေဂျာဦးကျော်ကျော်မျိုးက မြန်မာ့အလင်းသို့ ပြောကြားသည်။

ပြောကြား

"မြို့ပတ်ရထားကို နေ့စဉ် ငွေကျပ် ၂၅သိန်းအရှုံးခံပြေးဆွဲနေတာ အခုမှမဟုတ်ပါဘူး။ အရင်ကတည်းကပါ။ အရှုံးခံပြေးဆွဲရတဲ့ အဓိကရည်ရွယ်ချက်ကတော့ ခရီးသွားပြည်သူတွေနဲ့ ကျောင်းသား ကျောင်းသူတွေ လိုရာခရီးကို ငွေကြေးသက်သက်သာသာနဲ့ ရောက်ရှိဖို့ရယ်၊ တစ်နိုင်တစ်ပိုင် ရောင်းဝယ်သူတွေ အဆင်ပြေစေဖို့ပါ။ လှော်ကားဘက်မှာဆိုရင်လည်း ကုန်စိမ်းရောင်းသူတွေ၊ အထမ်းသမားတွေက သူတို့ရဲ့ ကုန်ပစ္စည်းတွေကို ဈေးသက်သက်သာသာနဲ့ သယ်ယူပြီး ရန်ကုန်မြို့ထဲမှာ သက်သက်သာသာနဲ့ ရောင်းချချင်တယ်။ အဲ့ဒီလို ပုံစံမျိုးလေးတွေရှိတော့ နှစ်ပေါင်းများစွာကတည်းက တမင်တကာ အရှုံးခံပြေးဆွဲနေတာပါ"ဟု မြန်မာ့မီးရထားမှ တာဝန်ရှိသူက အရှုံးခံပြေးဆွဲရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

မြို့ပတ်ရထား ပြေးဆွဲခြင်းမှ နေ့စဉ် ငွေကျပ် ၂၅သိန်းဆုံးရှုံးမှုသည် နေ့စဉ်မြို့ပတ်ရထားခေါက်ရေ ၂၀၀ ပြေးဆွဲမှုတွင် သုံးစွဲရသော ဆီဖိုးနှင့် ပြေးဆွဲမှုတွင်ရရှိသော ဝင်ငွေကို အချိုးကျတွက်ချက်ခြင်းသာ ဖြစ်ကြောင်း သိရှိရပြီး မြို့ပတ်ရထား ပြေးဆွဲရာတွင် နေ့စဉ်ဆုံးရှုံးသော ငွေကြေးကို ပြန်လည် ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရန်ကုန်-မန္တလေးကဲ့သို့ ခရီးဝေးပြေးဆွဲသော ခရီးဝေးသွားရထားများနှင့် ကုန်တင်ရထားတွဲများမှ ဝင်ငွေပြန်လည်ရရှိကြောင်း သိရသည်။ ယင်းသို့ ခရီးဝေးသွားရထားတွဲများမှ ဝင်ငွေပြန်လည်ရရှိအောင် လုပ်ဆောင်နေသော်လည်း အမြန်လမ်းမကြီးများ ပေါ်ပေါက်လာပြီးနောက် ခရီးဝေးသွားကားကြီးများနှင့် ကုန်တင်တွဲကားကြီးများ ပြေးဆွဲလာကြသောကြောင့် ယှဉ်ပြိုင်နိုင်အောင် လုပ်ဆောင်ရန် လိုအပ်လျက် ရှိနေပြီဖြစ်ကြောင်း မြန်မာ့မီးရထားမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

လုပ်ဆောင်

ထိုကဲ့သို့ ဟိုင်းဝေးပြေးဆွဲသော ခရီးသည်တင် ကားကြီးများနှင့် ကုန်တင်ကားကြီးများ ပေါ်ပေါက်လာသောကြောင့် မြို့ပတ်ရထားများ အရှုံးခံပြေးဆွဲမှုတစ်ခုသာမကဘဲဒေသဖွံ့ဖြိုးရေးအတွက် လမ်းသစ်ဖောက်ရထားပြေးဆွဲနေရမှုနှင့် နိုင်ငံတော်နှင့် ပတ်သက်သော လိုအပ်ချက်များ အပေါ်တွင် ရထားပြေးဆွဲနေမှုများကို အထောက်အကူဖြစ်စေရန် မီးရထားပိုင်မြေများကို အခြားနည်းလမ်းဖြင့် ဝင်ငွေရရှိအောင်လုပ်ဆောင်ရမည်ဖြစ်သည်။

"မြန်မာ့မီးရထားက အရှုံးခံနေရတဲ့ငွေတွေကို အခြားနည်းလမ်းနဲ့ ပြန်ဖြည့်ရမယ်။ မီးရထားမြေတွေကို စနစ်တကျ အသုံးချဖို့ဆိုတာကလည်း အချက်တစ်ချက်ပေါ့။ မီးရထားနဲ့ မသက်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်း Non-Railway Business ပေါ့။ နောင်ရေရှည်မျှော်မှန်းပြီး မီးရထားပိုင်မြေတွေကို အခြားစီးပွားရေးလုပ်ငန်းအတွက် အသုံးချနိုင်မယ်ဆိုရင် အထောက်အပံ့များစွာ ရလာနိုင်ပါတယ်"ဟု ဦးကျော်ကျော်မျိုးက သုံးသပ်ပြောကြားသည်။

မြို့ပတ်မီးရထားတွင် နေ့စဉ် ပြည်တွင်းခရီးသည် ၉၀၀၀၀နှင့်ပြည်ပခရီးသည် ၅၀ ခန့် လိုက်ပါ စီးနင်းလျက်ရှိပြီး နေ့စဉ်ခေါက်ရေ ၂၀၀ ပြေးဆွဲလျက်ရှိသည်။ ခရီးဝေး သွားရထားကြီးများသည် မြို့လယ်ကောင်တွင် ဘူတာရုံရှိပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့များသို့ အစဉ်လိုက်ပြေးဆွဲဖြတ်သန်းသွားလာသော ကြောင့်ဟိုင်းဝေးကားများကဲ့သို့ ထပ်မံရွှေ့ပြောင်းစီးနင်းရမှု နည်းပါးသော်လည်း အချိန်ကြာမြင့်ခြင်း၊ ဈေးနှုန်းကွာဟမှုမရှိခြင်းတို့ကြောင့် ခရီးဝေးသွားသူ၏ အသုံးပြု ရွေးချယ်မှုအပေါ် မူတည်နေကြောင်း သိရသည်။

စိန်နှင့်ရွှေ ဆင်သေချောင်း ပေါင်းကူးတံတားသစ်ဖွင့်

နေပြည်တော် ဇူလိုင် ၂၂

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဌ ဆရာတော်က ဦးစီး၍ စိန်ရောင်ခြည်ကားဂိတ်နှင့် ရွှေမြို့ကြီး အရှေ့ရွာတို့ကို ဆက်သွယ်တည်ဆောက်ထားသော ကိုယ့်အားကိုယ်ကိုး စိန်နှင့်ရွှေ ဆင်သေချောင်း ပေါင်းကူးတံတားသစ်ဖွင့်ပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက ကျင်းပရာ ဆရာတော် သံဃာတော်များက အရှည်ပေ ၃၅၀၊ အကျယ် ၁၂ ပေရှိ စိန်နှင့်ရွှေ ဆင်သေချောင်း ပေါင်းကူးတံတားသစ်ပေါ်၌ ပရိတ်တရားတော်များ ရွတ်ဖတ်ခဲ့ပြီးနောက် **(အပေါ်ပုံ)** ရွှေမြို့ကြီး ဂိုဏ်းထောက်ဆရာတော် ဘဒ္ဒန္တဉာဏိဿရိယနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူ၊ တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးသန်းဇော်ထူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။ **(၄၁၇)**

ကျန်းမာရေးဝန်ထမ်းများအား စံညွှန်းကုထုံးလက်စွဲစာအုပ်ပေး

စစ်တွေ ဇူလိုင် ၂၂

ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်း၏ လမ်းညွှန်ချက်အရ စစ်တွေမြို့နယ်ရှိ အခြေခံကျန်းမာရေးဝန်ထမ်းများအား စံညွှန်းကုထုံးလက်စွဲစာအုပ်ပေးအပ်၍ သင်တန်းဆင်းပွဲအခမ်းအနားကို မင်းစံဒေသန္တရကျန်းမာရေးဌာန သင်တန်းခန်းမ၌ ဇူလိုင် ၁၅ ရက် နံနက် ၁၁ နာရီက ကျင်းပရာ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော့သာစိန်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး အခြေခံကျန်းမာရေးဝန်ထမ်းများအား စံညွှန်းကုထုံးလက်စွဲစာအုပ်များကို ပေးအပ်သည်။ သင်တန်းကို ဇူလိုင် ၁၅ ရက်မှ ၁၈ ရက်အထိ တက်ရောက်ကြရမည်ဖြစ်ပြီး ဒေါက်တာကျော့သာစိန်(မြို့နယ်ဆရာဝန်ကြီး)၊ ဒေါက်တာကြည်ကြည်သာ (ဒေသန္တရကျန်းမာရေး)၊ ဒေါက်တာအောင်သူရ(သွားနှင့်ခံတွင်း)နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သင်ကြားရေးအဖွဲ့ဝင်ဆရာ ဆရာမများက သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းသို့ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများမှ အခြေခံကျန်းမာရေးဝန်ထမ်း ၆၂ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။ **လေးဝတီထွန်းစောခိုင်**

မြန်မာ့လေကြောင်းမှ ပြည်တွင်းခရီးစဉ်များအတွက် ခရီးသွားပြည်သူများ လေယာဉ်လက်မှတ်များနှင့် လေယာဉ်စင်းလုံးငှားရမ်းမှုများ ကြိုတင်ဆက်သွယ်နိုင်

ရန်ကုန် ဇူလိုင် ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းဖြင့် ပြည်တွင်းခရီးစဉ်များအတွက် ခရီးသွားကြသည့် မိဘပြည်သူများ ကြိုတင်လက်မှတ်များ ဝယ်ယူရေး၊ လုပ်ငန်းများ အဆင်ပြေစွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန် စီးပွားရေးလုပ်ငန်းများအတွက် မြန်မာ့လေကြောင်းမှ လေယာဉ်များ စင်းလုံးငှားရမ်းခြင်းများ ဆောင်ရွက်နိုင်ရန် ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ ထုတ်ပြန်ကြေညာပါသည်။ မိမိတို့နေထိုင်ရာ မြို့များရှိ မြန်မာ့လေကြောင်းရုံးခွဲများသို့ ကိုယ်တိုင်ဆက်သွယ်စုံစမ်းနိုင်ရန်အတွက်လည်း ပြည့်စုံစွာဖော်ပြထုတ်ပြန်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်- ရန်ကုန်-၀၁-၃၇၈၆၀၃/၃၇၈၆၀၄/၃၇၈၆၀၆/၃၇၈၆၀၈/၃၇၄၈၇၄/၃၇၇၈၄၁/၀၉-၄၂၁၁၆၉၅၅၁/၀၉-၄၂၁၁၆၉၅၅၃/၀၉-၄၂၁၁၆၉၅၅၄/၀၉-၄၂၁၁၆၉၅၅၂၊ လေဆိပ်-၀၁-၅၃၃၀၉၅/၅၃၃၀၉၆၊ နေပြည်တော်-၀၆၇-၄၁၁၄၃၃/၀၉-၈၃၀၃၇၀၉/၀၉-၈၃၀၃၇၀၈၊ မန္တလေး-၀၂-၃၆၂၂၁/၃၆၂၂၂/၂၇၀၄၈/၀၉-၂၀၂၂၉၈၉/၀၉-၂၀၅၇၉၂၄၊ မြစ်ကြီးနား-၀၇၄-၂၂၅၄၅/၀၉-၄၇၀၀၆၄၄၄၊ ပူတာအို-၀၉-၈၄၀၁၁၀၈၀၊ ဗန်းမော်-၀၇၄-၅၀၂၆၉/၀၉-၄၇၀၂၅၈၇၇၊ ကလေး-၀၇၃-၂၁၁၂၄/၀၉-၆၄၇၂၇၃၇၊ ခန္တီး-၀၁၀-၄၃၂၀၂၄၉၊ ဟုမ္မလင်း-၀၁၀-၄၃၃၈၀၃၉၊ မုံရွာ-၀၇၁-၂၃၅၀၀/၀၉-၆၄၅၀၆၄၉၊ ညောင်ဦး-၀၉-၂၀၄၀၂၃၁၊ စစ်တွေ-၀၄၃-၂၃၁၅၇/၂၄၀၂၂/၀၉-၈၅၀၁၅၀၉၊ ကျောက်ဖြူ-၀၄၃-၄၆၀၄၃/၀၉-၈၅၁၀၅၁၃၊ သံတွဲ-၀၄၃-၆၅၃၃၇/၄၂၂၇၄/၀၉-၈၅၁၅၇၃၇၊ အမ်း-၀၉-၄၉၆၆၄၇၁၁၊ တောင်ကြီး-၀၈၁-၂၁၂၁၅၆၅/၀၉-၅၂၁၄၃၇၀၊ ဟဲဟိုး-၀၈၁-၆၁၀၄၇/၀၉-၈၃၅၀၉၃၃၊ တာချီလိတ်-၀၈၄-၅၁၄၈၉/၀၉-၅၂၄၂၄၈၉၊ ကျိုင်းတုံ-၀၈၄-၂၁၁၆၂/၀၉-၅၂၅၂၅၉၉၊ လားရှိုး-၀၈၂-၂၃၉၅၄/၀၉-၅၂၆၂၈၅၉၊ မိုင်းဆတ်-၀၈၄-၆၀၄၀၃၊ မြိတ်-၀၅၉-၄၁၀၂၆/၄၁၁၀၈/၀၉-၈၇၆၁၀၀၂၊ ကော့သောင်း-၀၅၉-၅၁၁၁၆/၀၉-၅၆၄၅၂၉၂၊ ဘုတ်ပြင်း-၀၅၉-၅၀၀၁၄/၀၉-၈၇၉၂၀၅၃၊ ထားဝယ်-၀၅၉-၂၁၀၇၀/၀၉-၈၇၄၂၆၈၉၊ မော်လမြိုင်-၀၅၇- ၂၁၅၀၀/၀၉-၈၇၁၈၂၂၀။ **(သတင်းစဉ်)**

မောင်းနှင်ထွက်ပြေးသောကားမှ အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

ဝေါ ဇူလိုင် ၂၂

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်း-ဒိုက်ဦးလမ်းဆုံရှိ ရန်ကုန်-မြဝတီလမ်းကြောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့်တရားမဝင်ကုန်သွယ်မှု ထိန်းသိမ်းရေးရွှေ့လျားအဖွဲ့ အမှတ်(၂)လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် "စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုများ လျှော့နည်းကျဆင်းရေးတို့အတွက် စစ်ဆေးဆောင်ရွက်နေခြင်းဖြစ်ပါ၍ ကြည်ဖြူစွာ စစ်ဆေးခံပေးပါရန် မေတ္တာရပ်ခံပါသည်"ဟု စာလုံးနီကြီးဖြင့် ဆိုင်းဘုတ်ချိတ်ဆွဲထားသော်လည်း ယာဉ်ကြီး၊ ယာဉ်ငယ်များသည် အရှိန်ပြင်းစွာမောင်းနှင် ထွက်သွားသည်ကို မကြာခဏကြုံတွေ့ခဲ့ရသည်။ ဇူလိုင် ၁၆ ရက် ည ၁၁ နာရီ ၄၅ မိနစ်တွင် ရွှေ့လျားအဖွဲ့ အမှတ်(၂)အဖွဲ့ခေါင်းဆောင် ဝေါမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးသန်းဝင်း၏ ကြီးကြပ်မှုဖြင့် ညောင်ခါးရှည်ရဲစခန်းမှ ဒုရဲအုပ်သန်းထိုက်နှင့်အဖွဲ့သည် အရှိန်ပြင်းစွာ မောင်းနှင်ထွက်ပြေးသွားသော မော်တော်ယာဉ်ကို ဝေါမြို့နယ် အဗျားကျေးရွာအုပ်စု မိုင်တိုင်အမှတ် (၇၄)မဝါးတံတားအနီး၌ ဖမ်းဆီးမိခဲ့သည်။ အဆိုပါ မော်တော်ယာဉ်ကို ရွှေ့လျားအဖွဲ့စခန်းသို့ခေါ်ဆောင်လာပြီး စစ်ဆေးရှာဖွေရာ ဘီယာ (8.6) ရှစ်ဖာနှင့် ဘီယာချမ်း ဖာ ၇၁၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** **သုလင်း(ဟံသာမြေ)**

ပြည်သူလူထုအခြေပြု တီဘီရောဂါစောင့်ရှောက်မှုလုပ်ငန်း အလုပ်ရုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၂

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံ၌ ပြည်သူလူထုအခြေပြု တီဘီရောဂါစောင့်ရှောက်မှုလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၈ ရက်က ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှလှကြည်က အမှာစကားပြောကြားသည်။ **(ယာပုံ)**

အခမ်းအနားတွင် တီဘီရောဂါအဖြစ်အများဆုံး ၂၂ နိုင်ငံတွင် တစ်နိုင်ငံအပါအဝင်ဖြစ်ကြောင်း၊ TB,HIV အဖြစ်အများဆုံး ၄၁ နိုင်ငံတွင် ပါဝင်ကြောင်း၊ MDR အဖြစ်အများဆုံး ၂၅ နိုင်ငံတွင် မြန်မာနိုင်ငံပါဝင်ကြောင်း၊ တီဘီရောဂါတိုက်ဖျက်တဲ့အခါ ထိရောက်သော လုပ်ဆောင်ချက်များ ပြုလုပ်ရမည်ဖြစ်ကြောင်း စေတနာ့ဝန်ထမ်းများကို ဇူလိုင် ၁၈ ရက်က သင်တန်းစတင်ပေးပြီး သင်ကြားပေးခဲ့ကြောင်း၊ တစ်နှစ်နှစ်ကြိမ် ရပ်ရွာများအတွင်း ကွင်းဆင်းလေ့လာမှုပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆရာဝန်အသင်းအဖွဲ့များ၊ သူနာပြုအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများ၊ စေတနာ့ဝန်ထမ်းများ စုစုပေါင်း လူဦးရေ ၈၀ ခန့်တက်ရောက်ဆွေးနွေးကြောင်း သိရသည်။ **(၁၄၅)**

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်၌ ကြက်များဖမ်းရာမှ ဓာတ်လိုက်သေဆုံး

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်၌ ကြက်လိုက်ဖမ်းရာမှ ဆားဗစ်ကြိုးကို ထိမိပြီး ဓာတ်လိုက်သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၀ ရက် ညနေ ၆နာရီခွဲခန့်က အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ပိတောက်ရိပ်သာ (၃) လမ်းနေ ဦးကျော်ဇေယျ (၃၆ နှစ်) သည် ၎င်း၏နေအိမ်တွင် မွေးထားသော ကြက်များလိုက်ဖမ်းရာမှ ငါးအိမ်မြောက်အရောက်တွင် ခြံစည်းရိုးပေါ်တက်၍ ကြက်ဖမ်းစဉ် ဆားဗစ်ကြိုးကိုထိမိပြီး ဓာတ်လိုက်ခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်နေရာသို့ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများရောက်ရှိလာပြီး ဓာတ်လိုက်ခံရသူကို အင်းစိန်ဆေးရုံကြီးသို့ပို့ဆောင်ရာ ဆေးရုံ၌ သေဆုံးသွားခဲ့သည်။ အင်းစိန်ဆေးရုံမှ အလောင်း အမှတ်-PR-၀၆ ဖြင့် လက်ခံထားပြီး အင်းစိန်ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **မြင့်ဦး(အင်းစိန်)**

ပြည်တွင်းသတင်း

❄ ရှေ့ဖုံးမှ

ဇယဓာတ်ပေါင်းစုစေတီနှင့် စေတီတော်ပရိဝုဏ်အတွင်းရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၌ ဝါဆိုဦးသီလဆောက်တည်သူ နေပြည်တော်ရှိ ဝန်ထမ်းမိသားစုများ၊ ပတ်ဝန်းကျင်ဒေသရှိ ကျေးရွာများမှ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိပြီး နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ ဆုတောင်းပြည့် လောကမာရဇိန်၊ ဘုရားကိုးဆူနှင့် ကိုးခမ်းကြီးဘုရားတို့၌လည်း ဒေသနေပြည်သူများက အရုဏ်ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာတရားပွားများခြင်း စသည့် ဒါနသီလဘာဝနာကုသိုလ်ပုညဆည်းပူးကြသူများ၊ မိသားစုအလိုက် ဘုရားဖူးကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဝါဆိုလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ ဘုရား၊ စေတီ၊ ကျောင်း၊ ကန်များ၊ မြို့နယ်၊ ရပ်ကွက်၊ လမ်းများ၊ ဓမ္မာရုံများ၌ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာများနှင့်အညီ ဓမ္မစကြာအခါတော်နေ့ အထိမ်းအမှတ်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ဝါဆို လပြည့် (ဓမ္မစကြာ အခါတော်နေ့)တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော်၌ဘုရားဖူးလာ ပြည်သူ များ နှင့် စည်ကားနေသည်ကိုတွေ့မြင်ရစဉ်။ (သတင်းစဉ်)

သီဟိုဠ်ဦး ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကလေးဝကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ အနုမောဒနာတရားနာယူကြကာ ရေစက်သွန်းချအမျှပေးဝေကြသည်။

မွန်းလွဲ ၁၂ နာရီခွဲတွင် ရွှေဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကျင်းပပြီး ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာဝတ်ရွတ်စဉ်များဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ဆူးလေစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ နံနက် ၈ နာရီတွင် စေတီတော်မုခ်လေးမုခ်ရှိ ဗုဒ္ဓရုပ်ပွားတော်များနှင့် အတုလလှူဒါန်းကြသည်။ နန်းဦးဘုရားကြီးရောင်တော်ဖွင့်အဖွဲ့က နန်းဦးတန်ဆောင်း၌ သံဃာတော်များကို ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းသီလခံယူ ဆောက်တည်ကြကာ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၌ စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက်ပိုင်းတွင် ဗုဒ္ဓရုပ်ပွားတော်မုဒြာကိုးဆူအား ဝါဆိုရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ နံနက် ၁၀ နာရီတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဝါဆိုသင်္ကန်းများ၊ လှူဖွယ်ဝတ္ထုများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ဝေနေယျသုခဝတ်အဖွဲ့က ဓမ္မစကြာဒေသနာတော်များ ရွတ်ပွားပူဇော်ကြသည်။

သမိုင်းဝင်အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၌ နံနက် ၅ နာရီခွဲတွင် ဘုရားအနေကဇာတင်ခြင်း၊ ဆွမ်းတော်ကြီး ကပ်လှူခြင်း၊ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်ကြပြီး ဓမ္မစကြာအခါတော်နေ့ကို ကျင်းပသည်။

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ မဟာဝိဇယစေတီတော်တွင် ဘုရားဖူးလာပြည်သူများနှင့် စည်ကားနေသည်ကို တွေ့မြင်ရစဉ်။ ဓာတ်ပုံ(တင်စိုး-မြန်မာ့အလင်း)

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားများကို မွန်းလွဲ ၁ နာရီတွင် အာရုံခံတန်ဆောင်း အပေါ်ထပ်၌ ကျင်းပပြီး ဝတ်အသင်း ၂၁ သင်းမှ ဝတ်အသင်းသား အသင်းသူများက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

မွန်းလွဲ ၂ နာရီတွင် ဂေါပကအဖွဲ့က ဦးဆောင်ကာ ဝတ်အသင်းသား အသင်းသူများက ဗုဒ္ဓရုပ်ပွားတော်ခုနစ်ဆူတို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ မဟာဝိဇယစေတီတော်၊ သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော်၊ လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၊ မိုးကောင်းစေတီတော်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ မယ်လမုဘုရား၊ ဥက္ကလာပစေတီတော်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကျိုက္ကလို့၊ ကျိုက္ကလဲ့စေတီတော်၊ သန်လျင်မြို့ ကျိုက်ခေါက်စေတီ၊ ကျောက်တန်းမြို့နယ် ကျိုက်မှော်ဝန်း ရေလယ်ဘုရား၊ နှင့်အညီ ဓမ္မဒေသနာတော်များ ရွတ်ဖတ်ပူဇော်သံများ၊ စေတနာရှင်၊ အလှူရှင်များ၏ စတုဒိသာကျွေးမွေးလှူဒါန်းမှု အနုမောဒနာပြုသံများသည် မြို့လုံးအနှံ့ကြည်နူးဖွယ်ရာ ပျံ့နှံ့လျက်ရှိကြောင်း တွေ့ရသည်။

ဝါဆိုလပြည့်နေ့ ယနေ့တွင် မန္တလေးမြို့နှင့် အနီးဝန်းကျင်ရှိ တန်ခိုးကြီးဘုရား ပုထိုးတော်များ၌ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူအပေါင်းသည် နံနက်အရုဏ်တက်ချိန်မှစ၍ ဓမ္မစကြာအခါတော်နေ့ ပူဇော်ပွဲ ဝါဆိုဝါကပ်ပွဲ၊ ဝါဆိုပန်းကပ်လှူပူဇော်ပွဲ၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများ၊ ဆွမ်းလောင်းလှူဒါန်းပွဲများ၊ ရှင်ပြုပွဲတော် စသည့် ကုသိုလ်ကောင်းမှုတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်း၊ ရပ်ကွက်အသီးသီးရှိ ဓမ္မာရုံများ၌ ဆရာတော်များက သီလပေးတရားနှင့် နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားချီးမြှင့်တော်မူခြင်း စသည့် ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားစွာတွေ့ရသည်။

ယနေ့နံနက် ၄ နာရီတွင် သိုက်မြိုက်စွာ ကျင်းပကြသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ယနေ့နံနက် ၅ နာရီတွင် ရင်ပြင်တော်တောင်ဘက်မုခ် ဧည့်ခံတန်ဆောင်း၌ စေတီတော်အား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းကပ်လှူပူဇော်ကြသည်။

နံနက် ၆ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများက ဝါဆိုရွှေကြာသင်္ကန်းများအား စေတီတော်ရင်ပြင်၌ လှည့်လည်ပူဇော်ခံကာ ဘုရားလေးဆူနှင့် ပတ္တမြားမျက်ရှင်ဘုရားတို့အား ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ကြသည်။

နံနက် ၉ နာရီတွင် နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ခြောက်ထပ်ကြီးမာန်အောင် ရုပ်ပွားတော်မြတ်အား ဝါဆိုရွှေကြာသင်္ကန်းနှင့် သစ်သီးဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲ ၁ နာရီတွင် ဝန်ထမ်းဝတ်အဖွဲ့များက ကျက်သရေခန်းမ၌လည်းကောင်း၊ ညပိုင်းတွင် ဝန်းရံလေးမြို့နယ်မှ ဝတ်အဖွဲ့များက စေတီတော်မုခ်လေးမုခ်တွင် ဓမ္မစကြာဒေသနာတော်များကို ရွတ်ဖတ်ပူဇော်ကြ၍လည်းကောင်း ဓမ္မစကြာအခါတော်နေ့ကိုကျင်းပသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ နံနက်ပိုင်းတွင် ဇမ္ဗူဦးသျှောင် တိလောကမာန်အောင်ဘုရားကြီး ဝေယျာဝစ္စအဖွဲ့က ဆရာတော် သံဃာတော်များထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြကာ ဝါဆိုသင်္ကန်းများ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပွင့်စေတီတော်၌ ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက် ၅ နာရီခွဲတွင် စေတီတော်အား သစ်သီးဆွမ်း၊ မုန့်ဆွမ်းများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေဘုန်းပွင့်စေတီတော်ဝင်းအတွင်းရှိ ဘုန်းကြီးကျောင်းခြောက်ကျောင်းမှ ဆရာတော် သံဃာတော်များအား နံနက်အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ နံနက် ၉ နာရီခွဲတွင် သာသနာ့ဇောတိက ဓမ္မာရုံကြီး၌ သီရိမင်္ဂလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိဿရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ညနေ ၃ နာရီတွင် (၅၆) ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို သာသနာ့ဇောတိက ဓမ္မာရုံကြီး၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ထံမှ ပရိသတ်များက ကိုးပါးသီလခံယူ ...

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ဆင်ဖြူတော်ထားရှိဆောင်တွင် လာရောက်ကြည့်ရှုသူများနှင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရစဉ်။ (သတင်းစဉ်)

များ ဆက်ကပ်ကြပြီး ဓမ္မစကြာအခါတော်နေ့ကို ကျင်းပသည်။

ယင်းနောက် မရမ်းကုန်းမြို့နယ် အောင်ဗိမာန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအာဒိစ္စထံမှ ပရိသတ်က ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး မွန်းလွဲ ၁ နာရီတွင် နန်းညွှန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါယမက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူသည်။

ခရမ်းမြို့ သွန်းဘုရားကြီး အပါအဝင် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီ၊ သိမ်၊ ကျောင်း၊ ကန်၊ ဇရပ်၊ ဓမ္မာရုံတို့၌ ဓမ္မာစကြာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ဆွမ်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ ဒါန၊ သီလဘာဝနာ ပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ထို့အပြင် ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာ မန္တလေးမြို့ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် ဘန္ဒန္တဥက္က၌ အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်းရေချမ်းကပ်လှူပူဇော်ကြသည်။ ဗုဒ္ဓဘာသာဝင် သူတော်စင် ရဟန်းရှင်လူပြည်သူများကိုလည်း မဟာမုနိရုပ်ရှင်တော်အား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်းရေချမ်းကပ်လှူခြင်း၊ ဖယောင်းဆီမီးပူဇော်ခြင်း၊ ရေ

(၈၅)ကြိမ်မြောက် ဝါဆိုခြင်းပွဲတော်

မန္တလေး ဇူလိုင် ၂၂

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မဟာမုနိဘုရားကြီး ၄၅ တာကွင်းအတွင်းရှိ ဝါဆိုခြင်းလုံးအားကစားရုံ၌ (၈၅)ကြိမ်မြောက် ဝါဆိုခြင်းပွဲတော်ကို ယနေ့နံနက် ၉ နာရီမှ ည ၁၂ နာရီခွဲအထိ ကျင်းပရာ မဟာစည်သူ၊ သန်းမောင်လေး၊ စုစုလှိုင်၊ တိုင်းမင်းသားများ၊ ပိုင်စိုးကျောက်မျက်၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ မန္တလာညွှန့်၊ မစ္စတာဂျိန်း(အမေရိကန်)၊ ကိုကျော်နိုင်(ဂျပန်)၊ ကျော်(၆)ကျော်နှင့် ကျန်ခြင်းလုံးအသင်းတို့က ခြင်းလုံးကစားလျက်ရှိရာ ခြင်းလုံးဝါသနာရှင်ပြည်သူများ၊ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း တွေ့ရှိရသည်။

တင်မောင်(မန္တလေး)

သပ္ပာယ်ခြင်း၊ ငါးကန်တွင် ငါးလွှတ်ခြင်း၊ အစာကျွေးခြင်း၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာဝတ်ရွတ်ပူဇော်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားအားထုတ်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားစွာတွေ့ရသည်။

ထို့ပြင် မန္တလေးအရှေ့ပြင်လုံးဆိုင်ရာ မဟာလောက ရန်နိုင်အောင်တော်မူ ဆုတောင်းပြည့်ဘုရား၊ ကုသိုလ်တော်စန္ဒာမုနိ၊ ကျောက်တော်ကြီး၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ ရွှေကျီးမြင်ဘုရား၊ ချမ်းသာကြီးဘုရား၊ တဝဂူဘုရား၊ ဆုတောင်းပြည့်ဘုရားနှင့် ဘုရားပုထိုးစေတီ ကျောင်းကန်များတွင် ဥပုသ်သီလ ဆောက်တည်တရားအားထုတ်သူများ အလှူဒါနကောင်းမှုပြုသူများဖြင့် စည်ကားများပြားလှပြီး အထူးသဖြင့် မဟာမြတ်မုနိဘုရားကြီးတွင် တိုးမပေါက်အောင် အထူးစည်ကားလှသည်ကို တွေ့ရှိရပြီး ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ ညပိုင်းတွင် အထူးစည်ကားလှသည်ကို တွေ့ရှိရသည်။ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ ညပိုင်းတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဆရာတော်၊ သံဃာတော်များက တရားချီးမြှင့်တော်မူကြောင်း သိရှိရသည်။

သတင်းစဉ်နှင့်တင်မောင်(မန္တလေး)

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် မန္တလေး မဟာမြတ်မုနိဘုရား၌ ဘုရားဖူးလာပြည်သူများနှင့် စည်ကားနေသည်ကို တွေ့မြင်ရစဉ်။

တင်မောင်(မန္တလေး)

ပြည်တွင်းသတင်း

ဘုရားရွှေတိဂုံသမိုင်း ပြဇာတ်အခွေ ဖြန့်ချိရောင်းချ

ရန်ကုန် ဇူလိုင် ၂၂

ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ရွှေတိဂုံစေတီတော်နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော်၌ ကပြသည့် မြတ်ဘုရားရွှေတိဂုံသမိုင်းပြဇာတ် DVD ခွေအား ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရွှေတိဂုံစေတီရင်ပြင်ရှိ စနေထောင့်၌ ဘုရားဖူးပြည်သူများအား တစ်ခွေလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ဖြန့်ချိရောင်းချသည်။

အဆိုပါ မြတ်ဘုရားရွှေတိဂုံသမိုင်းပြဇာတ် DVD အခွေ စတင်ဖြန့်ချိရောင်းချရာသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်၊ ဌာနမှူးများနှင့်ဆရာ ဆရာမများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကိုယ်တိုင်ပါဝင်ကပြခဲ့သော ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာနမှ ကျောင်းသားကျောင်းသူများက ကိုယ်တိုင်လာရောက် ရောင်းချဖြန့်ချိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၂၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၉) ကော်လံ (၁)ပါ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ အမည်ကို **ဗိုလ်ချုပ်နေလင်း**ဟု ပြင်ဆင်ဖတ်ရှုပါရန်နှင့် မှားယွင်းမှုအတွက် သတင်းဆောင်းပါးရေးသားသူမှ အနူးအညွတ် တောင်းပန်အပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

သူရဇော်(သတင်းစဉ်)

ဝါဆိုဦးအလှူ ဆွမ်းလောင်းဓမ္မာရုံ ဆောက်လုပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် ၁၄၇ လမ်း မိသားစုက ဝါဆိုဦးအလှူအဖြစ် စုပေါင်းဆောက်လုပ်လှူဒါန်းသည့် ရပ်ကွက်ဆွမ်းလောင်းဓမ္မာရုံသစ် ဖွင့်လှစ်ခြင်း၊ ဓမ္မာရုံအတွင်း အပူဇော်ခံထားရှိမည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ တာမွေမြို့နယ် သီရိမင်္ဂလာကျောင်းတိုက်မှ ပင့်သံဃာတော်ငါးပါးတို့အား ဝါဆိုသင်္ကန်းနှင့် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းခံကြွသံဃာတော်များအား စုပေါင်းဆွမ်းလောင်းလှူခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခြင်းစသည့် ကုသိုလ်ပြုမှုများကို ယနေ့ (ဝါဆိုလပြည့်နေ့) နံနက် ၅ နာရီခွဲတွင် အဆိုပါဆွမ်းလောင်းဓမ္မာရုံသစ်၌ ကျင်းပသည်။

ဆွမ်းလောင်းဓမ္မာရုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် လမ်းမိသားစုဝတ်ရွတ်အဖွဲ့ဝင်များက ယမန်နေ့ညနှင့် ယနေ့ညပိုင်းတို့တွင် ဝတ်ရွတ်စဉ်များဖြင့် ဝတ်ရွတ်ပူဇော်ကြသည်။

ကိုချစ်

နွေ၊ မိုး၊ ဆောင်း သုံးရာသီစပါးနှင့် အခြားသီးနှံများစိုက်ပျိုးလို့ရအောင် ရေနုတ်မြောင်းကြီးများ တူးဖော်ပေးသောဆည်မြောင်းဦးစီးဌာနအား လယ်သမားဦးကြီးများ၏ ကျေးဇူးတင်စကားသံများ

ရေး – ဝင်းဝင်းမော်
ဓာတ်ပုံ – ဇော်မင်းလတ်

ရန်ကုန် တောင်ပိုင်းခရိုင်ရှိ ကော့မှူး- ကွမ်းခြံကုန်းဒေသသည် သခွပ်မြစ်အပါအဝင် ဒေသတွင်းစီးဆင်းသော ချောင်း၊မြောင်းများ၏ နုန်းပို့ချမှု များပြားလာမှုကြောင့် တစ်စတစ်စ တိမ်ကောပျောက်ကွယ်သွားရာမှ ရေစီးဆင်းရာထွက်ပေါက်များမရှိတော့သဖြင့် နှစ်စဉ် ရေကြီးနစ်မြုပ်မှုကို ကြုံတွေ့ရကာ စိုက်ပျိုးချိန်ရာသီတွင် တောင်သူဦးကြီးများ အခက်တွေ့ရလေ့ရှိ၏။

ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနသည် စိုက်ပျိုးချိန်ရာသီတွင် စိုက်ပျိုးရေရရှိရေး၊ ရေငန်ဝင်ရောက်မှုကာကွယ်နိုင်ရေး ရည်ရွယ်ကာ ရေတံခါးသစ်များ တည်ဆောက်ခြင်း၊ အဟောင်းပြုပြင်ပေးခြင်း၊ ချောင်းကော၊ မြောင်းကောများ ပြန်လည်တူးဖော်ပေးခဲ့မှုကြောင့် ရေကြီးနစ်မြုပ်ဒေသရှိ လယ်ယာမြေများ၌ ရေတော် မိုးတော်စိုက်ပျိုးနိုင်အောင် မြောင်းကြီးလေးမြောင်းတူးဖော်ခြင်းအား ၁၉၉၇-၁၉၉၈ ခုနှစ်မှ ၂၀၀၂-၂၀၁၃ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။

မိုးရာသီတွင် ရေနုတ်ပေးရန်၊ မိုးရာသီကုန်ဆုံးချိန်တွင် နွေစပါးနှင့် ဆောင်းသီးနှံအတွက် ရေချိုသိုလှောင် ထိန်းသိမ်းနိုင်ရန်အတွက် (စုစုပေါင်းအလျားမိုင် ၆၁ ဒသမ ၅၂ မိုင်)ရှိ ၎င်းမြောင်းကြီး လေးမြောင်းမှ အဓိကထား၍ ကွမ်းခြံကုန်းရေတံခါး၊ တော်ခရမ်းကြီး ရေတံခါးနှင့် ခလောက်တစ်ရာရေ တံခါးသုံးလုံးတို့ဖြင့် တစ်နှစ်ပတ်လုံး ရေများရှိအောင် ရေသွင်းရေနုတ် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယခုနှစ်တွင် အလျားမိုင် ၁၆ ဒသမ ၇ မိုင် အမှတ်(၁) ရေနုတ်မြောင်း (ရေဖြူတွင်းပြည်တော်သာ-ဦးဖိုးစိန်)ရွာများသို့ ဖြတ်သန်း၍လည်းကောင်း၊ အလျား ၁၂ ဒသမ ၂၁ မိုင်ရှိ အမှတ်(၂) ရေနုတ်မြောင်း (ကြာကန်-မယ်ဖော့ကန်)ကျေးရွာများသို့ ဖြတ်သန်း၍လည်းကောင်း၊ ဖလေးချောင်းအပါအဝင် ကော့မှူးမြို့နယ်အတွင်း ခုနစ်မြောင်း၊ တွံတေးမြို့နယ်တွင် ၃၄ မြောင်း၊ ကွမ်းခြံကုန်းမြို့နယ်တွင် ခြောက်မြောင်း၊ ဒလမြို့နယ်တွင် ၁၃ မြောင်းတို့ကို

လယ်ဧက ၃၀ ရှိ ကော့မှူးမြို့နယ် ရေတိမ်ကျေးရွာမှ တောင်သူ ကိုအောင်ကိုလတ် ပြောကြားစဉ်။

လယ် ၄၂ ဧက ရှိ ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာမှ တောင်သူဦးကြီး ဦးဝင်းမြင့် ပြောကြားစဉ်။

လယ်ဧက ၄၀ ရှိ ကော့မှူးမြို့နယ် ကန်သုံးကန်ကျေးရွာမှ တောင်သူဦးကြီး ဦးမြင့်သိန်း ပြောကြားစဉ်။

တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးခဲ့မှုကြောင့် ရေနက်ကွင်းဒေသ၏ စိုက်ပျိုးမြေများကို ရေတော်မိုးတော်စပါး အပါအဝင် ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးလာနိုင်ခဲ့ကြောင်း သိရသည်။ ၎င်းကျေးရွာများရှိ တောင်သူဦးကြီးများ၏ ဝမ်းသာပီတိစကားသံများနှင့် စပ်လျဉ်း၍ လယ်ဧက ၄၀ ပိုင်ဆိုင်သူ ကော့မှူးမြို့နယ် ကန်သုံးကန်ကျေးရွာမှ ဦးမြင့်သိန်းက "မနှစ်က လယ်ထွန်လို့မရလို့ ရပ်ထားရတဲ့ လယ်တွေရှိတယ်။ ယခုလို ချောင်း၊ မြောင်းတူးပေးခဲ့မှုကြောင့် ချက်ချင်း ရေဆွဲသွားတယ်။ မိုးဘယ်လောက်ရွာရွာ ရေနုတ်သွားနိုင်တာကြောင့် စိုက်ပျိုးရတာ အင်မတန်ကောင်းတယ်၊ မနှစ်က တစ်ပွဲလုံးကို ၁၀ ဧကလောက်ပဲ စိမ်းတယ်၊ ယခုနှစ် တစ်ပွဲလုံး စိမ်းတယ်၊ မနှစ်က ကုန်ကျစရိတ်လောက် မကုန်ပါဘူး။ ကုန်ကျစရိတ်တွေလည်း သက်သာတယ်၊ ဒါပေမယ့် လတ်တလောလိုအပ်ချက်ကတော့ ရှိနေသေးတာပေါ့၊ အမှတ်(၂) ချောင်းမှာ ဘယ်၊ ညာတက်နေတဲ့ ချောင်းမြစ်လက်တက်တွေက ကောနေတယ်လေ၊ ရေဆွဲပေါက်လိုတာပေါ့။ ရေဆွဲတော့ဆွဲတယ်၊ နည်းတယ်။ နွေစပါးစိုက်ပျိုးချိန်ရာသီဆိုရင် နွေရေမရတော့ဘူး။ နွေစပါးစိုက်စားချင်တယ်။ အဲဒီချောင်းက ရေတက်မလာဘူး။ အဲဒါလေးတွေကိုပါ တစ်လက်စတည်းလုပ်ပေးစေချင်တယ်၊ ယခုနှစ်တော့ ရေနဲ့ပတ် သက်လို့ လယ်စိုက်ရတာ အဆင်ပြေတယ်" ဟု ပြောသည်။

လယ် ၄၂ ဧက ပိုင်ဆိုင်သူ ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာမှ လယ်သမားကြီး ဦးဝင်းမြင့်က "ဟိုတုန်းက ဇူလိုင်၊ ဩဂုတ်ဆို ကော့မှူးမြို့ရဲ့ တောက်လျှောက်ရေကြီးတဲ့ရာသီဖြစ်တယ်။ အခင်းတွေ အကုန်မြုပ်တယ်။ စက်နဲ့ထွန်ရင်လည်း ခရီးမရောက်ဘူး။ ရေများတော့ စပါးလည်းမကောင်းဘူး။ အပျက်အစီးအကုန်များတဲ့ ကာလပေါ့။ ကန်သင်းရိုးတောင် မမြင်ရဘူး။ အခုတော့ ကန်သင်းတွေမြင်နေရတယ်။ လယ်က ရေလွတ်ကြဲလို့ရတယ်။ ဒီရာသီမှာ လယ်ထဲမှာ ခရု၊ ကဏန်းတို့က စပါးပျိုးပင်တွေကို ဖျက်ဆီးတယ်။ ခရု၊ ကဏန်းက ရေမလွတ်ရင် မရဘူး။ ဟိုတုန်းကဆို ရေအလွန်ကြီးလို့ ရေနစ်လို့သေရတယ်။ ဒါ့အပြင် ခရု၊ ကဏန်းဖျက်တာကြောင့် လယ်တွေမရကြဘူး။ အခုတော့ ဦးလေးမှ မဟုတ်ဘူး၊ လယ်သမားတိုင်း စပါးရပါတယ်။ အင်မတန် ဝမ်းသာစရာကောင်းတယ်၊ အခုလို မြောင်းတွေဖောက်ပေးတာကြောင့် သွားရေး၊ လာရေးလည်း အဆင်ပြေတယ်။ ခရီးလည်း အင်မတန်ရောက်တယ်။ ဆည်မြောင်းက ယခုလို ဆောင်ရွက်ပေးခြင်းကြောင့် ရေသွင်း/ ရေထုတ် အင်မတန်ကျယ်တယ်။ ခါတိုင်းဆို ရေများနေရင် ဘယ်လို ထုတ်ရမှန်းမသိဘူး။ ဘယ်လောက်များလည်းဆိုရင် ခင်းထားတဲ့အခင်းကို ရေရောက်တယ်။ ကျွဲ၊ နွားတွေထားလို့မရဘူး။ ဘုရားကုန်းတွေမှာ ထားရတယ်။ အဲဒီဒုက္ခကို နှစ်တိုင်း ကြုံနေရတယ်။ အခုတော့ မြွေအန္တရာယ် မဖြစ်ဘူး။ အသက်အန္တရာယ် လုံခြုံစိတ်ချရတဲ့ အနေအထားဖြစ်သွားတယ်။ အခုတော့ ရေနက်ကွင်းတွေက သင့်သလောက် ရေတော် မိုးတော်ဖြစ်လာပါပြီ။ မမျှော်မှန်းနိုင်တဲ့ ချောင်းကြီး မြောင်းကြီးတွေ တူးပေးတယ်။ ရေနုတ်မြောင်းပေါင်ပေါ်မှာတောင် လူသွားလို့ရတယ်။ ဆက်ပြီး ကန့်လန့်ဖြတ်ချောင်းတွေ၊ တိမ်ကောနေတဲ့ ရိုးတွေပါ တူးပေးရင် ပိုမိုကောင်းမှာပါ"ဟု ပြောသည်။

လယ်ဧက ၃၀ ပိုင်ဆိုင်သူ ကော့မှူးမြို့နယ် ရေတိမ်ကျေးရွာမှ ကိုအောင်ကိုလတ်က အခုတော့ ချောင်း၊ မြောင်း အထိုက်အလျောက် တူးပေးတာကြောင့် အဆင်ပြေတယ်။ ရေမတော်မတရားမကြီးဘူး။ မိုးရွာလည်း ခဏလေးပဲ။ ချောင်းက ဆွဲသွားတဲ့အတွက် အဆင်ပြေတယ်၊ စိုက်ရတာ အဆင်ပြေတယ်"ဟု ဆိုသည်။

ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကလည်း "အခုလို ရေမြောင်းကြီးတွေကို နိုင်ငံတော်က စေတနာနဲ့ ဆောင်ရွက်ပေးခဲ့တာကြောင့် တူးဖော်ပြီးခဲ့တဲ့ မြောင်းတွေကို ထိန်းသိမ်းဖို့လိုအပ်တယ်။ တောင်သူလယ်သမားတွေကလည်း အသိစိတ်ဓာတ်နဲ့ မိမိတို့ရဲ့အဓိကကျတဲ့ ရေနုတ်မြောင်းကြီးတွေကို ပြန်လည်ပြီး ထိန်းသိမ်းပေးစေလိုပါတယ်။ လယ်မှာ ကန်သင်းလုံလုံလောက်လောက်ရှိဖို့လိုတယ်လို့ အကြံပြုချင်တယ်။ မြောင်းတွေကို သတ်မှတ်ထားတဲ့ အချိန်အတိုင်းအတာအတိုင်း ရေရှည်တည်တံ့ဖို့ မိမိတို့အသိစိတ်ဓာတ်နဲ့ ပါဝင်စေချင်တယ်။ ဥပမာ - စပါးစိုက်တော့မယ်ဆိုရင် ရေကျနောက်စိုက်နဲ့ နွေစပါးစိုက်ပျိုးဖို့ လယ်ယာမြေကို ဒိုက်ရှင်းတဲ့အချိန်မှာ စည်းကမ်းတကျလေး ဒိုက်ရှင်းစေချင်တယ်။ မိမိလယ်ယာမြေကဒိုက်ကို အလေ့အကျချောင်းထဲ မြောင်းထဲကို စွန့်ပစ်လိုက်တဲ့အခါ ချောင်း၊ မြောင်းက ရေစီးနှေးရင် မြစ်ထဲအထိ မသွားနိုင်တာကြောင့် ချောင်း၊ မြောင်းထဲမှာ တင်ကျန်နေပြီး ချောင်း၊ မြောင်းကောမှုပြဿနာဖြစ်လာတယ်။ ဒါကြောင့် မိမိလယ်ကွင်းထဲမှာ စနစ်တကျမီးရှို့၊ ကန်သင်းများပုံပြီး တစ်နည်းနည်းနဲ့ ထိန်းသိမ်းပေးစေချင်တယ်။ လယ်ယာမြေက စွန့်ပစ်တဲ့အမှိုက်၊ ကျေးရွာတွေကနီးတဲ့နေရာတွေမှာ စွန့်ပစ်တဲ့ အမှိုက်တွေကို ချောင်း၊ မြောင်းထဲချတာက အစ ထိန်းသိမ်းပေးစေချင်တယ်။ မဖြစ်မနေလိုအပ်လို့ မြောင်းကူးတံတားလုပ်တာကအစ စနစ်တကျ မြောင်းရဲ့အကျယ်ကို လိုက်လျောညီထွေရှိရှိ တည်ဆောက်စေချင်တယ်။ ဒီမှာ စက်တပ်ယာဉ်တွေ အသုံးပြုတာများတယ်။ စိုက်ပျိုးရေးအတွက် ရေနုတ်မြောင်းထဲကို သွားတဲ့အခါဆိုရင် စက်တပ်ယာဉ်ကို မသုံးရင် ပိုကောင်းမယ်။ သုံးမယ်ဆိုရင်လည်း ထိန်းထိန်းသိမ်းသိမ်း ဖြစ်စေချင်တယ်။ စက်တပ်ယာဉ်တွေသွားတာကြောင့် မြောင်းတွေရဲ့ ကမ်းပါးလျှောစောက်တွေ ပြိုကျပြီး မြောင်းကို ပိတ်သွားစေနိုင်တယ်။ ရေလုပ်ငန်းလုပ်တဲ့သူတွေကလည်း မြောင်းတွေထဲမှာ ရေလုပ်ငန်းဆောင်ရွက်တဲ့အခါ စိုက်ပျိုးရေးကိုမထိခိုက်စေသောနည်းနဲ့ ငါးဖမ်းစနစ်ကို အသုံးပြုစေချင်တယ်။ ရေစီးအားကို အရှိန်မြှင့်စေတဲ့နည်းများကိုအသုံးပြုရင် ရေစီးရေလာကို အနှောင့်အယှက်ဖြစ်ပြီး တိမ်ကောမှု အလျင်အမြန်ဖြစ်ပေါ်စေနိုင်တယ်။ ဆည်မြောင်းဦးစီးဌာနက တောင်သူတွေအတွက် လိုအပ်ချက်အသစ်တွေကို ဆောင်ရွက်ပေးချင်တာကြောင့် တောင်သူတွေက မြောင်းတွေကို ထိန်းသိမ်းမှုနဲ့ လက်တွဲဆောင်ရွက်ပေးဖို့ အကြံပြုချင်ပါတယ်" ဟု ပြောကြားသည်။

ဆည်မြောင်း ဦးစီးဌာနသည် အလျား ၁၆ ဒသမ ၁၄ မိုင်ရှိပြီး ထမ္မနိုင် - ညောင်ပင်သာ - ရေတိမ် - တော်ခရမ်းကျေးရွာများသို့ ဖြတ်သန်းသွားမည့် အမှတ်(၃) ရေနုတ်မြောင်းနှင့် အလျား ၁၆ ဒသမ ၄၇ မိုင်ရှိပြီး မဝန်း - ညောင်ပင်သာ - ခလောက်တရာကျေးရွာများသို့ ဖြတ်သန်းသွားမည့် အမှတ်(၄) ရေနုတ်မြောင်းတို့ကို ယခုနှစ် ပွင့်လင်းရာသီအတွင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အမှတ်(၂) မြောင်း အလျား ၁၂ ဒသမ ၂၁ မိုင်ရှိ (ကြာကန်–မယ်ဖော့ကန်)မြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ကျန်းမာရေး ထောက်ပံ့ငွေများ ပေးအပ်

မန္တလေး ဇူလိုင် ၂၂

မန္တလေးမြို့ စာပေပညာရှင်များ လူမှုကူညီရေးအစီအစဉ်က ကျန်းမာရေး ချို့တဲ့နေသော မန္တလေးအောင်မြေသာစံမြို့နယ် ၂၁ လမ်းနှင့် လမ်း ၂၀ ကြား၊ ၈၈ လမ်းနှင့် ၈၉ လမ်းကြားနေ ဆရာမ မမြင့်မွန်(ရူပ)၊ ချမ်းအေးသာစံမြို့နယ် ၈၃ လမ်းနှင့် ၈၂ လမ်းကြား ၃၁ လမ်း နှင့် ၃၂ လမ်းကြားနေ ကဗျာဆရာမ မစိမ်းပင်နှင့် စာရေးဆရာမမြဥ္ဇူတို့ကို ကျန်းမာရေး ထောက်ပံ့ငွေ ကျပ်ငါးသောင်းစီကို ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းက ဒုတိယဥက္ကဋ္ဌ ဆရာညီပုလေးက ပေးအပ်ခဲ့သည်။

အဆိုပါအစီအစဉ်က မန္တလေးခရိုင်အတွင်းရှိ စာပေပညာရှင်များ ကျန်းမာရေးချို့တဲ့၍ ဆေးဝါးကုသမှုခံယူရခြင်း၊ ကွယ်လွန်ခြင်းနှင့် ၎င်းတို့၏ နေအိမ်များ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ငွေကျပ်ငါးသောင်းထောက်ပံ့လျက်ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေး)

နွေစပါး ပုလဲသွယ်စံပြစိုက်ကွင်းတွင် (Combine Harvester) ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြွေလှေ့နေစဉ်။

ပုလဲသွယ်စံပြစိုက်ကွင်း ရိတ်သိမ်းပွဲကျင်းပ

ပုသိမ်ကြီး ဇူလိုင် ၂၂

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးမြင့်သန်းနှင့်အဖွဲ့သည် ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီက ပုသိမ်ကြီးမြို့ ရန်ကင်းတောင်ကျေးရွာအုပ်စု ကွင်းအမှတ် ၅၀၃ ရှိ တောင်သူ ဦးမျိုးသန့်၏ ဧက ၇၀ တွင် စိုက်ပျိုးထားရှိသည့် နွေစပါးပုလဲသွယ် စံပြစိုက်ကွင်းတွင် (Combine Harvester) ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးမြင့်သန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်အောင်က သီးနှံများ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (GAP) များ အသုံးပြုဆောင်ရွက်ရေး ရှင်းလင်းပြောကြားသည်။ ထို့နောက် (AAE) ကုမ္ပဏီ၏ ဈေးကွက်မန်နေဂျာ ဦးမောင်မောင်သန်းက (Combine Harvester) စက်ဖြင့် ရိတ်သိမ်းခြွေလှေ့မှုကို ရှင်းလင်းတင်ပြသည်။

တောင်သူဦးမျိုးသန့် စိုက်ပျိုးထားရှိသော နွေစပါးပုလဲသွယ်သည် တစ်ဧကလျှင် ၂၄၇ ဒသမ ၃၂ တင်းထွက်ရှိကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ခေတ်မီစပါးရိတ်သိမ်းခြွေလှေ့စက်များဖြင့် စံပြစိုက်ကွက်များ ရိတ်သိမ်း

ရွှေဘို ဇူလိုင် ၂၂

လယ်ယာမြေ၏ မျက်နှာပြင်များသည် အလွန်ညီညာပြန့်ပြူးလွန်းသည့်အတွက် အိုးစည်မျက်နှာပြင်ဒေသဟု လူအများကတင်စားခေါ်ဝေါ်လေ့ရှိသော စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ ဒေသခံစပါးစိုက်တောင်သူများသည် ယခုအခါ တောင်သူပညာပေးနွေစပါးစိုက်ကွက်ကြီးများကို ခေတ်မီစပါးရိတ်သိမ်းခြွေလှေ့စက်ယန္တရားကြီးဖြင့် တောင်သူလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးဝင်းမြင့်က ပြောကြားသည်။

စတင်ဝင်ရောက်

“တောင်သူပညာပေး နွေစပါးစံပြစိုက်ကွက် ဧက ၃၀ ကို ခေတ်မီစက်ယန္တရားကြီးတွေနဲ့ လုပ်ငန်းခွင် စတင်ဝင်ရောက်နေပြီဖြစ်ပါတယ်။ စပါးရိတ်သိမ်းခြွေလှေ့စက်ကြီးတွေနဲ့ ဆောင်ရွက်တဲ့အတွက်ကြောင့် တစ်ဧကကိုလုပ်ငန်းခွင်ဝင်ရောက်ချိန်ဟာ မိနစ် ၃၀၊၄၀ခန့်သာ ကြာမြင့်ပါတယ်” ဟု ၎င်း စိုက်ပျိုးရေး မန်နေဂျာက ဆက်လက်ပြောကြားသည်။

ရွှေဘိုမြို့၏ တောင်ဘက် ရွှေဘို -မန္တလေး အဝေးပြေးကားလမ်းမကြီး၏ အရှေ့ဘက်ရှိ အောင်ချမ်းသာကျေးရွာအနီး တောင်သူပညာပေးစံပြနွေစပါးစိုက်ကွက်အတွင်း နည်းစနစ်မှန်မှန် စိုက်ပျိုးထားသော နွေစပါးများကို ထိုင်းနိုင်ငံမှ ထုတ်လုပ်တင်သွင်းသော TSY အမျိုးအစား တင်း ၇၀ ခေတ်မီစပါးရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ လုပ်ငန်းခွင်တွင်ကျယ်၍ ကုန်ကျစရိတ်အလွန်သက်သာကြောင်း သိရသည်။

အဆိုပါ ခေတ်မီစပါးရိတ်သိမ်းခြွေလှေ့စက်ကြီးသည် ယာဉ်တန်ချိန် ငါးတန်ခန့်ရှိပြီး ယာဉ်၏ ကာလတန်ဖိုးသည် ငွေကျပ် သိန်း ၈၀၀ ခန့်ရှိသည်။ တန်ဖိုးကြီးသလောက် အဆိုပါစပါးရိတ်သိမ်းခြွေလှေ့စက်ကြီးသည် စပါးများရိတ်သိမ်းခြွေလှေ့ရာတွင် ရိတ်သိမ်းစပါးပင်များ ပြိုလဲနေပါက တစ်ဧကလျှင် ရိတ်သိမ်းခြွေလှေ့ပြီး မိနစ် ၄၀ ခန့်ကြာမြင့်သော်လည်း ရိတ်သိမ်းစပါးပင်များ ပြိုလဲခြင်းမရှိပါက တစ်ဧကလျှင် ရိတ်သိမ်းခြွေလှေ့ကြာမြင့်ချိန်မှာ မိနစ် ၃၀ ခန့်သာကြာမြင့်ကြောင်း ယင်းစက်ယန္တရားမောင်းသူ ဒေသခံတောင်သူကြီးတစ်ဦး၏ ပြောပြချက်များအရ သိရသည်။

“စံပြစိုက်ကွက် ဧက ၃၀ အနေနဲ့ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေတာက ပုလဲသွယ် (၁)စပါးမျိုးစိုက်ဧက ၁၈ ဧက၊ ပုလဲသွယ် (၄)စပါး မျိုးစိုက်ပျိုးဧကငါးဧကနဲ့ CNR7111 စပါးမျိုး စိုက်ပျိုးဧက ခုနစ်ဧက စုစုပေါင်း ဧက ၃၀ ကို တောင်သူပညာပေးစံပြစိုက်ကွက်အဖြစ် သတ်မှတ်လုပ်ကိုင်ပြီး အခုလို ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်”ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးဆွေက ပြောကြားသည်။

ဩဇာ(မုံရွာ)

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်တွင် ပေါက်ကွဲမှုဖြစ်ပွား

မန္တလေး ဇူလိုင် ၂၂

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၌ ယမန်နေ့ညပိုင်းက ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့သည်။

ယမန်နေ့ ည ၉ နာရီခွဲခန့်က ရတနာဘုမ္မိ အနောက်ရပ်ကွက် ၃၆ လမ်း၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြားအေးမေတ္တာဆေးခန်းရှေ့ လမ်းဘေးတွင် ရပ်ထားသည့် ၇က/---- တိုယိုတာ ကိုရိုလာ အဖြူရောင်ယာဉ်အနီး ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုကြောင့် မြတောင်ကျောင်းတိုက်မှ ရှင်ပညာသီဟ၊ ရတနာဘုမ္မိ အနောက်ရပ်နေ မပန်းနုအောင်နှင့် ဒေါ်လှမင်း၊ အောင်မြေသာစံမြို့နယ်နေဒေါ်အေးခင်၊ ပြည်ကြီးတံခွန်မြို့နယ်နေ ဦးကျော်ဦးတို့မှာ ဒဏ်ရာများရရှိခဲ့သော်လည်း စိုးရိမ်စရာမရှိကြောင်း၊ ဒဏ်ရာရသူများအား မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သိရှိရသည်။

ပေါက်ကွဲမှုသတင်းရလျှင်ရချင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ စစ်မြေပြင်အင်ဂျင်နီယာတပ်မှတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးရာ နှစ်စင်တီမီတာခန့်ရှိ သံကြွပ်စ ၁၀ ခု၊ မော်တော်ယာဉ်အနီးမှ သံကြွပ်စငယ် လေးခု၊ ယာဉ်၏ အနောက်ဘက်တံခါးတွင် သံကြွပ်စငယ်လေးချက်ထိမှန်ထားမှုများ၊ မော်တော်ယာဉ်နောက်ဘီးများနှင့် ရှေ့ဘီး ပေါက်ကွဲထားမှုများတွေ့ခဲ့ပြီး သံကြွပ်စများ ထည့်သွင်းပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်ဗုံးဟု ယူဆခဲ့ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများထံမှ သိရှိရသည်။

မောင်မောင်မန်း

လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ကျောက်ထု၌ ထုတ်ပေး

ကျောက်ထု ဇူလိုင် ၂၂

မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့ နှော်ကျေးရွာအုပ်စုတွင် ဇူလိုင် ၂၀ ရက်က လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

ပေးအပ်

ကျောက်ထုမြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရွှေ၊ မြေစာရင်းဦးစီးမှူး ဦးမြင့်ဆန်းနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နှော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် လယ်ယာမြေပိုင်ရှင်များ၊ ကျေးရွာသူ ကျေးရွာသား စုစုပေါင်း ၃၅၀ တက်ရောက်ခဲ့ပြီး ဒေသခံများအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်းတိုများ

စာရေးကိရိယာများနှင့် ထောက်ပံ့ငွေပေးအပ်

ပျော်ဘွယ် ဇူလိုင် ၂၂

ပျော်ဘွယ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ကျောင်းသား ကျောင်းသူများကို ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် သက်ကြီးစစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက ပျော်ဘွယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဦးစီးမှူးများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လက်ထောက်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ထွန်းဖြူတို့က အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဦးကျော်ညွန့်က အဖွဲ့၏ငွေစာရင်းကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူ ၁၀၆ ဦးအား တစ်ဦးလျှင်ငွေကျပ် ၇၅၀၀ တန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများ၊ အသက် ၇၅ နှစ် အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သုံးဦးအား တစ်ဦးလျှင်ငွေကျပ်ငါးသောင်းနှုန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

အစာအဆိပ်သင့်လူနာများ ဆေးကုသမှုခံယူ

မန္တလေး ဇူလိုင် ၂၂

ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက်ရှိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာဌာနသို့ ဇူလိုင် ၁၉ ရက် ည ၁၀ နာရီက အစာအဆိပ်သင့်လူနာများ တက်ရောက်ကုသခဲ့ကြကြောင်း သိရသည်။

ဖြစ်စဉ်မှာ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်ရှိ ဦးသိန်းထွန်း၏နေအိမ်၌ ပြုလုပ်သည့် ဝါဆိုသင်္ကန်းကပ်လှူပွဲ၌ ကျွေးမွေးသည့် အော်ဒါမှာထားသော နတ်သုဒ္ဓါနှင့်ကြက်သားဟင်းများကို စားသောက်မိရာမှ မူးဝေအော့အန်ဝမ်းသွားသဖြင့် ကုသရန် ဆေးရုံသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လူနာများသည် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ ကလေးဆေးရုံတို့၌ ရောဂါဝေဒနာသက်သာသည်အထိ လိုအပ်သောဆေးဝါးကုသမှုများ ခံယူနေကြကြောင်းသိရသည်။ ဖြစ်ပွားသူဦးရေ ၁၉ ဦးခန့်ရှိပြီး အသက် ၁၀ နှစ်အောက် ကလေး ခြောက်ဦး၊ အမျိုးသမီးခုနစ်ဦး၊ အမျိုးသားခြောက်ဦးတို့ ပါဝင်ကြောင်းသိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

ကလေး၀-မော်လိုက်လမ်းပိုင်း အဆင့်မြှင့်တင်မည်

ကလေး ဇူလိုင် ၂၂

ကလေး၀ - မော်လိုက်လမ်း မြေသားလမ်းကို ရာသီမရွေးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း သိရသည်။

ကလေး၀-မော်လိုက်လမ်းပိုင်းသည် ၃၆ မိုင်ခန့်ရှည်လျားပြီး မြေသားလမ်းဖြစ်ကာ နှစ်စဉ်တောင်မြေပြိုမှုများ၊ ချောင်းရေတိုက်စားမှုများကြောင့် ပျက်စီးခဲ့ကြောင်း ဒေသခံတို့၏ ပြောပြချက်အရ သိရသည်။

အဆင့်မြှင့်တင်

ကလေး၀-မော်လိုက် ယခုလက်ရှိလမ်းပိုင်းကို ပေ ၄၀ အကျယ်ထိ လမ်းတိုးချဲ့မှုများပြုလုပ်လျက်ရှိပြီး ရာသီမရွေးသွားနိုင်အောင် အဆင့်မြှင့်တင်ရန် သုံးနှစ်စီမံကိန်းဖြင့် ကလေးမြို့ လေယာဉ်ကွင်းလမ်းအထူးအဖွဲ့ ၃၊ တံတားအထူးအဖွဲ့ ၁၁၊ မော်လိုက်ခရိုင် ဆောက်လုပ်ရေးလုပ်ငန်းတို့မှ ပူးပေါင်းလုပ်ကိုင်လျက်ရှိပြီး တံတားများတည်ဆောက်မှုအတွက် နိုင်ငံတော်အစိုးရက ဘတ်ဂျက်ငွေ သန်း ၁၂၂၀ ချပေးထားကြောင်း တံတားအထူးအဖွဲ့ (၁၁) မှ အင်ဂျင်နီယာ ဦးဝင်းဌေးက ပြောကြားသည်။

သျှင်နေမင်း

အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖွင့်

ခင်ဦး ဇူလိုင် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ရွာသာကျေးရွာ၌ ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကျင်းပရာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သန်း၊ ဦးအောင်မျိုးငြိမ်း၊ မြို့နယ်ပညာရေးမှူး ဦးစိုးတင့်နှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

တည်ဆောက်

ဆက်လက်ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက ပညာရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌ ဦးကျော်လွင်က အဆိုပါကျောင်းသည် လေျင်ကြောင့်ပျက်စီးခဲ့ရပြီး ယခုစာသင်ကျောင်း ပင်မကျောင်းဆောင်နှင့်လေးခန်းတွဲအိမ်သာ နှစ်လုံးတည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရောင်နီတင်ဝင်း

မြန်မာလူငယ်စစ်တုရင်အားကစားအဖွဲ့ နိုင်ငံအလိုက် တံခွန်စိုက်ဆုဖလားရရှိ

ရန်ကုန် ဇူလိုင် ၂၂

၂၀၁၃ ခုနှစ် ဇူလိုင် ၁၄ ရက်မှ ၂၁ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် တရုတ်နှင့် အာဆီယံနိုင်ငံများ သက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲတွင် အမျိုးသမီး အသက် ၁၄ နှစ်နှင့်အောက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မထက်ထက်သန်းစိန် (အထက-၂ မင်္ဂလာဒုံ)က တတိယဆုရရှိခဲ့ပြီး မောင်မောင်ကျော်ဇောဟိန်း (P.I.S.M -ကမာရွတ်)၊ ထက်နိုင် (အထက-၅ ဗိုလ်တထောင်)၊ မထက်ထက်သန်းစိန်(အထက-၂ မင်္ဂလာဒုံ)၊ မရတီဝင့်ဝါ(အထက-၂ စမ်းချောင်း) တို့ပါဝင်သော မြန်မာလူငယ် စစ်တုရင်အားကစားအဖွဲ့သည် နိုင်ငံအလိုက် တံခွန်စိုက်ဆုဖလားကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

(မြန်မာ့အလင်း)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ထမင်းဆိုင်တွင် အလုပ်ရမည်ဟု လိမ်လည်ပြောဆိုကာ ပြည့်တန်ဆာအဖြစ် စေခိုင်းသူများအား ဖမ်းဆီး

စစ်တွေ ဇူလိုင် ၂၂

ဇူလိုင် ၁၀ရက် ညနေ ၆နာရီက စစ်တွေမြို့မရဲစခန်းသို့ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်နေ မ. . . (၂၀ နှစ်)ရောက်ရှိလာပြီး ၎င်းအား မတ် ၂၅ ရက် ညနေက ပိန်းခရမ်းကျေးရွာနေ စန်းစန်း(ခ) ညိုညိုစန်း(၃၅နှစ်)က စစ်တွေမြို့ရှိ ထမင်းဆိုင်တွင် တစ်လလျှင် စရိတ်ငြိမ်း ငွေကျပ် ၅၀၀၀၀ ရမည်ဟုခေါ်သဖြင့် မတ် ၂၈ရက်တွင် စန်းစန်း(ခ) ညိုညိုစန်းနှင့် လိုက်ပါခဲ့ကြောင်း၊ စစ်တွေမြို့သို့ရောက်ရှိစဉ် ထမင်းဆိုင်သို့ ခေါ်မသွားဘဲ အဝေးပြေးကားဂိတ်အနီးရှိ ကန်တော်ကြီးရပ်ကွက်နေ တင်စိုးဝင်း (၄၃ နှစ်)နှင့် ဇနီးဖြစ်သူ ဝေဝေနိုင်တို့နှင့်တွေ့ဆုံပြီး ၎င်းကို နေအိမ်အပေါ်ထပ်တွင် လှောင်ပိတ်ကာ အမျိုးသားများနှင့်ပျော်ပါးရန် အတင်းအဓမ္မခိုင်းခဲ့ကြောင်း၊ ၎င်းကို လိုက်ပါပို့ဆောင်သူ စန်းစန်းသည် ပွဲစားခငွေကျပ် ၅၀၀၀၀ ယူပြီး ပြန်သွားခဲ့ကြောင်း၊ ၎င်းမှာ ပြည့်တန်ဆာအဖြစ် သုံးလခန့်လုပ်ကိုင်ခဲ့ရကြောင်း၊ အဆိုပါ အိမ်တွင် ၎င်းကဲ့သို့ အမျိုးသမီးခြောက်ဦးသည်လည်း ပြည့်တန်ဆာအဖြစ် အဓမ္မစေခိုင်းခံရကြောင်းနှင့် အရေးယူပေးပါရန် တိုင်တန်းသဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပိန်းခရမ်းကျေးရွာနေ စန်းစန်း(ခ)ညိုညိုစန်း၊ စစ်တွေမြို့ ကန်တော်ကြီးရပ်ကွက်နေ တင်စိုးဝင်းနှင့် ဝေဝေနိုင်တို့ သုံးဦးကို စစ်တွေမြို့မရဲစခန်းက အမှုဖွင့်ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **ကိုကိုရှုပ**

ဆီးဂိမ်းအောင်မြင်မှုရရှိရေး ပူးတွဲလေ့ကျင့်ရန် ပြည်ပသို့ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၂

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရန်အတွက်အားကစားဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် Government to Government အစီအစဉ်အရ မြန်မာနိုင်ငံမြားပစ်၊ လက်ဝှေ့၊ လှေလှော်အဖွဲ့ချုပ်မှ အားကစားသမားများသည် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန် ရန်ကုန်မြို့မှ ကိုရီးယား၊ တရုတ်နိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါ အားကစားအဖွဲ့များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဇူလိုင်လမှ ဩဂုတ်လအထိ လှေလှော်အားကစားနည်းပူးတွဲလေ့ကျင့်မှု ပြုလုပ်ရန် ကနူးလှေလှော်အားကစားနည်းတွင် အုပ်ချုပ်သူအားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မိုးမိုး ခေါင်းဆောင်ပြီး နည်းပြနှင့်ကစားသမား ၁၀ ဦး၊ အပြည်ပြည်ဆိုင်ရာလှေလှော်အားကစားနည်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအမှတ်(၁) ကာကွယ်ရေးပစ္စည်းစက်ရုံမှ ဒုတိယအရာခံဗိုလ် ကျော်ဝင်း ခေါင်းဆောင်လျက် နည်းပြနှင့် အားကစားသမား အမျိုးသား၊ အမျိုးသမီး ၃၁ ဦး စုစုပေါင်း ၄၁ ဦးပါဝင်သည့် အားကစားအဖွဲ့သည် ဇူလိုင် ၂၀ ရက်တွင်လည်းကောင်း၊ ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ အင်ချွံမြို့နှင့် ဂါဝန်ဒိုပြည်နယ်တို့တွင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားဝန်ကြီးဌာနညွှန်ကြားရေးမှူး ဦးကျော်ဦးခေါင်းဆောင်သော နည်းပြသုံးဦးနှင့် အားကစားသမား ၁၆ ဦးပါဝင်သော မြန်မာအားကစားသမားမြားပစ်အဖွဲ့သည် ဇူလိုင် ၁၆ ရက်တွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့သို့ အားကစားသမားနှင့် ကာယပညာဦးစီးဌာနဦးစီးအရာရှိ ဒေါ်ရေ ခေါင်းဆောင်သောအားကစားသမား ၁၄ ဦးပါဝင်သည့်မြန်မာ့လက်ဝှေ့အားကစားအဖွဲ့သည် ဇူလိုင် ၁၈ ရက်တွင် လည်းကောင်း လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

မိုးစပါးသီးနှံစိုက်ပျိုး စရိတ်ထုတ်ချေးပေး

မြစ်ကြီးနား ဇူလိုင် ၂၂

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား ၂၀၁၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အရှိန်အဟုန်မြှင့်ထုတ်ချေးပေးလျက်ရှိသည်။

ဇူလိုင် ၁၈ ရက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြစ်ကြီးနားမြို့နယ်အတွက် ကျေးရွာဘဏ် ၁၅ ခုမှ တောင်သူအစုအဖွဲ့ ၂၁၂ ဖွဲ့ရှိ တောင်သူ ၂၀၀၄ ဦး၏ လယ်မြေ ၇၈၆၉ ဧကအတွက် ငွေကျပ်သိန်းပေါင်း ၇၈၆၉ သိန်းနှင့် ဆင်ဘိုမြို့နယ်ခွဲအတွက် ကျေးရွာဘဏ် ၁၃ ခုမှ အစုအဖွဲ့ ၂၇ ဖွဲ့ရှိတောင်သူ ၂၂၁ ဦး၏လယ်မြေ ၈၄၅ ဧကအတွက် ထုတ်ချေးငွေကျပ်သိန်းပေါင်း ၈၄၅ သိန်းကို ကချင်ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်းနှင့် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဒေါ်ဖြူဖြူမာန်တို့က တောင်သူများသို့ ထုတ်ချေးပေးခဲ့ပြီး မိုးစပါးသီးနှံစိုက်ပျိုးစရိတ်ထုတ်ချေးပေးခြင်းကို ဇူလိုင်လကုန်အပြီး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မိုးဃ်ကျ(မြစ်ကြီးနား)

နောင်ချို၌ ဘိန်းစိမ်းများသိမ်းဆည်းရမိ

သီပေါ ဇူလိုင် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမူးယစ်(အထူး)နောင်ချိုလှုပ်ရှားအဖွဲ့က သတင်းအရ သက်သေများနှင့်အတူ ဇူလိုင် ၁၇ ရက် ညနေ ၆ နာရီက နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ် (၇၀/၅)၌တာဝန်ထမ်းဆောင်နေစဉ် လားရှိုးမှ မန္တလေး သို့ စိုင်းအောင်ပွင့် (ခ) အိုက်တိမောင်းနှင်ပြီး နန်းခမ်းပေါင်းစီးနင်းလိုက်ပါသည့်ဆိုင်ကယ် အမှတ် ၂၉ယ/. . . အား ရပ်တန့်ရှာဖွေရာ နမ်းခမ်းပေါင်း၏ လက်ဆွဲခြင်းအတွင်းရှိ ဆပ်ပြာမှုန့်အိတ်တွင်သယ်ဆောင်လာသည့်ဘိန်းစိမ်းအလေးချိန် ၁ ဒသမ ၅ ကီလိုတွေ့ရှိသဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်ရာတွင် အသုံးပြုသည့် ဆိုင်ကယ်နှင့်ဖုန်းတစ်လုံးကိုသိမ်းဆည်းပြီး ဆက်လက်စစ်ဆေးရာ နန်းမွန်းစိန်က ဘိန်းစိမ်းများကိုဝယ်ယူ၍ နောင်ချိုမြို့နယ် ရွှေညောင်ပင်ကျေးရွာသို့ ပို့ဆောင်ပေးရန်နှင့် စောင့်ဆိုင်းယူမည်ဖြစ်ကြောင်း ထွက်ဆိုသဖြင့် နန်းမွန်းစိန်အားဖမ်းဆီးရမိရေးသက်သေများနှင့်အတူသွားရောက်ဖမ်းဆီးရာ ၎င်းကိုင်ဆောင်သည့်ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ထို့ကြောင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သူများဖြစ်သော သီပေါမြို့နယ် မန်မွန်းကျေးရွာနေ စိုင်းအောင်ပွင့်(၂၉နှစ်)၊ နန်းခမ်းပေါင်း(၄၂နှစ်)နှင့် နန်းမွန်းစိန်(၃၁ နှစ်)တို့ကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ) (၀၇၂)**

ခြောက်ထောင်ဆည်ကြောင့် တောင်တွင်းကြီး၌ လယ်ဧက ၆၅၀ ကျော် မိုးသီးနှံများစိုက်ပျိုးနိုင်

တောင်တွင်းကြီး ဇူလိုင် ၂၂

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးစောဝင်းမောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်းနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၁ ရက် ညနေ ၄ နာရီက တောင်တွင်းကြီးမြို့နယ် တလုပ်ကုန်းကျေးရွာအနီး ရယ်ပယ်ချောင်းပေါ်၌ ခြောက်ထောင်ဆည် တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် မိုးသီးနှံစိုက်ပျိုးမှုအခြေအနေများကို လေ့လာကာ ဒေသခံများနှင့် တွေ့ဆုံခဲ့ကြသည်။

အဆိုပါ ခြောက်ထောင်ဆည်ကို ၂၀၁၂ ခုနှစ် စက်တင်ဘာလက မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှထောက်ပံ့ငွေကျပ် ၆၂ သိန်းမတည်၍ ဒေသခံများစုပေါင်းထည့်ဝင်ငွေကျပ်၁၀၈သိန်းဖြင့် အလျားပေ ၁၂၀၊ အနံပေ ၄၀၊ ဆည်သစ်ကြီးကို ၂၀၁၂ခုနှစ် နိုဝင်ဘာ ၁၃ ရက်က စတင်တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။

ဆည်တည်ဆောက် ထားခြင်းကြောင့် တလုပ်ကုန်း၊ လမိုင်း၊ ငှက်ပျောတော၊ ညောင်ကုန်း၊ မြို့ကိုင်း၊ စစ်တား၊ တောင်ကျောင်း၊ အောင်ခိုင်၊ အောင်ချမ်းသာစသည့်ကျေးရွာများမှ လယ်ဧက ၆၅၀ ကျော်အား မိုးသီးနှံစိုက်ပျိုးခွင့်ပေးအပ်နိုင်ခဲ့သည်။

နိုင်ဝင်း(တောင်တွင်းကြီး)

နွေစပါးစက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ ကောက်ရိတ်သိမ်းပွဲ လာရောက်လေ့လာနိုင်ရန် ဖိတ်ကြားခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ၊ ငလိုက်ဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ ပုလဲသွယ်စပ်မျိုးစပါး၊ နွေစပါးရိတ်သိမ်းပွဲကို ၂၇-၇-၂၀၁၃ ရက်မှ ၃၀-၇-၂၀၁၃ ရက်အထိ နေ့စဉ်ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ ခေတ်မီရိတ်သိမ်းခြွေလှေ့စက် ၁၀ စီးကျော်အင်အားကို တစ်ပြိုင်တည်းအသုံးပြု၍ တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းသွားမည်ဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ စက်မှုလယ်ယာစနစ်ကို စိတ်ဝင်စားကြသော စိုက်ပျိုးရေးပညာရှင်များ၊ လုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ ပါဝင်လေ့လာတက်ရောက်နိုင်ရေးအတွက် ဖိတ်ကြားအပ်ပါသည်။

၃။ ထွက်ရှိလာသော စပါးများကို ''တန် ၇၀ ကျ ဆာတာတေးဆန်စက်သစ်''ဖြင့် ကြိတ်ခွဲမှုကိုလည်း ပြသသွားမည်ဖြစ်ပါသည်။ နေသာချိန် နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရိတ်သိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မသက်ဆိုင်တော့ပါကြောင်း

ကျွန်မ မယုမွန်မြင့် ၁၂/ကမရ(နိုင်)၀၅၆၈၈၈ နှင့် ဦးဝင်းသန့်-ဒေါ်ခင်မာကြူတို့၏သား ကိုဖြိုး ကျော်ကျော်ဝင်း ၁၂/ဗဟန(နိုင်) ၀၇၅၉၂၆ တို့သည် ၁၆-၇-၂၀၁၃ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး တရားရုံးတွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းနှင့်ပတ်သက်ပြီး ယနေ့မှစ၍ လုံးဝပတ်သက် ဆက်နွယ်မှု မရှိတော့ပါကြောင်း။

မယုမွန်မြင့်
၁၂/ကမရ(နိုင်)၀၅၆၈၈၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၅၁၁/ခ၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်မွေးမြူရေးအထူးဇုန်(၁)၊ အကွက်အမှတ် ၃၄၊ ၃၅၊ ဧရိယာ ၁၀ ဒသမ ၀၀ ဧကကို လုပ်ပိုင်ခွင့်ရရှိပြီး လက်ဝယ်ထားရှိပိုင်ဆိုင်သူဖြစ်သော ဒုတိယဗိုလ်မှူးကြီးအေးလွင်(ငြိမ်း)PYU-၀၇၁၇၅၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၁၉-၇-၂၀၁၃ ရက်တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ချို (စဉ်-၆၃၂၀) တရားလွှတ်တော်ရှေ့နေ
အမှတ် ၆၆၊ နတ်ရှင်နောင်လမ်း၊ ၁ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့



ပြည်တွင်းသတင်း

ဂျပန်အလုပ်ရုံ ၁၀ ခု ပြည်တွင်းသို့ဝင်ရောက်လာ

နေပြည်တော် ဇူလိုင် ၂၂

ဂျပန်နိုင်ငံရှိ စက်မှုလုပ်ငန်းကုမ္ပဏီပေါင်း ၁၀ ခုက မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုကော်မရှင်က သိရှိရသည်။

တည်ဆောက်

အဆိုပါ လာရောက်ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းများမှာ ဆေးဖက်ဝင်အလှကုန်၊ ဖိနပ်၊ ရိုးရာဝတ်စုံနှင့် အားကစားဝတ်စုံချုပ်လုပ်ငန်း၊ အိုင်တီနည်းပညာလုပ်ငန်း၊ ဆူဇူကီးစက်မှုလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ လက်အိတ်ထုတ်လုပ်ငန်း၊ ကားထုတ်လုပ်ရေးလုပ်ငန်း၊ နာရီထုတ်လုပ်ရေးလုပ်ငန်းများဖြစ်ပြီး ပြည်တွင်းရှိ စက်မှုဇုန်များအတွင်း စက်ရုံများတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုကကတော့ ရန်ကုန်နဲ့အနီးတစ်ဝိုက်က စက်မှုဇုန်တွေကို ရွေးချယ်ထားပါတယ်။ စက်ရုံတွေကို မကြာခင်တည်ဆောက်သွားဖို့ရှိနေပြီး ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ဆွေးနွေးမှုတွေစတင်နေပြီ" ဟု ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တည်ဆောက်သွားမည့်စက်မှုဇုန်များမှာ မင်္ဂလာဒုံစက်မှုဇုန်၊ ရွှေပေါက်ကံစက်မှုဇုန်၊ တောင်ဒဂုံစက်မှုဇုန်၊ ရွှေပြည်သာစက်မှုဇုန်၊ လှိုင်သာယာစက်မှုဇုန်၊ ပဲခူးစက်မှုဇုန်များ၌ တည်ဆောက်သွားမည်ဖြစ်ပြီး အဆိုပါစက်ရုံများအတွက် လိုအပ်သည့်လုပ်သားအင်အားအတွက် ပြည်တွင်းမှ ဖြည့်တင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ရတနာ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၂-၇-၂၀၂၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၆၉၁၄၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၅၀၈၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၆ - ၉၈၆	ကျပ်
ဥရောပ	တစ်ယူရို	၁၂၇၄ - ၁၂၉၂	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၉ - ၇၈၁	ကျပ်
ထိုင်း	တစ်ဘတ်	၃၂. ၂၅ - ၃၂. ၄	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆ - ၁၆. ၆၁	ကျပ်
တရုတ်	တစ်ယွမ်	၁၆၀ - ၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၄ - ၃၀၉	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၈၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၃၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၂၇၀၀ - ၄၀၀၀	ကျပ်
၂။ ငါးရံ့	တစ်ပိဿာ	၃၂၀၀ - ၄၈၀၀	ကျပ်
၃။ ငါးမြစ်ချင်း	တစ်ပိဿာ	၁၀၀၀ - ၂၆၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၄၅၀၀ - ၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၂၇၀၀ - ၄၂၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀ - ၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၁၀၀၀၀ - ၁၉၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀ - ၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၀၀၀၀ - ၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ရန်ကုန်-မန္တလေး ရထားခရီးစဉ် ၁၂ နာရီခန့်သာ မောင်းမည်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်-မန္တလေး မီးရထားပြေးဆွဲရာတွင် မိုင်ပေါင်း ၄၃၀ ကို ၁၂ နာရီခန့်သာ မောင်းနှင်တော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မြန်မာ့မီးရထား တိုင်း(၇)မှ မန်နေဂျာ ဦးကျော်ကျော်မျိုးက ပြောကြားသည်။

ရန်ကုန်-မန္တလေးမီးရထားပြေးဆွဲရာတွင် လက်ရှိ ၁၆ နာရီကြာမြင့်လျက်ရှိပြီး ယင်းလမ်းပိုင်းမြှင့်တင်မှုကို JICA ၏ အစီအစဉ်ဖြင့် ပြုလုပ်သွားမည်ဖြစ်ပြီး JICA ဂျပန်နိုင်ငံရှိ ပညာရှင် ကုမ္ပဏီသုံးခုနှင့်ချိတ်ဆက်၍ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း၊ ရှေးဦးစွာ ရန်ကုန်-ပဲခူး အဆိုးဆုံးလမ်းပိုင်း ကီလိုမီတာ ၂၀ ကို စံပြအနေဖြင့် သင်တန်းပေးလုပ်ဆောင်ရန် ဂျပန်ပညာရှင်များဆင်း၍ ရွေးချယ်ပြီး ယင်းပရောဂျက်မှ အဓိကဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရန်နှင့် မီးရထားဘေးအန္တရာယ်ကင်းရှင်းစေရန် လေ့လာပြီး ရရှိလာသော ရလဒ်ဖြင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေထူး

စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များ ကြိုးပမ်းမှုကြောင့် အမှုဖြစ်စဉ်များ ကျဆင်းလာ

ရမည်းသင်း ဇူလိုင် ၂၂

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏လမ်းညွှန်မှုဖြင့် တိုင်းယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၅၉) ရဲအုပ်ကျော်ကျော်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ရမည်းသင်းခရိုင်ယာဉ်ထိန်း တပ်ဖွဲ့ဝင်များပူးပေါင်းကာ ရမည်းသင်းမြို့၌ စည်းကမ်းပျက် မောင်းနှင်လျက်ရှိသော မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်များကို ပညာပေးကာလ ကုန်ဆုံးပြီဖြစ်သဖြင့် မေ ၁ ရက်မှစပြီး စစ်ဆေးအရေးယူမှုများ ဆောင်ရွက်ခဲ့သည်။

စိတ်ချမ်းသာ

မေ ၁ ရက်မှ ၃၁ ရက်အထိ စည်းကမ်းပျက် ကားအစီး ၄၀နှင့် ဆိုင်ကယ် ၄၆၆ စီး စုစုပေါင်း ကား၊ ဆိုင်ကယ် ၅၀၆ စီးနှင့် အမှု ၅၇၄ မှု၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ စည်းကမ်းပျက်ကား ၂၆ စီး၊ ဆိုင်ကယ် ၅၂၆ စီး စုစုပေါင်းကား၊ ဆိုင်ကယ် ၅၅၂ စီး၊ အမှုပေါင်း ၅၅၂မှု၊ ဇူလိုင် ၁ ရက်မှ ၉ ရက်အထိ စည်းကမ်းပျက်ကား ၁၄ စီး၊ ဆိုင်ကယ် ၁၂၅ စီး၊ အမှုပေါင်း ၁၃၉ မှုတို့ကို မော်တော်ယာဉ်ဥပဒေနှင့် စည်းပင်အက်ဥပဒေများဖြင့် ဖမ်းဆီးစစ်ဆေးကာ မြို့နယ်တရားရုံးသို့ တင်ပို့ခဲ့ရာ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက စည်းကမ်းပျက်ယာဉ်များကို နေ့စဉ်စစ်ဆေးအရေးယူမှုကြောင့်ယာဉ်မောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာကြသဖြင့် အမှုများတစ်စထက်တစ်စ လျော့နည်းလာကြပြီး ပြည်သူတို့ယာဉ်အန္တရာယ်များ ကင်းဝေးကာ စိတ်ချမ်းသာလျက်ရှိကြောင်း သိရသည်။ (၀၁၁)

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလိုပါသလား။ အပတ်စဉ်သော ကြာ နေ့ တိုင်း ထုတ်ဝေသည့် မြန်မာ့အလင်း အားကစား အချပ်ပိုတွင် ထည့်သွင်းကြော်ငြာပါ။

ဝိသုံဂါမ ဗုဒ္ဓ သိမ်တော်ကြီး ရေစက်ချတရားတော်နာ

ဖိတ်ကြားခြင်း

နေရာ - ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊
နေ့ရက် - ၂၅-၇-၂၀၂၃
အချိန် - ၉ နာရီမှ ၁၁နာရီ

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ ရဲအုပ်ခိုင်ဝင်း-ဇနီး ဒေါ်ခင်သီတာဝင်းတို့၏ သားတပည့်
ဆင်ပေါင်ဝဲမြို့နေ ဦးတင်အေး-ဒေါ်ကြည်ကြည်ဝင်းတို့၏သားငယ်

ဒုရဲအုပ်ညီညီလွင် B.A(History)

ညောင်ဝိုင်းရဲကင်းမှူး၊ မင်းလှမြို့နယ်ရဲတပ်ဖွဲ့

နှင့်

ရန်ကုန်မြို့နေ ဗိုလ်ကြီးဝင်းကြူ(ငြိမ်း)-ဒုဗိုလ်မှူးကြီးဒေါ်ခင်မြဝင်း(ငြိမ်း)တို့၏
သမီးငယ်
ဒေါက်တာအေးအေးဟန်(ဆေးတက္ကသိုလ်၊ မကွေး)၏ညီမ

ဒေါက်တာမြင့်မြင့်လှိုင်

B.D.S(Ygn)

မြို့နယ်ပြည်သူ့ဆေးရုံ၊ အထက်မင်းလှမြို့

တို့သည် ၁၈-၇-၂၀၂၃ ရက်တွင် အင်းစိန်မြို့နယ် တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ခင်နှင်းထွဋ်နှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်တွင် ထိမ်းမြားမင်္ဂလာလက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒုရဲအုပ်ညီညီလွင်-ဒေါက်တာမြင့်မြင့်လှိုင်

မင်္ဂလာဆုတောင်း

၁၈-၇-၂၀၂၃ရက်တွင် လက်ထပ်ထိမ်းမြားပြီးစီးခဲ့သော ဒုရဲအုပ်ညီညီလွင်နှင့် ဒေါက်တာမြင့်မြင့်လှိုင်တို့၏ မင်္ဂလာရက်မြတ်မှသည် နှစ်တစ်ရာတိုင် ရိုးမြေကျ ချစ်ခင်ပျော်ရွှင်စွာ အောင်မြင်သော ဘဝခရီးကို ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ရဲအုပ်ခိုင်ဝင်း-ဒေါ်ခင်သီတာဝင်း
မောင်သီဟခိုင်ဝင်း-ဒေါက်တာစုဖြူနိုင်

သမီးရတနာမွေးဖွားခြင်းနှင့် အထူးကျေးဇူးတင်လွှာ

ဖေဖေဦးဝင်းကိုကို မေမေဒေါ်ခင်စပယ်သွင်တို့၏သမီးရတနာလေး **မဝင်းအိဝသန်သွင်**အား ၁၄-၇-၂၀၂၃ရက်(တနင်္ဂနွေနေ့)တွင် ဝိတိုရိယ ဆေးရုံကြီး၌အောင်မြင်စွာ ခွဲစိတ်မွေးဖွားသန့်စင်ပေးပါသော သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဦးကျော်ညွန့်၊ ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဒေါ်နီလာလွင်၊ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ယုအေးလတ်နှင့် အစစအရာရာ ကူညီပေးပါသော ဝိတိုရိယဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများနှင့် မိတ်ဆွေသူငယ်ချင်းများအားလုံးကို အထူးလှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါသည်။

ဘိုးဘိုး	**ဦးရွှေသွင်**	**ဘွားဘွား**	**ဒေါ်ခင်ခင်အေး**
ဘဘ	**ဒေါက်တာဇော်လွင်**	**ကြီးကြီး**	**ဒေါက်တာယုဂျနီးဖြူအေးသွင်**
ဦးဦး	**ဒေါက်တာသွင်မောင်အေး**	**ကြီးကြီး**	**ဇင်မော်မြင့်ဦး မမ မေဦးသွင်**
ဖေဖေ	**ဦးဝင်းကိုကို**	**မေမေ**	**ဒေါ်ခင်စပယ်သွင် မမကြီး ဝင်းလဲ့ဟေမာန်သွင်**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ဗိုလ်တေဇလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၄၊ ဂရန်ကွင်း၊ မြေကွက်အမှတ် (၁/ခ-ဘီ)၊ ဧရိယာ၂၉ဒသမ၁၃၆ဧကရှိ (ရှာမြေ)၏ တစ်စိတ်တစ်ဒေသ၊ အကျယ်အဝန်း (၂၇×၆၃) ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အမှတ် (၇၇၅/A)နှင့် သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးနေဝန်းသီဟ ၁၂/အစန(နိုင်)၁၉၃၂၁၁ထံမှ ကျွန်ုပ်မ ဒေါ်သန်းသန်းဌေး ၁၃/လရန(နိုင်)၀၀၈၄၄၇က အပြီးအပိုင်ဝယ်ယူရန် ၃၀-၆-၂၀၂၃ ရက်တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။

အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းဌေး
၁၃/လရန(နိုင်)၀၀၈၄၄၇
အမှတ် မ/၁၅၂၊ နံ့သာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂၀-၇-၂၀၂၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ တရားလွှတ်တော်ရှေ့နေ ဒေါ်တင်တင်လှိုင်နှင့်ဒေါ်လတ်လတ်ထွန်းတို့၏ ကြေညာချက်အပေါ်ကန့်ကွက်ခြင်းနှင့် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၁၂လမ်း၊ အိမ်အမှတ် ၄၆၉ နေ ကျွန်ုပ်အမှုသည် ဒေါ်နုနုဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၈၄၈၊ဧရိယာပေ (၄၀×၆၀)အကျယ်အဝန်းရှိ ပါမစ်မြေကွက်ကို မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနမှ ဒေါ်နုနုဝေ စီဂျီ-၀၈၇၈၅၁အား ၁၉၉၃ ခုနှစ် ဇွန် ၉ရက်တွင် ထုတ်ပေးခဲ့ပါသည်။ တရားဝင်အမည်ပေါက်ပိုင်ရှင်မှာ ဒေါ်နုနုဝေသာဖြစ်ပြီး မူရင်းပါမစ်မြေကွက်မှာ ဒေါ်နုနုဝေထံတွင် မူရင်းရှိပါသည်။ မြန်မာ့အလင်းသတင်းစာပါ ဒေါ်လတ်လတ်ထွန်းအမည်ပေါက် ပိုင်ဆိုင်သည်မှာ လုံးဝမှန်ကန်ခြင်းမရှိပါ။

ဒေါ်လတ်လတ်ထွန်း လုံးဝပိုင်ဆိုင်ခြင်းမရှိသောမြေကွက်ကို အရောင်းအဝယ်ပြုခြင်းအတွက် အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်နုနုဝေက လုံးဝကန့်ကွက်ပါကြောင်းနှင့် မမှန်မကန်ကြေညာခြင်းအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှေ့နေ ဒေါ်တင်တင်လှိုင်နှင့် ဒေါ်လတ်လတ်ထွန်းတို့သိစေရန် ပြန်လည်ရှင်းလင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးကျော်သိန်း (တာမွေ)
B.Sc, R.L (စဥ်-၃၄၆၃)၊ တရားလွှတ်တော်ရှေ့နေ
အမှတ် ၄၇၊ စက်မှုလက်မှု ၄ လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၉-၅၀၅၄၁၂၉

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

ကွန်ကာကပ်ဖ် အကြိုဗိုလ်လုပွဲ အမေရိကန်တို့တက်ပြီ

ကွန်ကာကပ်ဖ် Gold Cup ဘောလုံးပွဲရဲ့ ကွာတားဖိုင်နယ်ပွဲစဉ်တွေအဖြစ် ဟွန်ဒူးရပ်စ်နဲ့ ကော်စတာရီကာ၊ အမေရိကန်နဲ့ အယ်လ်ဆာဗေဒိုအသင်းတွေ ဇူလိုင် ၂၁ရက်က ယှဉ်ပြိုင်ကစားတဲ့အခါ အမေရိကန်နဲ့ ဟွန်ဒူးရပ်စ်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ကြပြီဖြစ်ပါတယ်။

အမေရိကန်နှင့် အယ်လ်ဆာဗေဒို

အိမ်ရှင်အမေရိကန်အသင်းဟာ နည်းပြကလင်းစမန်းရဲ့ အစီအမံနဲ့ တိုက်စစ်မှာ ဂိုးသွင်းခြေစွမ်းပြနေတဲ့ ဝမ်ဒိုလောစကီး၊ ဒိုနိုဗင်၊ ကိုရိုနာစတဲ့ ကစားသမားတွေကို အဓိကအားထားပြီးပွဲထွက်လာခဲ့ပါတယ်။ အယ်လ်ဆာဗေဒိုတို့ကတော့ နည်းပြကတ်စတီလိုရဲ့ အားကိုးရတဲ့ တိုက်စစ်မှူးတွေဖြစ်တဲ့ ဘလန်ကို၊ ဇီလာယာ၊ မန်ချီဗာစတဲ့ ကစားသမားတွေနဲ့ အမေရိကန်တို့ကို ရင်ဆိုင်ခဲ့ပါတယ်။

အမေရိကန်အသင်းဟာ ဘောလုံးပိုင်ဆိုင်မှုများများနဲ့ ကစားကွက် အသာစီးရအောင် ကစားနိုင်ခဲ့တာမို့ ပွဲချိန် ၂၁ မိနစ်မှာ ဒိုနိုဗင်ဖန်တီးပေးလိုက်တဲ့ဘောလုံးကို အသင်းခေါင်းဆောင်နဲ့ နောက်တန်းခံစစ်မှူးလည်းဖြစ်တဲ့ ဂွတ်ဆင်က သွင်းယူခဲ့လို့ အမေရိကန်တို့ အဖွင့်ဂိုးစတင်ရရှိခဲ့ပါတယ်။ ဆက်လက်ပြီး ဖိကစားနိုင်ခဲ့တာကြောင့် ပွဲချိန် ၂၉ မိနစ်မှာ တိုက်စစ်မှူး ဝမ်ဒိုလောစကီးပေးလိုက်တဲ့ဘောလုံးကို တိုက်စစ်မှာလိုက်ပါတဲ့ ကိုရိုနာက သွင်းယူခဲ့တာမို့ အမေရိကန်တို့ဒုတိယဂိုးရရှိသွားခဲ့ပါတယ်။ အယ်လ်ဆာဗေဒိုအသင်းဟာ ချေပဂိုးရရှိရေးကြိုးစားခဲ့တာကြောင့် ပွဲချိန် ၃၉ မိနစ်မှာ ဇီလာယာက တစ်ဂိုးသွင်းယူခဲ့တာမို့ ချေပဂိုးရရှိသွားပါတယ်။

ဒုတိယပိုင်းပွဲချိန်အတွင်းမှာလည်း အမေရိကန်တို့က ဆက်တိုက်ထိုးဖောက်တိုက်စစ်ဆင်ခဲ့တာမို့ ပွဲချိန် မိနစ် ၆၀မှာ ဒိုနိုဗင်ပေးလိုက်တဲ့ ဘောလုံးကို ဂျွန်ဆင်က သွင်းယူခဲ့တာမို့ အမေရိကန်တို့ တတိယဂိုးရရှိသွားခဲ့ပါတယ်။ အယ်လ်ဆာဗေဒိုအသင်းဟာ ကစားအားကျသလိုဖြစ်နေခဲ့တာမို့ ပွဲချိန် ၇၈ မိနစ်မှာ ဒိုနိုဗင်က တစ်ဂိုးသွင်းယူပြီး ပွဲချိန် ၈၃ မိနစ်မှာ ဒစ်ကတ်က တစ်ဂိုးသွင်းယူခဲ့တာကြောင့် အမေရိကန်တို့ ငါးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

ဟွန်ဒူးရပ်စ်နဲ့ ကော်စတာရီကာ

နည်းပြဆွာရက်ဇ်ရဲ့ ဟွန်ဒူးရပ်စ်အသင်းဟာ ရတဲ့အခွင့်အရေးကို အပိုင်အသုံးချနိုင်လို့ နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။ ကော်စတာရီကာအသင်းဟာ ဘောလုံးပိုင်ဆိုင်မှုများများနဲ့ ဖိအားပေးကစားနိုင်ခဲ့ပေမယ့် အဆုံးသတ်မသေချာလို့ ဂိုးမရရှိခဲ့တာဖြစ်ပါတယ်။ ဟွန်ဒူးရပ်စ်ရဲ့တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၄၉ မိနစ်မှာ လိုပက်ဇ်ရဲ့ ဖန်တီးပေးမှုမှတစ်ဆင့် နာဂျာက သွင်းယူပေးခဲ့လို့ အဲဒီတစ်ဂိုးတည်းနဲ့ပဲ ဟွန်ဒူးရပ်စ်တို့ နိုင်ပွဲရရှိပြီး အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဟွန်ဒူးရပ်စ်ဟာ အကြိုဗိုလ်လုပွဲအဖြစ် ဇူလိုင် ၂၄ ရက်မှာ အိမ်ရှင်အမေရိကန်နဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက်

နိုင်ငံတကာအားကစားသတင်းနှင့် ကြော်ငြာ

တိုက်စစ်မှူးဘန်တီကီ ဗီလာထပ်မံစာချုပ်

အက်စ်တွန်ဗီလာတိုက်စစ်မှူး ခရစ္စတီးယန်းဘန်တီကီအား ၂၀၁၇ ခုနှစ်တိုင်အောင် စာချုပ်သစ်ချုပ်ဆိုလိုက်သည်။ ပြီးခဲ့သည့်နှစ်က ပေါင်ခုနစ်သန်းဖြင့် ဂျင့်(ခ်)ကလပ်မှ ခေါ်ယူခဲ့သော ဘယ်လ်ဂျီယံတိုက်စစ်မှူး ဘန်တီကီအား ဇူလိုင်လဆန်းပိုင်းက စပါးနှင့် ချယ်လ်ဆီးတို့က ခေါ်ယူရန် ဆက်သွယ်ခဲ့သည်။ သို့သော်လည်း ဘန်တီကီအနေဖြင့် အက်စ်တွန်ဗီလာ၌သာ ဆက်နေရန်ဆုံးဖြတ်ခဲ့သည်။

ခရစ္စတယ်ပဲလေ့စ် ဖီးလစ်ကိုစာချုပ်

တိုက်စစ်မှူး ကီဗင်ဖီးလစ်အား ခရစ္စတယ်ပဲလေ့စ်က အသက် ၄၀ မပြည့်မီ ငါးရက်အလို တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်သည်။ အင်္ဂလန်တိုက်စစ်မှူးဟောင်း ဖီးလစ်သည် ပြီးခဲ့သောရာသီက ဘလက်ပူးလ်မှ ခရစ္စတယ်ပဲလေ့စ်သို့ နှစ်ဝက်အငှားလာရောက်ကစားပေးခဲ့သည်။ ၎င်းကို ပဲလေ့စ်က အလွတ်ပြောင်းရွှေ့မှုစာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။

ဂျွန်တယ်ရီ ခြေစွမ်းပြဖို့လို

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီအနေဖြင့် ပုံမှန်ကစားခွင့်နှင့် စာချုပ်သစ်ချုပ်ဆိုရေး ခြေစွမ်းဖြင့် သက်သေပြရလိမ့်မည်ဖြစ်ကြောင်း နည်းပြ မော်ရင်ဟိုက ပြောသည်။ အသက် ၃၂ နှစ်အရွယ်ရှိ ဂျွန်တယ်ရီသည် ချယ်လ်ဆီးနှင့် လက်ရှိစာချုပ်မှာ တစ်နှစ်သာကျန်ရှိတော့သည်။ ဂျွန်တယ်ရီအား ပုံမှန်ကစားခွင့်နေရာရရှိရေး ကူညီနိုင်လိမ့်မည်မဟုတ်ကြောင်း၊ ၎င်းကူညီနိုင်သည်မှာ ချစ်ကြည်ရင်းနှီးမှုသာဖြစ်ကြောင်း မော်ရင်ဟိုက ပြောသည်။ ၎င်းသည် မော်ရင်ဟိုလက်ထက်တွင် ချယ်လ်ဆီးအသင်းကို ဖလားခြောက်လုံးဆွတ်ခူးနိုင်ရန် ဦးဆောင်ကစားခဲ့သူဖြစ်သည်။

ကောင်းမြတ်သူ - စုစည်းသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- မန်ယူအသင်းက ဘာစီလိုနာကွင်းလယ်ကစားသမား အသက် ၂၆ နှစ်အရွယ်ရှိ ဖာဘရီဂတ်စ်ကို ခေါ်ယူနိုင်ရေးကြိုးစားနေသည်။
- ချယ်လ်ဆီးက မန်ယူတိုက်စစ်မှူး ရွန်းနေကို ပေါင်သန်း ၄၀ ဖြင့် ခေါ်ယူရန်အသင့်ရှိနေကြောင်း ထုတ်ဖော်ပြောကြားသည်။
- စပါးအသင်းက ဗလင်စီယာတိုက်စစ်မှူး ဆိုလ်ဒါဒိုကို ခေါ်ယူရန်ပြင်ဆင်နေသည်။
- အင်တာမီလန်ကွင်းလယ်ကစားသမား မင်နိုဗစ်ကို ဆန်းဒါးလန်းနှင့် ဗီလာတို့က ခေါ်ယူရန် အပြိုင်ကြိုးစားနေသည်။
- လိုင်ယွန်တိုက်စစ်မှူး အသက် ၂၇ နှစ်အရွယ်ရှိ ဂိုမစ်ကို နယူးကာဆယ်က ကမ်းလှမ်းထားသည်။
- ဂျူဗင်တပ်စ်တိုက်စစ်မှူး ဖာဘီရိုကို နေပဲ့ဝှစ်အသင်းက ခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်သည်။
- အိုင်ဗရီကို့စ်တိုက်စစ်မှူး ယန်နစ်ဆာဂဘိုကို ဟားလ်စီးတီးက စာချုပ်နိုင်ရေးနီးစပ်နေပြီဖြစ်သည်။
- ဂါလာတာစာရေးအသင်းမှတိုက်စစ်မှူး ဒရော့ဘာကို ကစားသမားနှင့် နည်းပြအဖြစ် ချယ်လ်ဆီးက ပြန်လည်ခေါ်ယူမည်ဖြစ်သည်။
- ဆွမ်ဆီးနည်းပြ လော့ဒ်ဒရပ်က ဘာစီလိုနာနည်းပြတာဝန်ယူရန် စိတ်ဝင်စားနေသည်။
- မန်ယူကွင်းလယ်ကစားသမား ဖလက်ချာသည် ခွဲစိတ်ကုသမှုခံယူထားသဖြင့် ရာသီအစပွဲစဉ်များ လွဲချော်မည်ဖြစ်သည်။

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးတင်အောင် (ဒုတိယညွှန်ကြားရေးမှူး)
တည်ဆောက်ရေး (၆)၊ ဆည်မြောင်းဦးစီးဌာန - ဒေါ်ခင်မာရီတို့၏သားကြီး
မောင်သူရအောင် (First Year - PHYSICS)
နှင့်
ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နေ ဦးအောင်ဝင်း - ဒေါ်ခင်ဝင်းကြူ
(ရတနာသီဂီတိုက်)၊ (Smile Fashion) တို့၏သမီးကြီး
မခိုင်သဉ္ဇာဝင်း (B.E - Information Technology)

တို့၏ ၁၈-၇-၂၀၁၃ရက်တွင် Royal Kaytumadi Hotel(ဘုရင့်နောင်ခန်းမ)တောင်ငူမြို့၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဒေါက်တာဦးစိုင်းအောင်ရွှေနှင့် ဇနီးဒေါက်တာဒေါ်ခင်ခင်အေး၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဦးမြင့်အောင် (ဦးစီးအရာရှိ)တည်ဆောက်ရေး(၅)၊ တောင်ငူနှင့်ဇနီးဒေါ်ခင်လေးညွန့်၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးဦးတင်စိုးအားလည်းကောင်း၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဒေါ်ဆုအေးသန့်၊ မင်္ဂလာအခါတော်ပေးသီချင်းနှင့် မင်္ဂလာတေးသံသာများကို မေတ္တာဖြင့် ဖျော်ဖြေသီဆိုပေးပါသော အမျိုးသားယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ ရွှန်းလဲ့အောင်နှင့်အဖွဲ့၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးပါသော မယွန်းမေလင်း၊ မင်္ဂလာပန်းကြဲပေးပါသော မမေဦးမွန်၊ မင်္ဂလာပန်းကုံးဗန်းကိုင်ပေးပါသော မခင်သန္တာမေဦးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးပါသော မခိုင်လဲ့ရည်ဝင်း၊ မိတ်ကပ်ဆံပင်နှင့် လက်ဝတ်ရတနာများ ဖန်တီးဆင်မြန်းပေးပါသော မကြီးစန်း(ခင်စန်းဝင်း)နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ဒီဇိုင်နာကိုပြည်စိုးအောင်၊ စေ့စပ်ဝတ်စုံနှင့် မင်္ဂလာဆွမ်းကျွေးဝတ်စုံချုပ်လုပ်ပေးပါသော ဒီဇိုင်နာ မစန္ဒာ၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော 7 Picture Wedding Dress & Photo Studio ၊ ပန်းအလှဆင်ပေးပါသော ကိုဇော်လတ်နှင့် M2 အဖွဲ့၊ ဤမင်္ဂလာပွဲအား အဆင်ပြေချောမွေ့အောင် အစစအရာရာစီစဉ်ဆောင်ရွက် ပေးပါသော Royal Kaytumadi (Taungoo) မှ Operation Manager ၊ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာညနေစာ အခမ်းအနားတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ဟုတ်ဝမ် (Hote Wan Hall) ခန်းမမှ ပုဂ္ဂိုလ်များ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော နှစ်ဖက်သောဆွေမျိုး မိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးဥပကာရ တင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်သူရအောင် - မခိုင်သဉ္ဇာဝင်း

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ Set Top Box များ ဝယ်ယူရေးအတွက် တင်ဒါတင်သွင်းထားသူများ၏ Short List စာရင်း ကြေညာချက်

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ DVB-T2 စနစ် ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် Set Top Box များဝယ်ယူရန် တင်ဒါခေါ်ယူ၍ တင်ဒါသတ်မှတ်စည်းမျဉ်းအတိုင်း တင်သွင်းထားသည့်တင်ဒါ ၅၁စောင်အား Long List အနေဖြင့် သတ်မှတ်လက်ခံထားပြီး စက်ပစ္စည်း၏ အရည်အသွေး၊ ဈေးနှုန်းသက်သာမှု Warranty Year အဖြစ် အနည်းဆုံးတစ်နှစ် အာမခံခြင်းတို့အပေါ်အခြေခံ၍ Short List ရွေးချယ်သွားမည်ဖြစ်ကြောင်း ၂-၆-၂၀၁၃ရက်ထုတ် သတင်းစာများတွင် ဖော်ပြခဲ့ပါသည်။

၂။ အဆိုပါ တင်ဒါသတ်မှတ်စည်းမျဉ်းအတိုင်း တင်သွင်းထားသော တင်ဒါ ၅၁စောင်မှ နမူနာ Set Top Box များအား စက်ပစ္စည်း၏ အရည်အသွေးကို အောက်ပါအတိုင်း စစ်ဆေးခဲ့ပါသည်-

(က) DVB-T နှင့် DVB-T2 စနစ်နှစ်ခုလုံး ဖမ်းယူရရှိမှု ရှိ/မရှိ
(ခ) VHF Band နှင့် UHF Band နှစ်ခုလုံးဖြင့် ဖမ်းယူရရှိမှု ရှိ/မရှိ
(ဂ) Video Format PAL/ NTSC ဖမ်းယူရနိုင်/မရနိုင်
(ဃ) နေပြည်တော်မှလွှင့်သော မြဝတီအစီအစဉ် (DVB-T,MPEG-4) ဖမ်းယူရ/မရနှင့် ရုပ်ပုံအရည်အသွေး(Quality) ကောင်း/မကောင်း
(င) Receiving Signal ကို တိုးမြှင့်ဖမ်းယူနိုင်ခြင်း ရှိ/မရှိ
(စ) ရုပ်ပုံအရည်အသွေး၊ အသံအရည်အသွေး ကောင်းမွန်ပြတ်သားမှု ရှိ/မရှိ

၃။ ဈေးနှုန်းသက်သာမှုနှင့်ပတ်သက်ပြီး စက်အလုံးတစ်သန်း ထုတ်လုပ်မည်ဆိုပါက တစ်လုံးတန်ဖိုးအတွက် အမေရိကန်ဒေါ်လာ ၂၀အောက်ဖြစ်သော Set Top Box ကိုသာလည်းကောင်း၊ Warranty Year အဖြစ် အနည်းဆုံးတစ်နှစ် အာမခံခြင်းဖြင့်လည်းကောင်း စံပြုရွေးချယ်ခဲ့ရာ အောက်ပါကုမ္ပဏီ ၁၀ခုက တင်သွင်းလာသော Set Top Box Short List ၁၀ခုကို ဆန်ခါတင်ရွေးချယ်ရရှိခဲ့ပါသည်-

(က)	တင်ဒါတင်သွင်းအမှတ်စဉ်	(၄၅)	Future Gift International Ltd.
(ခ)	တင်ဒါတင်သွင်းအမှတ်စဉ်	(၄၄)	Kinetic Myanmar Technology Co.,
(ဂ)	တင်ဒါတင်သွင်းအမှတ်စဉ်	(၁)	Kaung Thant Kyaw
(ဃ)	တင်ဒါတင်သွင်းအမှတ်စဉ်	(၄၀)	Mega Link Co.,Ltd.
(င)	တင်ဒါတင်သွင်းအမှတ်စဉ်	(၄၈)	Nee Pte
(စ)	တင်ဒါတင်သွင်းအမှတ်စဉ်	(၁၈)	Lucky Bird Co., Ltd.
(ဆ)	တင်ဒါတင်သွင်းအမှတ်စဉ်	(၃၇)	ဥဿာဝတီကုမ္ပဏီ
(ဇ)	တင်ဒါတင်သွင်းအမှတ်စဉ်	(၅၃)	Kaon Zinwell Newland
(ဈ)	တင်ဒါတင်သွင်းအမှတ်စဉ်	(၁၁)	Mya Kyun Tha Co.,
(ည)	တင်ဒါတင်သွင်းအမှတ်စဉ်	(၁၅)	MICC Co.,Ltd.

၄။ အထက်ပါ Short List စာရင်းပါ ကုမ္ပဏီ ၁၀ခုအား ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်တွင်း/ပြည်ပ စက်ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီက နောက်ဆုံးအဆင့် ဈေးနှုန်းစိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး စိစစ်ရွေးချယ်မည့်နေ့ရက်အား အချိန်မီ ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၅၈၀၁ ယာဉ်လက်ဝယ်ရှိသူ ဦးဆစ်ဒနီဆင်း ၁၂/ပဇတ(နိုင်)၀၀၃၄၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ကြော်ငြာ

ကမ္ဘာ့အကြီးဆုံးကြေးသွန်းခေါင်းလောင်းတော်ကြီး လှူဒါန်းပူဇော်ရာတွင် (၅)ရက်သားသမီး ရောင်းရှုပ်လှူပြည့်လှူ အများပါဝင်နိုင်ရန်နှိုးဆော်ခြင်း

မြောင်းမြမြို့၊ မြစ်မိခရောင်ဆောင်းရွာ သာသနာ့နယ်မြေတွင် တည်ထားကိုးကွယ်မည့် (၂၁၈)တောင် ဥဿဘ်ဆောင်ရှိ မြတ်စွဲစေတီတော်ကြီးရင်ပြင်တော်၌ ပူဇော်နိုင်ရန် ကြေးတန်ချိန်(၃၃၃)တန် (ကြေးပိဿာချိန် (၂)သိန်းကျော်ခန့်)ရှိ ကမ္ဘာ့အကြီးဆုံး ကြေးသွန်းခေါင်းလောင်းတော်ကြီးအား လှူဒါန်းကြမည်ဖြစ်ပါ၍ (၅)ရက်သားသမီး၊ ရောင်းရှုပ်လှူ ပြည့်လှူအများပါဝင်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ ကြေးသွန်းခေါင်းလောင်းတော်ကြီး တည်ဆောက်မှုလုပ်ငန်းများမှာ ခန့်မှန်းခြေ ကျပ်သိန်းပေါင်း (၅)သောင်းခန့် ရှိမည်ဖြစ်ပါ၍ လှူဒါန်းလိုသူများ ပါဝင်နိုင်ရန်အတွက် လှူဒါန်းငွေတွင် အများဆုံးငွေကျပ် ၁၀၀၀၀ိ/-အထိသာ [illegible] ပြည်သူ့မြန်မာ့ [illegible] လှူဒါန်းပြီးကြောင်း [illegible] အပ်ပါသည်။

(၅)ရက်သားသမီးများ လှူဒါန်းကြသော အလှူငွေစာရင်းများကို [illegible] မြန်မာအသင်းနှင့် ကြေးမုံသတင်းစာများတွင် (၁)လတစ်ကြိမ် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသည်။ ခေါင်းလောင်းတော်ကြီးနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆောက်လုပ်ရေး [illegible] ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း၊ အသိပေးအပ်ပါသည်။

(အလှူငွေထည့်ဝင်ရမည့်စာရင်း)
ငွေစာရင်းအမှတ်–SY 11
မြန်မာ့စီးပွားဖြစ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ မြောင်းမြမြို့ဘဏ်ခွဲ။

ခေါင်းလောင်းတော်ကြီးဖြစ်မြောက်ရေးအဖွဲ့
ဖုန်းနံပါတ်–
၀၉–၅၄၇၇၇၂၂ ၊ ၀၉–၈၅၇၅၆၄၄
၀၉–၅၄၀၅၃၃၃ ၊ ၀၉–၅၅၀၀၀၀၀
၀၉–၅၄၆၆၅၁၅ ၊ ၀၉–၄၀၁၅၂၇၀၆၅

သတင်းဆောင်းပါးနှင့်ကြော်ငြာ

တောင်သူလယ်သမားမိသားစုဘဝ ရေရှည်ဖွံ့ဖြိုးရေး ပေါင်းစည်းလယ်ယာဖြင့် လုပ်ကိုင်

နေပြည်တော် ဇူလိုင် ၂၂

ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာကျေးလက်တောင်သူလယ်သမားများ ဆင်းရဲမှုလျော့နည်းစေရေးတွင် ပေါင်းစည်းလယ်ယာစနစ်သည် တောင်သူလယ်သမားများ လက်တွေ့လေ့လာဆောင်ရွက်သင့်သည့်စနစ်တစ်ခုဖြစ်သည်။

ပေါင်းစည်းလယ်ယာဆိုသည်မှာ စိုက်ပျိုးရေးနှင့်မွေးမြူရေး တစ်ပိုင်တစ်နိုင်လုပ်ကိုင်ခြင်းဖြစ်သည်။ ပေါင်းစည်းလယ်ယာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်၍အောင်မြင်လျက်ရှိသော တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာရှိ တောင်သူ ဦးမောင်သင် **(နေပြည်တော်ကောင်စီနယ်မြေတွင် ကျေးရွာအဆင့် မွေးမြူထုတ်လုပ်သူ အကောင်းဆုံး လူပုဂ္ဂိုလ်ဆုရ)**အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။ ဦးမောင်သင်လုပ်ကိုင်နေတဲ့ ပေါင်းစည်းလယ်ယာလုပ်ငန်းအကြောင်း သိပါရစေ။

ဖြေ။ ။ ပေါင်းစည်းလယ်ယာစိုက်ပျိုးရေး (Integrated Farming) ဆိုတာ မွေးမြူရေးနဲ့ စိုက်ပျိုးရေးထုတ်လုပ်ခြင်းတို့ကို ပေါင်းစည်းလုပ်ကိုင်ဆောင်ရွက်သော လယ်ယာစိုက်ပျိုးရေးစနစ်ကို ခေါ်ပါတယ်။ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးနဲ့ မွေးမြူရေး လုပ်ငန်းပေါင်းစပ်လုပ်ကိုင်ခြင်း ဖြစ်ပါတယ်။ ဒီလိုလုပ်ကိုင်ခြင်းကြောင့် တောင်သူတွေ ဝင်ငွေတွေတိုးပြီး စနစ်တကျလုပ်ကိုင်တတ်လာပါတယ်။ ကျွန်တော်တို့ ဒီပေါင်းစည်းလယ်ယာလုပ်ငန်းမှာ စိုက်ပျိုးမြေအတွက်ရော၊မွေးမြူရေးအတွက်ပါ မြေဧက ၇၀ အပေါ်မှာ အလုပ်လုပ်နေပါတယ်။ မျိုးသန့်မျိုးပွားထုတ်လုပ်ရန်အတွက် ဧက ၅၀၊ ပုလဲသွယ်စပ်မျိုးစပါး ၁၁ ဧက၊ ပဲတီစိမ်း ၁ ဒသမ ၇ ဧက၊ မြေပဲ နှစ်ဧက၊ အစေ့ထုတ်ပြောင်း နှစ်ဧက၊ မွေးမြူရေးအတွက် ငါးကန်လေးကန်၊ နွားအကောင် ၈၀ ကျော်၊ ဆိတ်အကောင် ၁၈၀၊ သိုး ၉၂ ကောင်တို့ဖြင့် လုပ်ကိုင်ဆောင်ရွက်နေပါတယ်။ ကျွန်တော်စိုက်ပျိုးမွေးမြူရေးကို ငယ်စဉ်ကတည်းက ဝါသနာပါစိတ်ဝင်စားပြီး ဒီမြေဧကတွေဟာ ဘိုးဘွားအမွေတွေ ဖြစ်ပါတယ်။

မေး။ ။ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ အဲဒီအကြောင်းလည်း ရှင်းပြပေးပါ။

အမေး/အရေးနှင့်ဓာတ်ပုံ-ကျော်သူဝင်း (မြန်မာ့အလင်း)

ဖြေ။ ။ ကျွန်တော်အခု အလုပ်လုပ်နေတဲ့ မြေတွေက အလတ်တန်းစားမြေတွေဖြစ်ပါတယ်။ မြေအရည်အသွေးကောင်းဖို့ အရင်ဆုံးစလုပ်ရပါတယ်။ မွေးမြူရေးမှရတဲ့ နွားချေး၊ ဆိတ်ချေး၊ သိုးချေး၊ဖွဲကြမ်း၊ စက်ဖွဲပြာများ ရသလောက် ထည့်ပါတယ်။ လယ်မြေမှာ မျိုးကောင်းမျိုးသန့်ပွားရန် သုခမွှေးမျိုး၊ ပုလဲသွယ်စပ်မျိုးစပါး၊ ယာမြေမှာ ပဲတီစိမ်းမျိုး၊ အစေ့ထုတ်ပြောင်း ရေဆင်း

စပ်မျိုး၊ နွားစားပြောင်း၊ နွားစာမြက်(နိုင်ငံခြားမျိုး) စတာတွေကို စိုက်ပျိုးပါတယ်။ ကျွန်တော်တို့ တောင်သူတွေဟာ မျိုးကောင်းမျိုးသန့် မရွေးချယ်တတ်ခြင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းတွေ မသိရှိခြင်းတို့ကြောင့် စပါးအထွက်နှုန်းနည်းနေခြင်း ဖြစ်ပါတယ်။ ကျွန်တော် မျိုးသန့်သုခမွှေးမျိုးစပါးများ ရရှိပါက ဒေသနေတောင်သူများကို ဖြန့်ဖြူးပေးမည့်အပြင် မြို့နယ်မှာရှိတဲ့ ဒေသနေလယ်သမားတွေကို ဈေးနှုန်းသက်သာစွာနဲ့ ရောင်းချပေးမှာပါ။ အချို့တောင်သူတွေဆို အခုအချိန်ထိ မိရိုးဖလာစပါးမျိုးတွေသုံးပြီး တစ်ဧကကိုနှစ်တင်းခွဲသုံးတယ်။ စပါးထွက်တော့လည်း တင်း ၅၀-၆၀ ပဲထွက်တယ်။ ကုန်ကျစရိတ်က ပိုများတယ်။ အခုလို သိပ္ပံနည်းကျစနစ်နဲ့စိုက်ရင် တစ်ဧကတစ်တင်းနှုန်းပဲ ကုန်တယ်။ ကုန်ကျစရိတ် သက်သာတဲ့အပြင် အထွက်နှုန်းကလည်း တင်း ၈၀ ကနေ ၁၀၀ ကျော်အထိ ထွက်တယ်။

မေး။ ။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကရော ကူညီဆောင်ရွက်ပေးပါသလား။

ဖြေ။ ။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်မယ့်ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖြန့်ဖြူးစိုက်ပျိုးနိုင်ရေးအတွက် အားပေးကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။မျိုးကောင်းမျိုးသန့်ရရှိရေးအတွက်လည်း မြို့နယ်စိုက်ပျိုးရေးမှ မျိုးကောင်းမျိုးသန့်များ ရယူပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေကလည်း မပြတ်စောင့်ကြည့်ကူညီပါတယ်။နည်းစနစ်များကိုလည်းကိုယ်တိုင်ပါဝင်ကူညီပြသပေးပါတယ်။

မေး။ ။ မွေးမြူရေးနဲ့ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦး။

ဖြေ။ ။ မွေးမြူရေးအနေနဲ့ ရိုးရိုးနွားအကောင် ၆၀၊ မေထုန်မဲ့နွား ၂၆ ကောင်၊ သိုး ၉၂ ကောင်၊ ဆိတ် ၁၈၀၊ ငါးကောင်ရေ ၂၁၀၀၀ မွေးမြူထားပါတယ်။ နွားနို့တစ်နေ့နှစ်ကြိမ် ညှစ်ရောင်းပါတယ်။ တစ်နေ့ကို ၁၀၅ ပိဿာလောက်ထွက်ရှိပါတယ်။ နွားနို့တစ်ပိဿာ ငွေကျပ် ၇၀၀ နဲ့ ရောင်းရပါတယ်။ နွားစာအနေနဲ့ အထူးဝယ်စရာမလိုဘဲ မိမိစိုက်ခင်းက ထွက်တဲ့ကောက်ရိုး၊ပြောင်းအပြင် အခုနိုင်ငံခြားမြက်မျိုးတွေ စိုက်ထားတော့ နွားစာအတွက် ပူစရာမလိုပါဘူး။ ငါးကန်က လေးကန်ရှိပါတယ်။ အခုတော့ ကျွန်တော်တို့ဆီမှာ ဆင်သေဆည်ကရေနဲ့ ကန်ဖော်ပြီး မွေးမြူလို့ရပါပြီ။ အခုဆို ငါးကန်လေးကန်ထဲက တစ်ကန်ဖော်လိုက်တော့ အကောင် ၂၀၀၀ (ပိဿာ ၁၄၀၀) ကျော်ထွက်ပါတယ်။ ဒီဒေသကလူတွေ ဈေးနှုန်းချိုသာစွာနဲ့ လတ်လတ်ဆတ်ဆတ် စားရတာပေါ့။

မေး။ ။ လုပ်ဖော်ကိုင်ဖက် တောင်သူလယ်သမားတွေကို ဘာများအကြံပြုပြောကြားချင်ပါသလဲ။

ဖြေ။ ။ စိုက်ပျိုးရေးလုပ်ငန်း တစ်ခုတည်းနဲ့ ရပ်တည်မနေဘဲ မွေးမြူရေးလုပ်ငန်းဖြစ်တဲ့ နွား၊ဆိတ်၊ သိုး၊ ကြက်တို့ကိုလည်း တစ်ပိုင်တစ်နိုင် မွေးမြူသင့်ပါတယ်။ ဥပမာ-နွားမတစ်ကောင်မွေးမယ်ဆိုရင် တစ်နေ့ကို နို့ ခုနစ်ပိဿာထွက်မယ်။ နွားနို့ဖိုးနဲ့တင် မိသားစု နေ့စဉ်ဝင်ငွေရရှိတာပေါ့။ ဒီလိုနဲ့ တဖြည်းဖြည်းချင်း တိုးချဲ့လုပ်ဆောင်သင့်ပါတယ်ဟု ပေါင်းစည်းလယ်ယာလုပ်ကိုင်ခြင်းကြောင့် အကျိုးရရှိပုံကို ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား
စက်ပစ္စည်းများဝယ်ယူရန်အတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (နေပြည်တော်၊ တပ်ကုန်း)ရှိ Ethnic Nationalities Channel အတွက် လိုအပ်လျက်ရှိသော စက်ပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) Video Camera (PMW -200) & Accessories 15 Sets
(ခ) Video Camera (NEX-EA 50H) & Accessories 15 Sets
(ဂ) Computer အပါအဝင် စက်ပစ္စည်း(၈)မျိုး 1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို လုပ်ငန်းအလျင်အမြန် လိုအပ်ချက်အရ ၁၇-၇-၂၀၁၃ ရက်မှစ၍ နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၀-၇-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထားပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကိုထည့်သွင်းမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ ပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်-

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်(တပ်ကုန်း)
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၁၁၊ ၇၉၀၇၉၊ ၇၉၁၃၅

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနပိုင် MT ရွှေပြည်ရေယာဉ် တတိယအကြိမ် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၇-၂၀၁၃ရက်မှ ၂၉-၈-၂၀၁၃ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ်(၄၄)၊ နေပြည်တော် (ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်-၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်၊** - ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့)
အချိန်နှင့် နေရာ - ၁၂း၀၀ နာရီ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ်(၄၄)၊ နေပြည်တော်
တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန် - ၂၉-၈-၂၀၁၃ ရက် ၁၃း၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Computer & Accessories - (3) Items
(ခ) GPE IP Microwave Equipment - (42) Hops
(ဂ) 4 Legs Self Supporting Tower - (10) Nos
(ဃ) 2 Volt Battery - (2) Items
(င) Rectifier - (73) Sets

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂-၈-၂၀၁၃ ရက် ၁၃း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ် ၄၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး
ကလေးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကလေးမြို့၊ ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသော လူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများ(FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
စတင်ရောင်းချမည့်ရက် - ၁၁-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၀-၈-၂၀၁၃ ရက်၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့
ဖုန်း-၀၇၃-၂၁၆၃၆၊ ၀၇၃-၂၁၆၃၇၊ ၀၇၃-၂၁၅၁၁

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်
ရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော ဘက်ထရီ၊ တာယာ၊ စက္ကူနှင့်စာရေးကိရိယာများ၊ Ink - Cartridges၊ စက်ဆီချောဆီ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို ဝယ်ယူလိုပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန် ဈေးနှုန်းဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပိတ်ရက်နှင့်အချိန်မှာ - ၅-၈-၂၀၁၃ရက် ၁၆း၀၀နာရီ ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များဝယ်ယူခြင်း၊ ဈေးနှုန်းလွှာတင်သွင်းခြင်း၊ အသေးစိတ်အချက်အလက်များစုံစမ်းခြင်းကို သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ထုတ်လုပ်ရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၂၄၁သို့ ဆက်သွယ်နိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း
ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

စက်မှုဝန်ကြီးဌာန၊ စက်မှုစီမံကိန်းဦးစီးဌာန
e-Government လုပ်ငန်းများ ဆောင်ရွက်ရန်အတွက်
ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ e-Government လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဌာနအရောက်ဈေးနှုန်းဖြင့် ဝယ်ယူလိုပါသည်-

(က) Acer AR 380 F2 Rack Mount Sever [Two Intel(R)Xeon(R)Processor E5-2620 2. 40GHz,8GB DDR 3,12TB HDD] - 1 Unit
(ခ) Firewall (Fortigate 111 C, 10 /100 /1000 WAN Interfaces) - 1 Unit
(ဂ) Clone Server (Intel Corci7 2600 3.4 GHz, 16GB DDR3, 2TB HDD) - 1 Unit
(ဃ) 24 Port Switch(Cisco) - 4 Unit
(င) PC Computer (Laptop) (Intel Corei7 3.4 GHz) - 8 Unit
(စ) Scanner(4800 × 4800)dpi (Lide-210) - 8 Unit
(ဆ) Tablet - 4 Unit

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၄-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၇-၂၀၁၃ ရက်၊ ၁၄း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

ညွှန်ကြားရေးမှူး၊ စက်မှုစီမံကိန်းဦးစီးဌာန
e-Government လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့
ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၄၄၈

ဧရာဝတီ မေ်ာလမြိုင်နှင့် ဝန်းကျင်သတင်းများ

စိတ်ကြွဆေးပြား တစ်ထောင်ကျော်ဖမ်းမိ

မော်လမြိုင် ဇူလိုင် ၂၂

မွန်ပြည်နယ် မော်လမြိုင်ခရိုင်အတွင်း တရားမဝင်မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချသူနှင့် သုံးစွဲသူများ ဖမ်းဆီးရမိရေးအတွက် မော်လမြိုင်ခရိုင် အထူးမူခင်းနှိမ်နင်းရေးအဖွဲ့က သတင်းအရ သက်သေများနှင့်အတူ ဇူလိုင် ၁၄ ရက် ညနေ၃နာရီခွဲက ရေးမြို့နယ် ဟံဂံကျေးရွာ ပေ ၄၀ တံတားအနီးတွင် ဝင်းနိုင်ထွန်း(ခ)အထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ အတွင်းခံဘောင်းဘီ အမည်းရောင်အတွင်း ပလတ်စတစ်အပြာရောင်ဖြင့် ထုပ်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၉ ပြားသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်စုံစမ်းဖော်ထုတ်ချက်အရ ခေါဇာမြို့နယ်ခွဲ ကိုးမိုင်ကျေးရွာ အုပ်စု မာန်အောင်ကျေးရွာနေ WY စိတ်ကြွရူးသွပ်ဆေးပြား ရောင်းချသူ နော်ကြည်မြိုင်နေအိမ်အတွင်း WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား (တစ်ထုပ်လျှင် ၂၀၀ ပြားစီ)ပါ ငါးထုပ် စုစုပေါင်း ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိခဲ့သည်။

သိရ

အဆိုပါ မူးယစ်ဆေးဝါးသုံးစွဲသူနှင့် ဖြန့်ဖြူးရောင်းချသူ နော်ကြည်မြိုင်၊ ဝင်းနိုင်ထွန်း(ခ)အထွန်းတို့ကို သက်ဆိုင်ရာက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

တအုပ်တပေ လူ့မိတ်ဆွေ

စိတ်ကြွရူးသွပ်ဆေးပြားများ မုဒုံတွင် ဖမ်းဆီးရမိ

မော်လမြိုင် ဇူလိုင် ၂၂

မွန်ပြည်နယ် မုဒုံမြို့ မြို့မရဲစခန်းက တပ်ဖွဲ့ဝင်များသည် မြို့မ ၄ ရပ်ကွက် သတိပဋ္ဌာန် ၂ လမ်းရှိ စောဗညား (ခ)ဝင်းဖေ (၄၀ နှစ်)၏ နေအိမ်သို့ ဇူလိုင် ၁၇ ရက် ည ၇ နာရီ ၅ မိနစ်က ဝင်ရောက်ရှာဖွေခဲ့ရာ ဖူးဖူးမေ (၂၃ နှစ်)၊ သီဟမြင့်အောင်(ခ)သီဟ(၂၁ နှစ်)တို့ နှစ်ဦးထံမှ အချိုရည်ပိုက်ဖြင့် ထည့်ထားသည့် WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၇၁ ပြား၊ မူးယစ်ဆေးဝါးရောင်းရငွေ ၂၁၁၃၀၀ (ပွိုင့် 38 Special) ကျည် ၁၄ တောင့်၊ ၃၀ ကာဘိုင်ကျည် နှစ်တောင့်၊ ၉-မမကျည် နှစ်တောင့်၊ တိုယိုတာအမျိုးအစား၊ ယာဉ်အမှတ် ၂ခ/. . . လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မုဒုံမြို့မရဲစခန်းက ဖူးဖူးမေနှင့် သီဟမြင့်အောင်(ခ)သီဟတို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မအရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(လ/ဝ၁၂)

ငွေကျပ်သိန်း ၅၀ ကျခံ၍ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်

မော်လမြိုင် ဇူလိုင် ၂၂

မော်လမြိုင်မြို့ မဟာမြိုင် ၁၀ လမ်းနေ ပြည်သူများ စုပေါင်းထည့်ဝင်ငွေဖြင့် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်း ပေ (၄၀၀×၁၂) လမ်း၊ ငွေကျပ်သိန်း ၅၀ ကျော် အကုန်အကျခံ ဆောင်ရွက်ခဲ့သည့် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ယင်းလမ်းသစ်၌ ကျင်းပသည်။ ရှေးဦးစွာ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ကို မြေနီကုန်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကြည်သိန်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ရာ ရပ်ကွက်နေ ပြည်သူများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ဆရာတော်ငါးပါးအား ဆွမ်းကပ်လှူဒါန်းခဲ့သည်။

ယင်းလမ်းသစ်ကို ရက်ပေါင်း ၆၀ အတွင်း ဆောင်ရွက်ပြီး လမ်းသစ်ပေါ်သို့ ရပ်ကွက်နေသူများ ဝမ်းမြောက်ဝမ်းသာစွာဖြင့် စုပေါင်းလမ်းလျှောက်ကြည့်ရှုကြသည်။

(၁၀၇)

ယာဉ်စည်းကမ်း လမ်းစည်းကမ်းပညာပေး

မော်လမြိုင် ဇူလိုင် ၂၂

လမ်းဖြတ်ကူးသူ၊ လမ်းထွက်သူ၊ လမ်းလျှောက်သူတိုင်း လမ်းစည်းကမ်း လိုက်နာစေဖို့ လိုအပ်ခြင်း၊ လမ်းများပေါ်တွင် ယာဉ်မောင်းနှင်သူများ အားလုံး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တိကျစွာလိုက်နာစေရေးကို ရည်ရွယ်၍ မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မွန်ပြည်နယ် ယာဉ်ထိန်း တပ်ဖွဲ့ဝင်များသည် ပြည်နယ်ပညာရေး ဝန်ထမ်းများနှင့် ညှိနှိုင်း၍ ယခုနှစ် ဩဂုတ်လ ပထမပတ်မှစတင်၍ မြို့နယ်များရှိ ကျောင်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိနားလည်စေရေး အတွက် အသိပညာပေးဟောပြောပွဲများ ကျင်းပမည်ဖြစ်သည်။

အလှည့်ကျ

အဆိုပါအဖွဲ့သည် မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်နှင့် သထုံခရိုင် လေးမြို့နယ်ရှိ အခြေခံပညာအလယ်တန်းအဆင့်၊ အထက်တန်းအဆင့်၊ အထက်တန်းခွဲအဆင့် ကျောင်းများတွင် အဖွဲ့ခွဲ၍ အလှည့်ကျ အသိပညာပေး ဟောပြောမည် ဖြစ်သည်။

ကွင်းဆင်းဟောပြော

အလားတူ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး၊မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲများကို မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူးတို့၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်ရှိ ကျောင်းများတွင် ကွင်းဆင်းဟောပြောကြမည် ဖြစ်သည်။

ကျော်သန်း(မော်လမြိုင်)

ယာဉ်တိုက်မှုကြောင့် လူတစ်ဦးသေဆုံး

မော်လမြိုင် ဇူလိုင် ၂၂

မွန်ပြည်နယ် သထုံမြို့နယ် မရမ်းချောင်းကျေးရွာ ရန်ကုန်-မော်လမြိုင် ကားလမ်း မိုင်တိုင်အမှတ် ၁၄၃/၃ နှင့်၁၄၃/၄ ကြားတွင် ဇူလိုင် ၁၆ရက် မွန်းလွဲ ၂ နာရီခွဲခန့်က သထုံမြို့ဘက်မှ ကျိုက္ကော်ကျေးရွာသို့ သန်းနိုင် (၄၂နှစ်)မောင်းနှင်လာသည့် မတ်တူးအမျိုးအစားယာဉ်အမှတ် ၄ဂ/--- သည် လမ်းဖြတ်ကူးသူ ဦးရွှေထွန်း (၅၅နှစ်)ကိုတိုက်မိခဲ့သဖြင့် ဦးရွှေထွန်းတွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး သထုံခရိုင်ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးခဲ့သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သထုံမြို့မရဲစခန်းက ယာဉ်မောင်း သန်းနိုင်ကို အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(လ/ဝ၁၂)

(၂၇)ကြိမ်မြောက်

အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ

အားကစားဝန်ကြီးဌာန

Social Zone များတွင် လူသုံးကုန်ပစ္စည်းအရောင်းနှင့်

ဝန်ဆောင်မှုဆောင်ရွက်မည့်ဆိုင်ခန်းများ

ငှားရမ်းဖွင့်လှစ်ဆောင်ရွက်နိုင်ရန် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များအား

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃ခုနှစ် ဒီဇင်ဘာ(၁၁)ရက်မှ(၂၂)ရက်အထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၄ခုနှစ် ဇန်နဝါရီလတွင် အိမ်ရှင်အဖြစ်လက်ခံ ကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများအားကစားပြိုင်ပွဲ ကျင်းပရာ အားကစားရွာ Social Zone ၊ဝဏ္ဏသိဒ္ဓိ Sport Complex Social Zone နှင့်ဇေယျာသီရိ Sport Complex Social Zone တို့တွင် Mini Market, Souvenior Shop,Beauty Saloon,Money Exchange,Book Shop,Game Center,KTV,Massage, Food Court ဆိုင်ခန်းများ ဖွင့်လှစ်ရန်၊ အားကစားရွာ Social Zone တွင် ပေ(၂၄×၂၈)မှ ပေ(၂၆×၄၀)အရွယ်အစားထိရှိဆိုင်ခန်း အရွယ်အစားအမျိုးမျိုး (၃၂)ခန်း၊ ဝဏ္ဏသိဒ္ဓိ Sport Complex Social Zone တွင် ပေ(၂၄×၂၈)မှပေ(၅၆×၈၀) အရွယ်အစားထိရှိ ဆိုင်ခန်း အရွယ်အစားအမျိုးမျိုး အခန်း(၅၀)နှင့် ဇေယျာသီရိ Sport Complex Social Zone တွင် ပေ(၁၄×၂၀)အရွယ်အစား အခန်း(၃၃)ခန်းတို့ကို ၂၀၁၃ခုနှစ် ဩဂုတ်လမှ ၂၀၁၄ခုနှစ် ဇန်နဝါရီလအထိ ပုတ်ပြတ်အငှားချထားစနစ်ဖြင့် ငှားရမ်းဆောင်ရွက်နိုင်ရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံများကို အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်၊ **အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၊ သုဝဏ္ဏ(ရန်ကုန်မြို့)နှင့်အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေးမြို့)**တို့တွင် တင်ဒါပုံစံတစ်စောင်လျှင် ကျပ်(၁၅၀၀၀)နှုန်းဖြင့်လည်းကောင်း ၂၅-၇-၂၀၁၃ရက်မှစတင်၍ ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများသည် တင်ဒါတင်သွင်းခြင်းလုပ်ငန်းအတွက် အာမခံကြေးကျပ်(၂၅)သိန်းကို အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဘဏ္ဍာရေးဌာနတွင်ပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲတင်သွင်းရမည်။ ပုံစံ (၁)စုံအတွက် ဆိုင်ခန်းတစ်ခန်းသာ တင်သွင်းခွင့်ရှိသည်။ တင်ဒါမအောင်မြင်သူများကို အာမခံစပေါ်ငွေပြန်လည်ထုတ်ပေးမည်ဖြစ်ပြီး၊ တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်ရန်ပျက်ကွက်ပါက အာမခံစပေါ်ငွေကို ပြန်လည်ထုတ်ပေးခြင်းမပြုပါ။ တင်ဒါဝင်ရောက် မတင်သွင်းသူများကိုလည်း အာမခံစပေါ်ငွေ ပြန်လည်ထုတ်ပေးခြင်းမပြုပါ။

၄။ တင်ဒါတင်သွင်းသူများ သိရှိလိုသည့်အချက်များ၊ စည်းကမ်းချက်များကို ပဏာမရှင်းလင်းနိုင်ရန် ၇-၈-၂၀၁၃ရက် ဝ၉:ဝဝနာရီတွင် ရုံးအမှတ်(၃၁)၊ အားကစားဝန်ကြီးဌာန၊ အောက်ထပ်အစည်းအဝေးခန်းမကြီးတွင် ရှင်းလင်းပြောကြား၍ Social Zone နေရာများအား လိုက်လံပြသ ရှင်းလင်းပါမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံသော တင်ဒါပုံစံများကို ရုံးအမှတ်(၃၁)အားကစားဝန်ကြီးဌာန အောက်ထပ် အစည်းအဝေးခန်းမကြီးတွင် ၁၆-၈-၂၀၁၃ရက် ဝ၉:ဝဝ နာရီမှစတင် တင်သွင်းနိုင်ပြီး ယင်းနေ့ ၁၃:ဝဝနာရီတွင် တင်ဒါအပြီး ပိတ်သိမ်းမည်ဖြစ်ပါသည်။ ၁၆-၈-၂၀၁၃ရက် ၁၃:ဝဝနာရီထက်ကျော်လွန်သော တင်ဒါများကို လက်ခံမည်မဟုတ်ပါ။ တင်ဒါတင်သွင်းရာတွင် တင်ဒါပုံစံတွင် တရားဝင်အမည်စာရင်းတင်သွင်းသူကိုယ်တိုင် ကိုယ်တိုင်လာရောက်တင်သွင်းရန်နှင့် အရေးပေါ်ကိစ္စဖြင့် လာရောက်တင်သွင်းနိုင်ခြင်းမရှိပါက တရားဝင်ကိုယ်စားလှယ်လွှဲအပ်သူမှ လာရောက်တင်သွင်းရမည်။

၆။ တင်ဒါအောင်မြင်သူများသည် တင်ဒါအောင်မြင်သည့် ဈေးနှုန်းများအတိုင်း ဩဂုတ်လအတွင်း အပြီးအပြတ်ငွေချေကာ စာချုပ်ချုပ်ဆို ငှားရမ်းဆောင်ရွက်မည်။

၇။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ဦးကျော်ဆန်း
ညွှန်ကြားရေးမှူး(စီမံ/ဘဏ္ဍာ)
အားကစားနှင့်ကာယပညာဦးစီးဌာန
ဖုန်း-ဝ၆၇-၄ဝ၆ဝ၂၉၊ ဝ၉-၈၃ဝ၄၅ဝ၂

(ခ) ဦးသန်းဝင်းမောင်
အုပ်ချုပ်/စီမံ
မြန်မာနိုင်ငံအိုလံပစ်ကော်မတီ
ဖုန်း-ဝ၉-၄၂ဝ၇၂၃၇၄၅

(ဂ) Information Center (အားကစားလေ့ကျင့်ရေးစခန်း၊ နေပြည်တော်)
ဖုန်း-ဝ၆၇-၄၂၂၆၁၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung/Hlaw Gar) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 13/DHPI/Lining Form/2013-2014

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Lining Form	4 Sets (Paung Laung-2 Sets, Hlaw Gar-2 Sets)

၂။ ပစ္စည်းများ၏ (Specification, Manufacture. Country of Origin) တို့အား ၁၃-၈-၂၀၁၃ရက် ၁၂:ဝဝ နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် ဩဂုတ် ၂၇ ရက် မွန်းတည့် ၁၂:ဝဝနာရီဖြစ်ပြီး ၁၃:ဝဝ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် (၃၈)၊ နေပြည်တော်
ဖုန်း-ဝ၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁ဝ၈၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာန လက်အောက်ရှိ မဟာဓာတ်အားလိုင်းများ၏ လိုင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် လိုင်းတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

(၁) Turnbuckle
(၂) Jack Clamp (Self Gripping Clamp)
(၃) Insulation Tester (Hand Driven)
(၄) Twin Bundle Pulley Block
(၅) Running Board

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၃-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၂-၈-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄:ဝဝ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊
ဖုန်း-ဝ၆၇-၄၁ဝ၂ဝ၉၊ ၄၁ဝ၂၈၂

စက်မှုဝန်ကြီးဌာန

အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း

အမှတ်(၂၃)အကြီးစားစက်ရုံ(ညောင်ခြေထောက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂၃) အကြီးစားစက်ရုံ(ညောင်ခြေထောက်)ရှိ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

လုပ်ငန်းအမည် - ရေကန်နှစ်ကန်ပြုပြင်ခြင်းလုပ်ငန်း (အနံ ၁၄ပေ× အလျား ၂၃ ပေ× အမြင့် ၈ပေ ၆လက်မ)× ၂ကန်
တင်ဒါပုံစံစတင်ရောင်းချမည့် နေရာနှင့်ရက် - အမှတ်(၂၃) အကြီးစားစက်ရုံ(ညောင်ခြေထောက်)၊ ၂၃-၇-၂၀၁၃ ရက်
တင်ဒါပိတ်ရက်နှင့်အချိန် - ၂-၈-၂၀၁၃ ရက်၊ ညနေ ၄:ဝဝ နာရီ
တင်ဒါစိစစ်မည့်နေရာ - အမှတ်(၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်)

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-ဝ၅၃-၄၂၂၁၃၊ ၄၂၂၁၄၊ ဝ၉-၄၉၅ဝ၁၂၉၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

အလှကုန်ထုတ်လုပ်ရေးဌာနခွဲ ငှားရမ်းရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)၏ ကြီးကြပ်မှုအောက်ရှိ အလှကုန်ထုတ်လုပ်ရေးဌာနခွဲအား ငှားရမ်းရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်နှင့်အချိန်** - ၂၃-၇-၂၀၁၃ ရက် (အင်္ဂါနေ့)(ရုံးချိန်)
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၈-၂၀၁၃ ရက် (သောကြာနေ့) ညနေ ၄ နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း (ရုံးချုပ်)
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-ဝ၆၇-၄ဝ၈၁၉၅၊ ၄ဝ၈၂၇၅၊ ၄ဝ၈၂၇၆

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ သလ္လာမြို့သစ်၊ ၂၅လမ်း၊ အမှတ်(၂၆)နေ မဝင်းဝင်းစိုးလှိုင် ၅/အတန(နိုင်)ဝဝ၃၈၈၂ သည် မိဘအားစိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့ပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးစိုးလှိုင် ၅/အတန(နိုင်)ဝဝ၃၈၇၉

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပျဉ်းမနား၌ မူလွန်ကျောင်းဆောင်သစ် လွှဲပြောင်း

ပျဉ်းမနား ဇူလိုင် ၂၂

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်း(မြို့မ)၏ ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၀ရက် နံနက်ကကျင်းပရာ ပျဉ်းမနားမြို့နယ် တာဝန်ခံဗိုလ်မှူးကြီး မြင့်အောင်သန်း၊ နေပြည်တော် ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးဦးအောင်ကျော်စိုးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးကျော်ခိုင်တို့ကဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။ ကျောင်းဆောင်သစ်မှာ အကျယ် ၂၄ပေ၊အရှည် ၄၂ပေရှိပြီးကျောင်း အကျိုးတော်ဆောင်များနှင့်ရွှေချီရပ်ကွက်နေပြည်သူများက ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

စာအုပ်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၂

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဇူလိုင် ၁၈ ရက်က အိုအေစစ်အနုပညာရေးဂျာနယ်၊ ဦးစောထင်အောင်-ဒေါ်ဇူလိုင်မိုး၊ သတင်းမီဒီယာများဖြစ်သော မိုးယဉ်ညို၊ ဆရာဒဏ္ဍာရီ၊ ဆရာဦးဖုန်းကျော်၊ ဆရာ ဦးငွေအောင်စက်မှု(၁) ဒုစက်ရုံမှူး(ငြိမ်း) တို့က သုတ၊ ရသ စာအုပ်ပေါင်းစုံ ၁၀၀နှင့် ဂျာနယ်မျိုးစုံ စောင်ရေ ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ဥတ္တရသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဦးဇော်ငွေဦးက လက်ခံယူခဲ့ကြောင်းသိရသည်။ **(၁၄၅)**

ချင်းပြည်နယ်၌ CDMA-800 MHz ဖုန်းများအသုံးပြုနိုင်ပြီ

တီးတိန် ဇူလိုင် ၂၂

ချင်းပြည်နယ် (မြောက်ပိုင်း) ဟားခါးမြို့တွင် CDMA-800 MHz မိုဘိုင်းဖုန်း ရေဒီယိုစခန်းကို ဇူလိုင် ၁၅ ရက်က ဖွင့်လှစ်ခဲ့ပြီး အဆိုပါမြို့နှင့်အနီးတွင် မိုဘိုင်းဖုန်းလိုင်းများ စတင်အသုံးပြုနိုင်မည် ဖြစ်သည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

မြန်မာတစ်နိုင်ငံလုံး တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် CDMA-800 MHz မိုဘိုင်းဖုန်းလိုင်းများ အသုံးပြုနိုင်ပြီးချင်းပြည်နယ်တွင်အသုံးပြုနိုင်ခြင်း မရှိခဲ့သောကြောင့် ၁၅၀၀ တန်ဖုန်းများတွင် CDMA-800 MHz မိုဘိုင်းဖုန်းများ ချပေးနိုင်ခြင်းမရှိဘဲ WCDMA ဖုန်းများကိုသာ ချပေးခဲ့ရသည်။ ယခုလတွင်မူ CDMA ဖုန်းရေဒီယိုစခန်း ဆောက်ပြီးပြီဖြစ်၍ ဟားခါးတွင် မဲစနစ်ဖြင့် ကတ်အရေအတွက် ၂၅၀၀ ချပေးခဲ့သည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းအင်ဂျင်နီယာမှူး ဦးအောင်ကျော်သက်က "တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ပြောရမယ်ဆိုရင် ချင်းပြည်နယ်မှာပဲ CDMA-800 MHz ဖုန်းလိုင်းတွေ အသုံးမပြုနိုင်သေးတာပါ။ အခု CDMA ရေဒီယိုစခန်း ဖွင့်လှစ်ပြီဆိုတော့ အသုံးပြုနိုင်တော့မှာပါ"ဟု ပြောသည်။ ဇူလိုင်လတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၁၅၀၀ တန် GSM ဖုန်းလိုင်းအရေအတွက်နှစ်သိန်းနှင့် CDMA-800 MHz ဖုန်းလိုင်းအရေအတွက် တစ်သိန်းခွဲအထိ ချပေးသွားမည်ဟု မိုဘိုင်းဖုန်းအင်ဂျင်နီယာချုပ် ဦးခင်မောင်ထွန်းက ပြောကြားခဲ့ကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် လိုက်ထရပ်က လမ်းလယ်ကျွန်းကျော် ဗင်ကားကိုတိုက်

မန္တလေး ဇူလိုင် ၂၂

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ကျောက်ဆည်မြို့နယ် မိုင်တိုင်အမှတ် ၃၃၁/၇ အနီးတွင် ဇူလိုင် ၁၈ ညနေ ၆ နာရီ ၁၅ မိနစ်ခန့်က လိုက်ထရပ်ယာဉ်တစ်စီးနှင့် ဗင်ယာဉ်တစ်စီးတို့တိုက်မှုဖြစ်ပွားခဲ့ရာ ဒဏ်ရာရရှိသူ အမျိုးသားနှစ်ဦးကို မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ရကြောင်း၊ အဆိုပါနှစ်ဦးစလုံးသည် စိုးရိမ်စရာမရှိကြောင်းနိဗ္ဗာန်သုခအသင်း (မန္တလေး)မှ ကယ်ဆယ်ရေး အဖွဲ့ခေါင်းဆောင် ဦးစိုးစိုးထွန်းက ပြောကြားသည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ "နေပြည်တော်မှ မန္တလေးသို့ မောင်းနှင်လာတဲ့

လိုက်ထရပ်ယာဉ်အမှတ် ၈က/--- က လမ်းလယ်ကျွန်းကို ကျော်ပြီး မန္တလေးမှ နေပြည်တော်ဘက်သို့ မောင်းနှင်လာတဲ့ ဗင်ယာဉ်အမှတ် ၄ဃ/--- ကို ဝင်တိုက်ခဲ့ပါတယ်။ လိုက်ထရပ်ယာဉ်က ဘေးတစ်ဖက်ကိုစောင်းသွားပြီး ယာဉ်ပေါ်လိုက်ပါလာသူနှစ်ဦး ဒဏ်ရာရရှိခဲ့ပါတယ်။

ဗင်ကားက ဘေးခြမ်းနဲ့ နောက်ခြမ်း ပျက်စီးမှုတွေရှိခဲ့ပြီး လိုက်ထရပ်ကားက ရှေ့ကား ခေါင်းခန်းသာမက နောက်ခြမ်းပါ ပျက်စီးခဲ့ပါတယ်"ဟု ဦးစိုးစိုးထွန်းကပြောကြားသည်။

တင်မောင်(မန္တလေး)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
တောင်ကြီးတက္ကသိုလ်

တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တောင်ကြီးတက္ကသိုလ်တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းအားဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	လုပ်ငန်းအမည်	လုပ်ငန်းတည်နေရာ
၁။	သုံးထပ်စာသင်ဆောင် သုံးလုံးဆောက်လုပ်ခြင်းလုပ်ငန်း သံကူကွန်ကရစ်(ရေ၊မီးအပါအဝင်)(၁၉၂×၃၈)ပေ	တောင်ကြီးတက္ကသိုလ်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၈-၇-၂၀၁၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၇-၈-၂၀၁၃ ရက် ၁၆:၀၀ နာရီနောက်ဆုံးထား၍တင်သွင်းရန်ဖြစ်ပါသည်။
၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့်တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။
၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
ပါမောက္ခချုပ်ရုံးခန်း၊ တောင်ကြီးတက္ကသိုလ်၊ တောင်ကြီးမြို့။
၅။ အသေးစိတ်သိရှိလိုသည့်အချက်များကို တောင်ကြီးတက္ကသိုလ် ဖုန်း-၀၈၁-၂၁၂၂၆၄၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း
ယာဉ်အမှတ် ၁၃ဃ/၃၆၆၇၂ ဟွန်ဒါဝေ့(ဗ်) 100ယာဉ်လက်ဝယ်ရှိသူ ဦးပန်းစိန် ၁၀/မလမ(နိုင်)၀၉၃၁၆၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

ဂျပန်ဈေးကွက်ဝင် အရည်အသွေး အဆင့်မြင့်
၀ဥ အမှုန့် + ၀ဥ အခြောက်
ရောင်းရန်ရှိသည်။
ဖုန်း -၀၉-၅၁၁၇၀၇၂၊ ၀၁-၂၁၅၄၅၂၊ ၀၁-၂၁၆၇၈၄

မှုခင်းသတင်းနှင့်ကြော်ငြာ

နယ်မြေဖြတ်သန်းခွင့်ပြုမိန့်မပါရှိဘဲ ကျွဲများမောင်းနှင်လာသူများ စစ်ဆေးဖမ်းဆီး

သီပေါ ဇူလိုင် ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝင်းနိုင်နှင့်အဖွဲ့ဝင်များ၊ ပန်းတိမ်တောင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသာရွှေ၊ နယ်မြေမှူး ဦးအုန်းကျော်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၂ ရက် ည ၂ နာရီခွဲက လှည့်ကင်းဆောင်ရွက်စဉ် မန္တလေး-လားရှိုး-မူဆယ် သွားပြည်ထောင်စုလမ်းမကြီး ဒုဌဝတီမြစ်ကူးတံတားအနီးတွင် လူ ၁၀ ဦးက ကျွဲအကောင် ၂၀ ကို ကျောက်မဲဘက်မှ လားရှိုးဘက်သို့မောင်းနှင်လာသည်ကို တွေ့ရသဖြင့် ရှာဖွေစစ်ဆေးသည်။

အဆိုပါ ကျွဲများကို မောင်းနှင်လာသူမှာ ကျောက်မဲမြို့နယ် နောင်အန်းကျေးရွာသားများဖြစ်ကြသော စိုင်းကျော်ထွန်း၊ အာစိန္ဒ၊ စိုင်းပညာ၊ အိုက်စော၊ အိုက်သောင်း၊ အိုက်ဝင်း၊ စိုင်းအာလောက၊ စိုင်းအိန္ဒက္က၊ စိုင်းစံအေး၊ အိုင်ပီးတို့ ၁၀ဦးဖြစ်၍ ၎င်းတို့မောင်းနှင်လာသည့် ကျွဲများမှာ နယ်ကျော် ဖြတ်သန်းသွားလာခွင့်ပြုမိန့်မရှိဘဲ တစ်ကောင်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် မိုင်လင်းကျေးရွာသားအိုက်ဝင်းကသယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်းသိရသည်။

ထို့ကြောင့် ကျွဲအကောင် ၂၀ သယ်ဆောင်လာသူ လူ ၁၀ ဦးကို သီပေါရဲစခန်းက အရေးယူ အမှုဖွင့်ထားကြောင်း သိရှိရသည်။

စိုင်း(သီပေါ)

ရေမန်းနှင့်အက်စစ် မှားယွင်းသောက်မိသဖြင့် သေဆုံး

ပြင်ဦးလွင် ဇူလိုင် ၂၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပိတ်ချင်းမြောင် တောင်ဘက်ခြောက်မိုင်ခန့်အကွာ ထုံးကုန်းကျေးရွာ၌ လူတစ်ဦးသေဆုံးနေကြောင်း ကြားသိရသဖြင့် ပိတ်ချင်းမြောင်စခန်းမှူး ရဲအုပ်စိုးစိုးနှင့် အဖွဲ့သက်သေများသည် အခင်းဖြစ်ရာသို့ သွားရောက်စစ်ဆေးရာ ဇူလိုင် ၁၅ ရက်က ဦးစိန်သန်း(၆၉နှစ်)မှာ နေအိမ်၌ အော့အန်နေသဖြင့် သမီးဖြစ်သူ မတိုးတိုးဝင်းက ပတ်ဝန်းကျင်ကို အကူအညီတောင်းခဲ့ရာ အစ်ကိုဖြစ်သူ ဦးဆန်းလွင်သည် ကျောက်တူးလုပ်ကိုင်သူများနှင့်အတူ ဦးမောင်ဆန်း၊ ဦးမြင့်ဇော်၊ ဦးမျိုးမြင့်တို့သည် ဦးစိန်သန်းအား ပြင်ဦးလွင်ဆေးရုံကြီးသို့ သွားရောက်ပို့ဆောင်ခဲ့သည်။ ဆေးရုံအရောက်၌ သတိရလာပြီး မေးမြန်းရာ ရေမန်းနှင့်အက်စစ်မှား၍ သောက်မိကြောင်း ပြောပြသည်။

ဦးစိန်သန်းသည် ဆေးရုံကြီး ဖျားနာဆောင်တွင် ဆေးကုသမှုပြုလုပ်နေရာ ဇူလိုင် ၁၅ ရက်၌ သေဆုံးသွားသဖြင့် ဆွေမျိုးများက ၎င်း၏အလောင်းကို ကျေးရွာသို့ ပြန်လည်သယ်ဆောင်လာပြီး ထုံကုန်းကျေးရွာအဝင်၌ သင်္ဂြိုဟ်ရန် စီစဉ်နေကြောင်းနှင့် ဦးစိန်သန်းသည် အသက်အရွယ်ကြီးရင့်ပြီး ကယောင်ချောက်ချားဖြစ်နေသဖြင့် ရေမန်းများ မကြာခဏ သောက်လျက်ရှိကြောင်း စုံစမ်းသိရှိရသည်။ ဇူလိုင် ၁၆ ရက်တွင် သေဆုံးသူ၏အလောင်းကို ရဲဆေးစာဖြင့် ပြင်ဦးလွင်ဆေးရုံသို့ ပို့အပ်ခဲ့ရာ လက်ခံထားရှိပြီး အလောင်းကို ရင်ခွဲစစ်ဆေးခဲ့ရာမှ အစာအိမ်ပေါက်ပြဲ၍ သေဆုံးရခြင်းနှင့် အစာအိမ်လမ်းကြောင်း ပေါက်ပြဲဒဏ်ရာများ တွေ့ရှိရကြောင်း စစ်ဆေးသိရသည်။

ဦးစိန်သန်းသေဆုံးရခြင်းမှာ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် စစ်ဆေးရန် ရဲအုပ်စိုးစိုးက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ပိတ်ချင်းမြောင်ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၀၃၂)

ဘောလုံးကွင်းထဲ ဘောလုံးကန်နေသူကို ဓားဖြင့်ခုတ်

မြန်အောင် ဇူလိုင် ၂၂

မြန်အောင်မြို့နယ်ထိန်သေးကြီးကျေးရွာ၌ ဇူလိုင် ၁၄ ရက် ညနေ ၅နာရီခွဲကဘောလုံးကွင်းထဲ ဘောလုံးကန်နေသူကို ကွင်းဘေး ထိုင်ကြည့်သူက ဓားဖြင့်ခုတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၄ ရက် ညနေ ၅ နာရီက မြန်အောင်မြို့နယ် ထိန်သေးကြီးကျေးရွာနေ အောင်ကိုလတ်(၂၅နှစ်)သည် ထိန်သေးလေးကျေးရွာ ကိုင်းကွင်း၌ သူငယ်ချင်းများနှင့်ဘောလုံးကန်နေစဉ် ဘောလုံးကွင်းဘေးတွင် ဘောလုံးပွဲထိုင်ကြည့်နေသော အောင်စိုးဝင်း(၃၈နှစ်) ထိန်သေးကြီးရွာနေသူက ယခင်ပျိုး နုတ်သည့်ကိစ္စဖြင့် မကျေနပ်သည့် ရန်ငြိုးကြောင့် အရိုး ၂၉ လက်မ၊ အသွား ၁၈ လက်မရှိသော တောရှင်းဓားကောက်ဖြင့် လှမ်းခုတ်ရာ အောင်ကိုလတ်၏ ဝဲတင်ပါးပြတ်ရှဒဏ်ရာရရှိသွားသဖြင့် ဇူလိုင် ၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် အောင်ကိုလတ်၏ တိုင်တန်းချက်အရ အင်ပင်ရဲစခန်းက အောင်စိုးဝင်းအားဖမ်းဆီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ပုသိမ်လှကြည်

လည်ပင်းကို ကတ်ကြေးဖြင့်ထောက်၍ ခြိမ်းခြောက်

လပွတ္တာ ဇူလိုင် ၂၂

လပွတ္တာမြို့နယ် အမှတ်(၁၀)ရပ်ကွက် အောင်ဇေယျလမ်း၌ ဇူလိုင် ၁၆ ရက် နံနက် ၁၁ နာရီခွဲက ဦးမျိုးလွင် (၅၂နှစ်)သည် နေအိမ်၌ ရှိနေစဉ် အိမ်နီးချင်းနေဇော်မြင့်(၃၀နှစ်)သည် အရက်သောက်စား မူးယစ်ပြီး ကတ်ကြေးကိုင်ဆောင်၍ ဦးမျိုးလွင်၏နေအိမ်ပေါ်သို့ တက်ရောက်ကာ ဦးမျိုးလွင်၏ လည်ပင်းကို ကတ်ကြေးဖြင့်ထောက်၍ ခြိမ်းခြောက်မှုများ ပြုလုပ်သဖြင့် ပတ်ဝန်းကျင်သို့ အော်ဟစ်၍အကူအညီတောင်းရာ ဇော်မြင့်မှာ နေအိမ်ပေါ်မှ ဆင်း၍ထွက်ပြေးသွားသည်။ ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီခွဲတွင် ဦးမျိုးလွင်၏ တိုင်တန်းချက်အရ လပွတ္တာရဲစခန်းမှ ဇော်မြင့်ကို ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်းသိရသည်။

(ပုသိမ်လှကြည်)

အစ်ကိုနှင့်ရန်ဖြစ်သံကြား၍ ထွက်ကြည့်မိသည့်ညီ ဓားခုတ်ခံရ

မြန်အောင် ဇူလိုင် ၂၂

မြန်အောင်မြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု ကုလားတန်းကျေးရွာ၌ ဇူလိုင် ၁၄ ရက် ည ၉ နာရီက အစ်ကိုဖြစ်သူနှင့် ရန်ဖြစ်သံကြား၍ ထွက်ကြည့်မိသူညီပါ ဓားခုတ်ခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၄ ရက် ည ၉ နာရီက မြန်အောင်မြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု ကုလားတန်းကျေးရွာနေ ကိုဟန်ထွန်း(၂၃နှစ်)သည် နေအိမ်၌ အိပ်ရာဝင်နေစဉ် ရွာလှည်းလမ်းတွင် ဆူပူရန်ဖြစ်သံကြားရပြီး အစ်ကို ကံထွန်း(၃၂နှစ်) အသံပါကြားမိသဖြင့် ရွာလှည်းလမ်းသို့ သွားရောက်ကြည့်ရှုရာ တစ်ရွာတည်းနေ ကံရွှေက ကံထွန်းကို ဓားနှင့်ခုတ်ပြီး ကံရွှေ၏ဇနီး မသန်းသန်းဆွေ(၄၂ နှစ်)နှင့် သမီး မမေသကြၤန် (၁၇နှစ်)တို့က သံတုတ်ဖြင့် ဝိုင်းရိုက်ရာမှ အစ်ကိုကံထွန်း ဒဏ်ရာများရရှိ၍ လဲကျသေဆုံးသွားသည်ကို ကံထွန်း၏ညီဖြစ်သူ ဟန်ထွန်းက မြင်တွေ့ရသဖြင့် ကံရွှေက ဓားဖြင့် လိုက်ခုတ်သည်။ ဇနီးမသန်းသန်းဆွေနှင့်သမီး မမေသကြၤန်တို့ကလည်း သံတုတ်ဖြင့် လိုက်လံရိုက်နှက်မှုကြောင့် ဟန်ထွန်း ဒဏ်ရာများ ရရှိသွားသည်။

ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်၌ ဟန်ထွန်း၏ တိုင်တန်းချက်အရ ရွှေကျင်ရဲစခန်းက မသန်းသန်းဆွေနှင့် မမေသကြၤန်တို့ကို ဖမ်းဆီးခဲ့ပြီး ကံရွှေကို ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုသိမ်လှကြည်

အမည်မှန်

ဦးဇော်ထွန်းအောင် ၈/မထန(နိုင်)၀၀၂၂၅၅၏သား မောင်အောင်မင်းသိမ်း၏အမည်မှန်မှာ မောင်အောင်မင်းသိန်း ၁၂/ရကန(နိုင်)၀၈၅၀၀၃ ဖြစ်ပါကြောင်း။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၄ / ၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-031(2013-2014)	(a) SSB/HF Transceiver (Synthesized) (25 W-100W)	(2) Nos	US$
		(b) VHF/FM Transceiver (Synthesized) (25 W)	(1) No	
		(c) VHF/FM Transceiver (Walkie-Talkie) (5 W)	(11) Nos	
(၂)	IFB-032(2013-2014)	Spares for Komatsu Dozer	(16) Items	US$
(၃)	IFB-033(2013-2014)	Spares for Kobelco Excavator	(10) Items	US$
(၄)	IFB-034(2013-2014)	Spares for Kobelco Excavator	(11) Items	US$
(၅)	IFB-035(2013-2014)	Spares for D 375 Rig Pump	(21) Items	US$
(၆)	IFB-036(2013-2014)	2 7/8" AOH Drill Pipe and Accessories (1) Lot	(3500) MTR	US$
(၇)	IFB-037(2013-2014)	13 5/8"x 3K Well Head Assy	(1) Lot	US$
(၈)	IFB-038(2013-2014)	13 5/8"x 5K Well Head Assy	(1) Lot	US$
(၉)	IFB-039(2013-2014)	4 3/4" Tri Cone Rock Bit	(10) Nos	US$
(၁၀)	IFB-040(2013-2014)	National Torque Convertor (C 245 – 125)	(3) Nos	US$
(၁၁)	DMP/L-016(2013-2014)	Nissan Engine & Gear Box (Recondition)	(1) Set	Kyat
(၁၂)	DMP/L-017(2013-2014)	2" Pitch Double Roller Chain & Offset Link	(2) Items	Kyat
(၁၃)	DMP/L-018(2013-2014)	10.00 x 20 Tyre, 11.00 x 20 Tyre, 12.00 x 20 Tyre, 7.50 x 16 Tyre , 7.00 x 16 Tyre & 20.5 x 25-24 Ply Tyre	(6) Items	Kyat
(၁၄)	DMP/L-019(2013-2014)	Rubber Cushion For CAT-3512 Engine & Mitsubishi Generator	(48) Nos	Kyat
(၁၅)	DMP/L-020(2013-2014)	Bearings, Oil Seals & O-Rings For EMSCO Drilling Rig	(1) Lot	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၉-၈-၂၀၁၃ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်သို့လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

တပည့် / ဒကာများ သိရှိရန်

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ စေတီပြင်ဆရာတော် ဦးအာစရရုံသီ- အစိုးရပါဠိ ပထမပြန်ဂုဏ်ထူးရှင် နိုင်ငံတကာသာသနာပြု-ဓမ္မကထိက အရှင်သူမြတ်သည် ဗုဒ္ဓဂယာမြေမြတ်မဟာ၌ ဝါတွင်းသုံးလ ဝါဆိုဝါကပ်ပြီး တရားဓမ္မများ ကျင့်ကြံအားထုတ်ဟောပြောပြသရန် မြန်မာ့လေကြောင်းဖြင့် ၁၉-၇-၂၀၁၃ရက်တွင် ကြွချီသွားပါကြောင်း တပည့်/ဒကာများသိရှိရန် ကြေညာပါသည်။

တပည့်/ဒကာများ ရန်ကုန်မြို့

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)တွင် တက်ရောက်ကုသလျက်ရှိသောလူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

စတင်ရောင်းချမည့်ရက် - ၂၉-၇-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၈-၈-၂၀၁၃ ရက်၊ ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၂၂၁၀၁၃၊ ၀၁-၂၂၂၈၀၄-၈၀၆၊ (လိုင်းခွဲ-၁၈၀)

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများသယ်ယူပို့ဆောင်ရေးဌာနပိုင် ရန်ကုန်မြစ်အတွင်းနစ်မြုပ်လျက်ရှိသော MT မြန်အောင်ရေယာဉ် အမြုပ်သင်္ဘောအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ဆယ်ယူခြင်းလုပ်ငန်းဆောင်ရွက်ရန် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၇-၂၀၁၃ ရက်မှ ၂၉-၈-၂၀၁၃ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်-၇(က)၊သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့)
အချိန်နှင့်နေရာ - ၁၂း၀၀နာရီ၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၂၉-၈-၂၀၁၃ရက် ၁၃း၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်

ဒလ၌သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

ဒလ ဇူလိုင် ၂၂

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှုဖြင့်သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဖြစ်လာမည့်ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို ဒလမြို့နယ်ကျန်းမာရေးဦးစီးဌာနက သက်ဆိုင်ရာဌာနများ၊ ပြည်သူများနှင့်ပူးပေါင်း၍ မေလကတည်းက ဖုန်း၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၀ ရက် နံနက်က ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက်၌ မိခင်နှင့်ကလေးကျန်းမာရေး (M.C.H) ဌာနမှ ဆရာမများနှင့်ရပ်ကွက် တာဝန်ရှိသူများ စုပေါင်း၍ ရပ်ကွက်အတွင်း ခြင်၊ ပိုးလောက်လမ်းပေါက်ဖွားခြင်းကို စစ်ဆေး၍ ကျန်းမာရေးပညာပေးကာ အဘိတ်ဆေးခပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **သန်းဌေး(ဒလ)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မိတ္ထီလာဈေးကွက်သို့ ပျဉ်းမနား၊ လယ်ဝေး ရွှေဖရုံသီးများ လှိုင်လှိုင်ဝင်

မိတ္ထီလာ ဇူလိုင် ၂၂

မိတ္ထီလာ သီးနှံဈေးကွက်သို့ ပျဉ်းမနား၊ လယ်ဝေးမြို့များအနီးတစ်ဝိုက်ဘက်မှ ရွှေဖရုံသီးများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ရွှေဖရုံသီးများကို မိတ္ထီလာဒေသခံများထံ မိသားစုဝမ်းစာအဖြစ် လက်လီလက္ကားပြန်လည်ရောင်းချရုံသာမက မလှိုင်၊ တောင်သာ၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ကူမဲ၊ မြစ်သား၊ မန္တလေးဈေးကွက်များသို့ တစ်ဆင့်ပြန်လည်တင်ပို့ရောင်းချရသည်ဟု ဖြိုးဝေဈေးတန်းတွင် ရွှေဖရုံသီးရောင်းချသူ ပွဲစားတစ်ဦးက ပြောသည်။

ရွှေဖရုံသီးများသယ်ဆောင်လာသည့် ကုန်တင်ယာဉ်များသည် နံနက် ၇ နာရီခန့်တွင် နေ့စဉ် ဖြိုးဝေဈေးတန်းအနီး တစ်ဆင့်ခံပွဲစားများထံလာရောက် ရပ်နားကုန်ချပေးရာ မလှိုင်၊ ဝမ်းတွင်း၊ သာစည်၊ တောင်သာ၊ မြင်းခြံနှင့် ရပ်ဝေးဒေသမှ သီးနှံကုန်သည်ပွဲစားများမှာ ယင်းနေရာသို့ လာရောက်ဝယ်ယူလေ့ရှိပြီး နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ရွှေဖရုံသီးများ၏ အသီးအရွယ်အစားနှင့်အရည်အသွေးပေါ်မူတည်ပြီး တစ်လုံးလျှင် ငွေကျပ် ၅၀၀ မှ ၁၀၀၀၊ ၁၂၀၀ အထိ ရောင်းချရပြီး ရွှေဖရုံသီးမှာ ရက်သတ္တပတ်တစ်ပတ်မှ ၁၀ရက်မျှအချိန်ထိသာ သိမ်းဆည်းထားနိုင်သည့် မိသားစုဝမ်းစာသီးနှံဖြစ်ကြောင်း သိရသည်။

ချမ်းသာ (ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကျေးရွာများသို့ ဆက်သွယ်သွားလာရေး အဆင်ပြေ

မော်လမြိုင်ကျွန်း ဇူလိုင် ၂၂

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ အနောက်ပိုင်း ကျေးရွာများနှင့် တောင်ပိုင်းကျေးရွာများသို့ ယခင်က မော်လမြိုင်ကျွန်းမြို့မှ ရေလမ်းခရီးတစ်ခုတည်းဖြင့်သာ ဆက်သွယ်သွားလာခဲ့ကြရသည်။

ဆက်သွယ်သွားရောက်နိုင်

နာဂစ်နောက်ပိုင်းတွင် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ခြင်းနှင့် ချောင်းကူးတံတားများ တည်ဆောက်နိုင်ခဲ့သဖြင့် မော်လမြိုင်ကျွန်းမြို့မှ အနောက်ပိုင်းကျေးရွာပေါင်း ၂၀ သို့ ထီလေးသိမ် ချောင်းကူးတံတားမှ တစ်ဆင့် ကူးသန်းသွားလာနိုင်သည့်အပြင် တောင်ပိုင်းကျေးရွာပေါင်း ၂၂ ရွာသို့လည်း မဲဇလီ ချောင်းကူးတံတားမှတစ်ဆင့် ဆက်သွယ်သွားရောက်နိုင်ကြပြီဖြစ်သည်။

ယခင်က မော်လမြိုင်ကျွန်းမြို့မှ ၁၅ မိုင်ခန့်ကွာဝေးသော မော်လမြိုင်ကျွန်းမြို့ အနောက်ပိုင်းနှင့် တောင်ပိုင်းကျေးရွာများမှ ပြည်သူများသည် မော်လမြိုင်ကျွန်းမြို့သို့ လာရောက်လိုပါက အချိန် နှစ်နာရီကြာမြင့်ခဲ့သော်လည်း ယခုအခါ ကျေးရွာချင်းဆက်လမ်းများနှင့် ဆက်သွယ်ထားပြီဖြစ်သောကြောင့် မော်လမြိုင်ကျွန်းမြို့ မြို့မ (၈) ရပ်ကွက်နှင့် မဲဇလီပုသိမ်စုကျေးရွာတို့မှ ဆိုင်ကယ်ဖြင့် သွားရောက်ကြပါလျှင် နာရီဝက်အတွင်း သွားရောက်နိုင်ကြပြီဖြစ်ကြောင်း သိရသည်။ **(ဝ၆၅)**

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝ မပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၂၂

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်းအမှတ်စဉ် ၁/၂၀၁၃ သင်တန်းဆင်းပွဲကို ဇူလိုင် ၁၈ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၃၅) ကျိုက်ဝိုင်းဘုရားလမ်း လျှပ်စစ်စစ်ဆေးရေးသင်တန်းခန်းမ၌ကျင်းပသည်။

